
MHSP
WHISPER OF WORDS
ဟိန်းလတ်
အရူးထောင်မှာ
ဆယ်ရက်တာ
TEN DAYS
in a
MAD - HOUSE
NELLIE BLY
ဒုတိယအကြိမ်

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ပုံနှိပ် မှတ်တမ်း

ထုတ်ဝေခြင်း - ဒုတိယအကြိမ် နိုဝင်ဘာလ၊ ၂၀၂၂ ခုနှစ်

စောင်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း - မောင်အံ့ (၀၉-၆၇၉၂၇၇၄၂၀)

ထုတ်ဝေသူ - သိမ့်သူစိုး (၀၁၂၈၅)

ပုံနှိပ်သူ - ဝင့်ဗိုလ်ဗိုလ်(နန်းသဇင်ပုံနှိပ်တိုက်-၀၀၄၄၁) ၀၉၂၅၀၅၁၃၆၃၆

စာစစ် - တင်မိခိုင်

စာအုပ်ချုပ် - ကိုတင်အေး Perfect (၀၉၅၁၈၀၄၈၁)

ဖြန့်ချိရေး - မဟာစာပေ၊ ဖုန်း - ၀၉၄၅၀၆၂၃၃၈၃ ၊ ၀၉၄၅၀၆၂၃၃၈၄

တန်ဖိုး - ****ကျပ်

ဟိန်းလတ်

အရှုးထောင်မှာ ဆယ်ရက်တာ ၊ ဟိန်းလတ်

ရန်ကုန်၊ မဟာစာပေ၊ ၂၀၂၂

စာ ၁၁၀၊ ၂၀.၅×၁၂.၅ စင်တီ

(၂) အရှုးထောင်မှာ ဆယ်ရက်တာ

အရူးထောင်မှာ ဆယ်ရက်တာ

ဟိန်းလတ်

Ten Days in a Mad-House

by Nellie Bly

မူရင်းစာရေးသူ

နယ်လီဘလိုင်း (Nelly Bly)

အမည်ရင်းက အဲလစ်စဘတ် ကော့ခရိန်းဆီးမင်း ဖြစ်သည်။ သူ့ကို အမေရိကန်နိုင်ငံ၊ ပင်ဆီလ်ဗေနီးယားပြည်နယ်၌ ၁၈၆၄-ခုနှစ်၊ မေလ ၅-ရက်နေ့တွင် မွေးဖွားခဲ့သည်။ ကမ္ဘာကို ၇၂ ရက်ဖြင့်ပတ်ခြင်း(Round the world in 72 days) စာအုပ်ဖြင့် နာမည်ကျော်စာရေးဆရာ ဖြစ်ခဲ့သည်။ တကယ်တော့ သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်က သတင်းစာဆရာမ အလုပ်ဖြစ်၏။ သူ အထူးကျွမ်းကျင်သည်မှာ "စူးစမ်းလေ့လာ သတင်းစာ ပညာ" (Investigative Journalism) ဖြစ်၏။ သူကိုယ်တိုင် အရူးထောင်ထဲတွင် သွားနေကာ စိတ်ရောဂါသည်များ၏ ဘဝကို လေ့လာခဲ့ပြီး "အရူးထောင်မှာ ဆယ်ရက်ကြာ"(Ten Days in a Mad house) စာအုပ်ကို ရေးခဲ့၏။ ထိုစာအုပ်များ ဖြင့် သူသည် ၁၉ ရာစုတွင် ထင်ရှားသော အမျိုးသမီး သတင်းစာဆရာ ဖြစ်ခဲ့၏။ သူကဲ့သို့ ကိုယ်တိုင်စွန့်စား လေ့လာရှာဖွေ သတင်းရေးခဲ့သူ ထိုခေတ်က အတော်ရှား၏။ အမျိုးသမီး အလုပ်သမားများဘဝကို လေ့လာ ရေးသားသော ဝတ္ထုကလည်း ထင်ရှား၏။ ထိုစာအုပ် ရေးခဲ့သည့်အတွက် အလုပ်ရှင်သူဌေး၏ တရားစွဲဆိုမှု ခံခဲ့ရ၏။ မက်ဆီကိုနိုင်ငံတွင်း နိုင်ငံခြား သတင်းထောက် သွားလုပ်ကာ "မက်ဆီကိုမှာ ခြောက်လကြာ (Six Months in Mexico) စာအုပ် ရေးခဲ့သည်။ ထိုစာအုပ်တွင် မက်ဆီကို သတင်းစာသမား တစ်ဦးကို မတရား ဖမ်းဆီးချုပ်နှောင်မှုအကြောင်း ရေးခဲ့၍ မက်ဆီကိုအစိုးရ၏ ဖမ်းဆီးရန် အခြိမ်းခြောက်ခံရပြီး ပြည်နှင်ဒဏ်ခံရ၏။ သူက မက်ဆီကိုနိုင်ငံ အာဏာရှင်အစိုးရ၏ သတင်းစာလွတ်လပ်ခွင့် ပိတ်ပင်မှုကို ကန့်ကွက်ခဲ့၏။

၁၈၉၅ တွင် အမေရိကန် သန်းကြွယ်သူဌေးကြီး "ရောဘတ် ဆီးမင်း" နှင့် အိမ်ထောင်ကျသည်။ သူ့ခင်ပွန်းက ၁၉၀၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ စက်ရုံကြီးများစွာ သူ အမွေဆက်ခံ ရရှိခဲ့၏။ ဆီထုတ်လုပ်ရေးနှင့် ပတ်သက်၍ စက်ပစ္စည်းသစ်များစွာကို သူ တီထွင်ခဲ့ရာ အချို့စက်ကိရိယာများမှာ ယခုတိုင် သုံးနေကြဆဲ ဖြစ်သည်။ ပထမကမ္ဘာစစ်ကာလတွင် သူသည် သတင်းစာ လောကသို့ ပြန်ဝင်လာကာ အမျိုးသမီးအခွင့်အရေးများ၊ လွတ်လပ်ခွင့်များ အတွက် တိုက်ပွဲဝင်ခဲ့၏။ ၁၉၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် အဆုတ် ရောဂါဖြင့် ကွယ်လွန်ခဲ့၏။

သူ၏ ထူးခြားထင်ရှားသော လုပ်ဆောင်မှုများကြောင့် ၁၉၉၈ ခုနှစ်တွင်

အမျိုးသမီးစွမ်းဆောင်ရှင် ဆုကို နိုင်ငံတော်မှ ချီးမြှင့်ခဲ့၏။

■

နိဒါန်း

ကျွန်မ၏ “ဘလက်ဝဲလ်ကျွန်း အရှူးထောင်” အတွေ့အကြုံများကို “ကမ္ဘာ့စာစောင်”တွင် ရေးခဲ့ပြီးနောက် ကျွန်မထံ စာတွေ ရာပေါင်းများစွာ လာ၏။ ကျွန်မ၏စာများကို စာစောင်တွင် အခန်းဆက်ဖော်ပြခြင်း ပြုသည့် အပြင် စာအုပ်အနေနှင့်ပါ ထုတ်ဝေရန် တိုက်တွန်းကြ၏။ ထိုသို့ စာဖတ် ပရိသတ်၏လိုအင်ကို ဖြည့်ဆည်းရန် ကျွန်မ ယခု လုံးချင်းစာအုပ် ထုတ်လိုက် ပါပြီ။

ကျွန်မ၏ အနည်းငယ်မျှသော ကြိုးပမ်းမှု၏ ရလဒ်အဖြစ် နယူး ယောက်စီးတီး အာဏာပိုင်များက ထိုအရူးထောင်ကို တစ်နှစ်လျှင် ဒေါ်လာတစ်သိန်း ပိုမိုထောက်ပံ့ရန် ခွင့်ပြုခဲ့ကြောင်း ကြားသိရပါသည်။ ကျွန်မ၏ သေးငယ်သော စွမ်းဆောင်မှုကြောင့် လောကကြီးတွင် ကံမကောင်း အကြောင်းမလှစွာ ဖြစ်တည်နေကြရရှာသော ပုဂ္ဂိုလ်အပေါင်းတို့အတွက် ပိုမိုသက်သာ အဆင်ပြေသွားမည်ကို မျှော်မှန်းကာ ပီတိဖြစ်ရပါကြောင်း။

■

အခန်း (၁)

အထိအရှမခံသော တာဝန်

စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျွန်မကို “ကမ္ဘာ့စာစောင်” မှ နေ၍ နယူးယောက်ရှိ စိတ်ရောဂါကုဆေးရုံ တစ်ခုခု သို့သွားကာ လူနာများကို ကုသစုံစမ်း ရေးသားပေးရန်အတွက် တာဝန်ယူနိုင်၊ မယူနိုင် မေး၏။ ကျွန်မကိုယ်ကျွန်မ စဉ်းစားကြည့်သည်။ ကျွန်မမှာ လုပ်ရဲကိုင်ရဲသတ္တိ ရှိ၊မရှိ။ တာဝန်က တော်တော်ကြီး၏။ ထိုဆေးရုံမှ ဆရာဝန်တွေ၊ အုပ်ချုပ်သူတွေကို အသိမပေးဘဲ ကျွန်မက စိတ်ရောဂါဝေဒနာရှင်များနှင့် အတူတူ အနီးကပ်နေထိုင်ကာ သတင်းထောက်လှမ်းရမည့်ကိစ္စ ဖြစ်၏။ စိန်ခေါ်မှုကို လက်ခံနိုင်သော ကျွန်မ၏စိတ်ဓာတ်က တာဝန်ယူမည်ဟု ခေါင်းညိတ်မိ၏။ ကျွန်မက သရုပ်ဆောင်တစ်ဦးကဲ့သို့ သူတို့ပုံစံအတိုင်း ပြောဆိုနေထိုင်ရမည် ဖြစ်သည်။ ကျွန်မ ရွေးချယ်ရမည့်ဆေးရုံက “ဘလက်ဝဲလ်ကျွန်း”ရှိ စိတ်ရောဂါ ကုဆေးရုံ (နောက်ပိုင်းတွင် အရှူးထောင်ဟုသာ ရေးပုံစံအတိုင်း သုံးပါမည်) ဖြစ်၏။ ထိုဆေးရုံတွင် ရက်သတ္တပတ် တစ်ပတ် သွားနေရမည်။ စွန့်စားနိုင် သော၊ သိလိုစိတ် ပြင်းပြသော ကျွန်မက နောင်ခါလာနောင်ခါစျေး၊ ဘာပဲ ဖြစ်ဖြစ်ဆိုကာ ဇွတ်မှိတ် တာဝန်ယူလိုက်၏။

ကျွန်မ ထိုနေရာသို့ မသွားမီ ကျွန်မကို ညွှန်ကြားချက်တွေပေး၏။

ကျွန်မတာဝန်ကို မည်သူမျှ မသိစေဘဲ လျှို့ဝှက်စွာ လုပ်ဆောင်ရမည် ဆိုသော အချက်က အဓိကအချက်ဖြစ်၏။ စိတ်ရောဂါကုဆေးရုံ နံရံထဲ ရောက်သွားပြီး နောက် ကျွန်မသည် ပြင်ပလောကနှင့် လုံးဝ အဆက်အသွယ် ဖြတ်ရမည် ဖြစ်၏။ အထဲမှာ ကျွန်မစိတ်ကြိုက် ကိုယ့်ဘာသာကိုယ် လုပ်ချင်တာလုပ် ခွင့်ရှိ၏။ အတွင်းမှာ ကိုယ်ဖြစ်သမျှဒဏ် ကိုယ်သာခံ၊ မည်သူ့ထံမှ အကူအညီ မတောင်းရန်၊ မိမိကိုယ်တိုင် စိတ်ရောဂါဝေဒနာရှင်များနှင့် အတူနေ၊ အတူစား၊ အတူသွားလာကာ စုံစမ်းစရာရှိတာတွေကို ပါးပါးနပ်နပ် စုံစမ်းရမည်ဖြစ်၏။ ကျွန်မ ကြားသိထားရသည်ကား ဦးထုပ်ဖြူဆောင်းထားသော သူနာပြုများသည် သံတိုင်များ၊ သော့ခလောက်များကဲ့သို့ပင် သူတို့၏အတွင်း ဇာတ်လမ်းများကို အပြင်သို့ မပေါက်ကြားစေရန် အစွမ်းကုန် တားဆီးထား သည်ဆိုခြင်းပင် ဖြစ်၏။

“ကျုပ်တို့က ခင်ဗျားကို အဲဒီထဲ လွှတ်တာက ပုဂ္ဂလိက ခံစားချက် တွေအတွက် မဟုတ်ဘူး၊ ဒီဆေးရုံရဲ့ ကောင်းကွက်ရော၊ ဆိုးချက်တွေကိုပါ တွေ့သမျှ ရေးချဖို့ပဲ၊ ချီးကျူးစရာရှိတာ ချီးကျူး၊ အပြစ်ပုံချစရာရှိလည်း ပုံချပေါ့ဗျာ။

အရေးကြီးတာက အမှန်တရားကို သေသေချာချာ သိဖို့ပဲ။ ကျုပ် စိုးရိမ်နေတာက ခင်ဗျားမှာ အရိုးစွဲနေတဲ့ အပြုံးတွေပဲ၊ အဲဒါတော့ ပြင်ဗျာ”ဟု အယ်ဒီတာက ညွှန်ကြား၏။

“ခုချိန်ကစပြီး ကျွန်မ မပြုံးတော့ပါဘူးရှင်”ဟု ကျွန်မလည်း ချက်ချင်းပင် သူ့ကို ကတိပေးလိုက်သည်။

ကျွန်မ ပြင်ပတွင် တွေ့ကြုံခဲ့သော အတွေ့အကြုံတွေ၊ အသိပညာတွေတော့ ဤစိတ်ရောဂါကု ဆေးရုံထဲတွင် လူနာယောင်ဆောင်နေရသည့် ကာလ အတွင်း သုံး၍မရနိုင်ဟုကား သဘောပေါက်၏။ သို့သော် ကျွန်မ အနေဖြင့် စိတ်ရောဂါကုဆေးရုံထဲမှ လူနာများ၏ဘဝကိုတော့ စူးစမ်းသိရှိလိုသည်က တော့ အမှန်။ ထာဝရဘုရားသခင်က ဖန်ဆင်းပေးခဲ့သော လူအချင်းချင်း တူပါလျက် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေရှာသူတို့အဖြစ်က တကယ်ပင် သနား စရာကောင်းလှ၏။ စိတ်ရောဂါဆေးရုံနောက်ခံ စိတ်ဝေဒနာရှင်များကို ဇာတ် ဆောင်ထား ရေးသားခဲ့သော ဝတ္ထုတော်တော်များများကို ကျွန်မ ဖတ်ဖူးသည်။ သို့သော် အများအားဖြင့်မူ ပုံကြီးချဲ့ ရေးထားတာများ၏။ တစ်နည်းပြောရလျှင် စိတ်ကူးယဉ်တာက များနေ၏။ တကယ်တော့ သူတို့လည်း စိတ်ကူးနှင့် မှန်းရေးကြရတာပဲကိုး။ သူတို့ကိုယ်တိုင် စိတ်ရောဂါရှင်လည်း မဟုတ်ကြ။

စိတ်ရောဂါရှင်တွေနှင့် အတူလည်း အတူတူ နေဖူးကြတာမှ မဟုတ်တာ။ စိတ်ရောဂါရှင်များသည်လည်း အကြောင်းကြောင်းကြောင့်သာ စိတ်ဝေဒနာ ရှင်များဖြစ်နေကြသော်လည်း သူတို့အားလုံးကား ထောင်ကဲ့သို့သော ဆေးရုံ သံတိုင်များနောက်တွင် မနေလိုကြ။ သူတို့တွင်လည်း လွတ်လပ်လိုစိတ် ရှိကြ၏။ သူတို့ကိုလွှတ်ပေးရန် အချို့က ငိုယိုကြ၊ အချို့က ဒူးထောက် ရှိခိုးဦးတင် တောင်းပန်ကြ။ ထိုအချိန်တွင် တာဝန်ရှိသူတို့ဘက်ကတော့ မည်သို့သော ခံစားမှုများရှိမလဲ။ သူတို့လည်း လူသားတွေပင်ဖြစ်၍ ညှာတာ သနားတတ်သော နှလုံးသားတော့ ရှိကြမှာ သေချာ၏။ သို့သော် တာဝန်အရ တားဆီးရမည်။ ခက်ထန်သောစိတ်ကို တမင်မွေးမြူကာ စည်းကမ်းအတိုင်း ကျင့်ကြံ လုပ်ဆောင်ကြမည်။ ဤသို့သော စိတ်ခံစားမှုမျိုးကိုလည်း ကျွန်မ လေ့လာလို၏။

“ကျွန်မ အထဲကိုဝင်သွားတာတော့ ဟုတ်ပါပြီ၊ ကျွန်မကို ပြန်ထုတ် တော့ကော ဘယ်လိုထုတ်မှာလဲ”

ကျွန်မက အယ်ဒီတာကို မေးကြည့်၏။

“ဒါတော့ ကျုပ်လည်း မသိဘူး၊ ဒါပေမဲ့ ကျုပ်တို့က တာဝန်ရှိသူတွေ ကို ပြောပြရမှာပေါ့၊ ခင်ဗျား တကယ်ပဲ စိတ်ရောဂါရှင် မဟုတ်တဲ့အကြောင်း၊ ဘာရည်ရွယ်ချက်နဲ့ အထဲကိုဝင်နေတဲ့ အကြောင်းတွေ သေသေချာချာ ရှင်းပြ ပြီး

ပြန်ထုတ်မယ်လေ”

ကျွန်မက ဆက်မမေးချင်တော့ပါ။ လောလောဆယ် ကျွန်မစိတ်နှင့် ကျွန်မပဲ အထဲကို ဝင်လိုက်မည်။ နောက်မှ ကြည့်ရှင်းဆိုသော ပုံစံမျိုးသာ ရင်မှာ ပိုက်ထားလိုက်၏။ အထဲတွင် လိုအပ်မည့်အရာမှန်သမျှ ကျွန်မဘာသာကျွန်မ စီစဉ်ရ၏။ ကျွန်မ၏နာမည်ရင်းထက် ကျွန်မ၏ကလောင်အမည်ဖြစ်သော နယ်လီဘရောင်းကိုသာ သုံးရန်ဆုံးဖြတ်လိုက်၏။ စာရေးဆရာတစ်ယောက်က ဝင်ပြီး စုံစမ်းတာဆိုလျှင် ပိုသဘာဝကျမည် မဟုတ်ပါလား။ ဒါမှ ပြန်ထွက်ရလည်း အကြောင်းပြခိုင်လုံနိုင်မည်။ တစ်ခုခက်တာက ဘယ်လိုပုံစံနှင့် အထဲကိုဝင်ရမ လဲ။ အိမ်မှာပဲသောင်းကျန်းနေလို့ ဆေးရုံကိုဖမ်းပို့တာမျိုး လုပ်ရမလား။ သို့တည်းမဟုတ် စိတ်ရောဂါကု ဆရာဝန်ကြီး နှစ်ယောက်လောက်၏ ထောက်ခံ စာနှင့်ပဲ ဝင်ရမလား။

သို့သော် အိမ်မှာသောင်းကျန်းရအောင်လည်း မိသားစုများကို စိတ်ဒုက္ခမပေးချင်။ ရိုးရိုးသားသား ဆရာဝန်ကြီးတွေကိုလည်း ကျွန်မ မရူးဘဲ ရူးသည်ဟု ထောက်ခံစာ အလိမ်အတု မတောင်းချင်။ ယခု ကျွန်မ ရွေးချယ်ထားသည့်ဆေးရုံမှာ အလက်ဝဲလ်ကျွန်းရှိ ဆေးရုံဖြစ်၏။ ထိုဆေးရုံတွင် ဆယ်နေ့ဆယ်ည နေမည်။ မိသားစုမရှိသော ဆွေမဲ့မျိုးမဲ့ အရူးမလေးတစ်ဦး အသွင်ဖြင့် နေမည်။ ထိုအချိန်အတောအတွင်း ကျွန်မက ဆေးရုံ၏ ဆက်ဆံမှု၊ ကုသမှု၊ စိတ်ရောဂါရှင်များ၏ လိုအပ်ချက်တွေကို တတ်နိုင်သမျှ စုံစမ်းမှတ်သားမည်။ အပြင်ပြန်ရောက်လျှင် အစီရင်ခံစာ ရေးမည်။ ထိုအစီရင်ခံစာကို ဖတ်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များက လိုအပ်တာတွေ သိရှိပြုပြင်နိုင်မည်ဆိုလျှင် စိတ်ရောဂါဝေဒနာရှင်များအတွက် ကျွန်မ လုပ်သင့်လုပ်ထိုက်သော ကုသိုလ် လုပ်ပြီးဖြစ်မည်ဟု ကျွန်မ ယုံကြည်၏။

ဤနေရာတွင် တစ်ခုတော့ ပြောစရာရှိပါသေးသည်။

ကျွန်မ စိတ်ရောဂါကုဆေးရုံထဲသို့ - ဝင်သွားရာတွင် စိတ်မနှံ့သူ အရူးတစ်ယောက်အနေဖြင့် ဟန်ဆောင်တုပ လုပ်ကိုင်ပြီး ဝင်မသွားပါ။ ကျွန်မ ၏ နေ့စဉ်ဘဝမှာပင် ပြောဆိုပြုမူသကဲ့သို့ ပုံစံမျိုးဖြင့်သာ ဝင်ပါမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်မ၏ ပြုမူပြောဆိုပုံများသည် ကျွန်မစိတ်ကို ကောင်းစွာ နားလည်သော စိတ်ရောဂါကု ပါရဂူကြီးမှလွဲ၍ မည်သူမှ ပုံမှန်လူဟု မထင်ကြ သောကြောင့် ဖြစ်ပါသည်။

■

အခန်း (၂)

လိုအပ်သည်များကို ပြင်ဆင်ခြင်း

ကျွန်မအတွက် လိုအပ်သည့် ညွှန်ကြားချက်များကို နားထောင်ပြီး နောက် ကျွန်မ၏အဆောင်သို့ ပြန်မည်။ ညနေရောက်လာတော့ ကျွန်မ နက်ဖြန်လုပ်ရမည့် အခန်းကဏ္ဍအတွက် လက်တွေ့လေ့ကျင့်ရသည်။ လူအုပ် စုကြားထဲတွင် ကျွန်မကို စိတ်မနှံ့သူဟု သူတို့ယုံမှတ်စေရန် တကယ်တမ်းလုပ် ရတာ အတော်ခက်၏။ ကျွန်မအနေဖြင့် စိတ်မနှံ့သူ မည်သူတစ်ဦး တစ်ယောက်နှင့်မျှ နီးနီးကပ်ကပ် မနေဖူးပါ။ ထို့ကြောင့် သူတို့၏ ပြုမူ ပြောဆိုပုံတွေကို ကျွန်မ စိတ်ကူးကြည့်၍ပင် မရပါ။ တုပလုပ်ကိုင်ဖို့ကား ဝေလာဝေး။ စိတ်မနှံ့ခြင်း၏ သွင်ပြင်လက္ခဏာ၊ ဟန်အမူအရာ၊ ပြောပုံဆို ပေါက်တွေကို စိတ်ရောဂါကုဆရာဝန်များ၊ စိတ်ပညာရှင်များကဲ့သို့လည်း ကျွန်မ နားမလည်ပါ။ သူတို့ကတော့ နည်းနည်းလေး အကဲခတ်လိုက်ရုံဖြင့် မည်သူက စိတ်ပုံမှန်မဖြစ်ဘူးဆိုတာ သိနိုင်၏။ သူတို့ရှေ့တွင် ကျွန်မကိုယ် ကျွန်မ ရူးနေသူဟု သူတို့ ယုံကြည်လာအောင် မည်သို့ပြုရမည်မှန်းလည်း ကျွန်မ မသိ။ ယခု ပြန်စဉ်းစားကြည့်လေလေ "ကမ္ဘာ့စာစောင်'မှ အယ်ဒီတာ များကို ကျွန်မ လွယ်လွယ်လေး ကတိပေးလိုက်တာ မှားလေလေဟု သဘော ပေါက်လာ၏။ ကျွန်မကိုယ်ကျွန်မ ရူးအောင် ဘယ်လိုလုပ်ရမလဲ။ မှန်ထဲတွင် ကျွန်မမျက်နှာကို သေသေချာချာ ပြန်စစ်ဆေးကြည့်၏။ စိတ်မူမမှန်သူများ၏ မျက်လုံးကိုကြည့်လျှင် လူသာမန်များနှင့်မတူ။ မျက်လုံးသူငယ်အိမ်က လည် နေတတ်သည်။ ကြောင်နေတတ်သည်။ ကျွန်မမျက်လုံးတွေက ထိုသို့မဟုတ်။ အကောင်းပကတိ။ မျက်လုံးကို အတင်းဖြဲပြီး ပြူးကြည့်၏။ ဖြဲကြည့်၏။ ကြောက်စရာရုပ်တော့ ပေါက်လာ၏။ ရူးတဲ့ရုပ်ကား မပေါက်။ သို့သော် ကျွန်မက လူတစ်မျိုး၊ ခက်တာကို ပိုလုပ်ချင်၏။ စိတ်ရောဂါကုဆေးရုံတွင် စိတ်ရောဂါရှင်တွေနှင့် အတူနေပြီး သူတို့ကို အနီးကပ် လေ့လာချင်သည်။ ထို့ကြောင့် ကျွန်မ ရူးချင်ယောင် မဖြစ်မနေ ဆောင်ရမည်။ သော့အထပ်ထပ် ခတ်ထားသော အလှောင်တိုက်အတွင်းဝယ် စိတ်မနှံ့သူများနှင့် ဆယ်ရက် လောက် အတူနေရမည့်အရေးကို ကျွန်မ ရင်ခုန်နေ၏။

ရာသီဥတုက သိပ်မအေးလှ၊ ပုံမှန်ပါပဲ။ သို့သော် ကျွန်မတစ်ကိုယ် လုံး ချွေးစေးတွေပျံနေ၏။ ကျွန်မက မှန်ရှေ့တွင် ပုံစံမျိုးစုံ လုပ်ကြည့်၏။ ရူးတဲ့ပုံမပေါက်လေလေ ချွေးပြန်လေလေ။ ဒီလိုနှင့် ဝမ်းဗိုက်က ဆာလာ၏။ အချိန်ကြည့်လိုက်တော့ အရုဏ်ပင် တက်တော့မည်။ ကျွန်မ ရေချိုး၏။ စိမ်ပြေနပြေရေချိုးရင်း ရူးဟန် ဘယ်လိုဆောင်ရမည်ကို မနားတမ်း တွေး၏။

သွားပွတ်တံ လက်မှကိုင်၏။ ပါးစပ်ဟသည်။ ထို့နောက် သွားပွတ်တံကိုပြန်ချ။ မျက်နှာကို တစ်ခါသစ်ပြီးပေမဲ့ အခါခါ ပြန်သစ်၏။ ထို့နောက် သွားမတိုက်၊ ဆပ်ပြာမတိုက်ဘဲ ရေချိုးခန်းထဲမှထွက်လာ၏။ ကျွန်မ သေသေချာချာ ကြိုတင်ရွေးထားသော အဝတ်ဟောင်းကိုဝတ်၏။ မနက်စာကို ကမန်းကတန်း ဖြစ်သလို စားလိုက်၏။ ပြီးတော့ မှန်ရှေ့သွားရပ်သည်။ ကိုယ်လုံးပေါ်မှန်ရှေ့ တွင် တစ်ကိုယ်လုံးကို စေ့စေ့ငုငု ပြန်ကြည့်၏။ ဘာပဲဖြစ်ဖြစ် ကျွန်မ တာဝန်ယူထားသောအလုပ်ကို ယနေ့ လုပ်ကိုလုပ်ရတော့မည်။ ကိုယ့်ဘာသာကိုယ်ကား အရူးပုံလုံးဝမပေါက်သည်ကို ကောင်းကောင်းသိသည်။ ကိုယ်မရူးမှန်း သေချာပေါက်သိနေခြင်းကပင် မရူးတာ သေချာနေ၏။

"ငါ ဘာဖြစ်လို့ လုပ်ချင်တာ မဖြစ်ရမှာလဲ"

ကိုယ့်ဘာသာကိုယ် အားတင်းသည့်အနေနှင့် ပါးစပ်မှ ရွတ်ဆိုလိုက်၏။ ထို့နောက် အေးဆေးတည်ငြိမ်စွာ အိမ်မှထွက်လာသည်။

ပထမဆုံး ကျွန်မနေသောအဆောင်မှ အဆောင်မှူးထံ အရင်သွား ရန် စိတ်ကူးသည်။ ပြီးလျှင် ကျွန်မ ဆယ်ရက်ကျော်လောက် အလုပ်ကိစ္စ တစ်ခုအတွက် ခရီးသွားရမည်ဖြစ်ကြောင်း သူ့ကို ခွင့်တိုင်မည်။ နောက်မှ စိတ်ပြောင်းသွားကာ ဤကိစ္စ မလုပ်ဖြစ်တော့။ လမ်းညွှန်စာအုပ်ထဲမှ 'အမျိုးသမီးများ ယာယီအဆောင်' စာရင်းကို ကြည့်၏။ အမှတ် ၈၄၊ ဒုတိယ ရိပ်သာက အဆောင်ကို သဘောကျ၏။ ထိုအဆောင်တွင် ခေတ္တနားနေရင်း "အလက်ဝဲလ်ကျွန်း" စိတ်ရောဂါကုဆေးရုံသို့ သွားရန် စီစဉ်မည်ဟု ဆုံးဖြတ် လိုက်၏။

■

အခန်း (၃)

ယာယီဘော်ဒါဆောင်တွင်

ယခုအချိန်မှစပြီး ကျွန်မသည် . စိတ်မနှံ့သော `နယ်လီဘာရောင်း’ အမည်ရှိ အမျိုးသမီးငယ်အဖြစ် သရုပ်ဆောင်ပါတော့မည်။ ကျွန်မ ဘယ်လို အရှုံးပုံပေါက်အောင် လုပ်ရမည်ကို တစ်လမ်းလုံး စဉ်းစားရင်း ဘော်ဒါဆောင် ရှိရာရပ်ကွက်သို့ ရောက်လာ၏။ ဘော်ဒါဆောင်သို့ဝင်သော လမ်းလေး အတိုင်း ဝင်လာ၏။ ထို့နောက် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်၏။ခေါင်း လောင်းသံက ကျယ်လှသည်ဖြစ်ခြင်း။ ဘုရားရှိခိုးကျောင်းမှ ထိုးလိုက်သော ခေါင်းလောင်းသံအလား ကျယ်လောင်လွန်း၏။ လူခေါ်ခေါင်းလောင်းနှင့် မီးလောင်လို့ အချက်ပေးတဲ့ ဥသြသံခေါင်းလောင်း မှားများ နှိပ်မိသလားဟုပင် ထင်လိုက်သည်။ မကြာမီ အဆောင်က တံခါးပွင့်လာ၏။ ဆယ့်သုံးနှစ်မျှ အရွယ် ဆံပင်ဝါဝါနှင့် ချာတိတ်မလေးတစ်ဦး ထွက်လာသည်။

“အဆောင်မှူးရှိပါသလား”

ကျွန်မက လေသံပျော့ပျော့လေးဖြင့် ချာတိတ်မလေးကိုမေးလိုက်၏။

“ဟုတ်ကဲ့ ရှိပါတယ်၊ ခုတော့ သူ မအားသေးဘူး၊ ဧည့်ခန်းက စောင့်ပါနော်”

ကောင်မလေးက လေသံအကျယ်ကြီးဖြင့် ပြောသည်။ သူ့မျက်နှာကတော့ မည်သည့်ခံစားမှုမှမရှိသော ဗလာမျက်နှာ။

စကားက ပြတ်၏။ ယဉ်ကျေးသိမ်မွေ့သော လေသံမရှိ။ သူ ညွှန်ပြ ရာဧည့်ခန်းကို ကြည့်လိုက်တော့ မှောင်မှောင်မည်းမည်း နေချင်စရာမရှိသော အိမ်နောက်ဖေးက အခန်းတစ်ခုကို တွေ့ရ၏။ ဒါလားဟဲ့ ဧည့်ခန်း၊ ဘာပဲဖြစ်ဖြစ် ရောက်မှတော့ မထူးဟုဆိုကာ အဆောင်မှူး အလာကိုစောင့်၏။ မိနစ် နှစ်ဆယ်လောက် ကြာတော့မှ ကျွန်မရှေ့တွင် အင်္ကျီအမည်းရောင် ဝတ်ထားသော ခပ်ပိန်ပိန် အမျိုးသမီးတစ်ယောက် ဝင်လာတာ တွေ့ရ၏။ သူက ကျွန် နမ ရှေ့တွင်ရပ်ပြီး “ဘာကိစ္စလဲ”ဟု စိတ်မပါလက်မပါ အသံဖြင့် မေး၏။

“ရှင်က အဆောင်မှူးလား”

“မဟုတ်ဘူး၊ အဆောင်မှူးက နေမကောင်းဘူး၊ ကျွန်မက သူ့ရဲ့ လက်ထောက်ပါ၊ ရှင် ဘာအတွက် လာတာလဲ”

"ကျွန်မ ဒီအဆောင်မှာ ရက်အနည်းငယ် နေချင်လို့ပါ၊ အခန်းလွတ် များ ရှိသလားလို့"

"တစ်ယောက်ခန်းတော့ မရှိဘူး၊ အခန်းတွေကလည်း ပြည့်နေပြီ၊ ဒါပေမဲ့ ရှင်က တခြားမိန်းကလေးတစ်ယောက်နဲ့ မျှနေမယ်ဆိုရင်တော့ စီစဉ်ပေးမယ်"

"ရပါတယ် နေပါမယ်၊ အခန်းငှားခက ဘယ်လောက်ပါလဲ"

မေးသာ မေးရသည်။ ကျွန်မမှာ ပါလာတာက ဆင့်ခုနစ်ဆယ်မျှသာ။ ကျွန်မ ရသင့်ရထိုက်သောပိုက်ဆံက တာဝန်ပြီးမှရမည်။

"တစ်ညကို ဆင့်သုံးဆယ်ယူတယ်"

သူ့အဖြေကိုကြားသည်နှင့် ကျွန်မက တစ်ညစာ တည်းခိုခ ရှင်းပေး လိုက်သည်။ သူက ပိုက်ဆံရတာနှင့် မည်သည့်လောကွတ် စကားမှ မပြောဘဲ လှည့်ထွက်သွား၏။

ကျွန်မက လူခေါ်ခေါင်းလောင်းသံ စီစီညံညံ အသံကို နားမခံသာ၍ အောက်ဘက် မြေအောက်ထပ်ခန်းကိုသာ ရွေးလိုက်၏။ အခန်းထဲမှာက ပရိဘောဂ ဘာမှ မည်မည်ရရ မရှိ။ ခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ အဝတ်ဗီရို တစ်လုံး ဒါပါပဲ။ မကြာခင် ညစာစားချိန် ရောက်လာ၏။ အမျိုးသမီးအချို့ ညစာသွားစားကြပုံပေါ်၏။ သို့သော် ကျွန်မကို ခေါ်မည့်သူ တစ်ယောက်မျှမရှိ။ သူတကာတွေ စားသောက်နေတာ ကြားရမြင်ရတော့ ကျွန်မလည်း ဆာ လောင်စိတ်ကို မမျိုသိပ်နိုင်တော့။ မကြာခင် လက်ထောက် အဆောင်မှူး ရောက်လာကာ ဘာမှမစားဘူးလားဟု မေး၏။ ကျွန်မက စားမယ်ဟုပြော ကာ သူ့နာမည်ကို မေးကြည့်၏။

"မစ္စစ်စတင်းနတ်"

ကျွန်မက သူ့အမည်ကို မှတ်စုစာအုပ်တွင် ချက်ချင်း ကောက်မှတ်လိုက်၏။

'မစ္စစ်စတင်းနတ်'က ကျွန်မကို အောက်ထပ်တစ်ခန်းသို့ ခေါ်သွား၏။ ကော်ဇောခင်းမထားသော လှေကားမှ ဆင်းလာရာ အမျိုးသမီးတော်တော်များ များ စားသောက်နေသည်ကို တွေ့ရ၏။ အမျိုးသမီးသုံးယောက် စားနေသော စားပွဲဝိုင်းတွင် ကျွန်မကို နေရာချပေး၏။ ကျွန်မကို တံခါးလာဖွင့်ပေးသော ချာတိတ်မလေးက ယခု စားပွဲထိုးတာဝန်ယူနေသည်ကို တွေ့ရ၏။ သူက ကျွန်မကို စူးစူးရဲရဲ ကြည့်ပြီး မေး၏။

"ဆိတ်သားပြုတ်၊ အမဲသားပြုတ်၊ ပဲသီးတောင့်၊ အာလူး၊ ကော်ဖီ၊

လက်ဖက်ရည် ဘာမှာမလဲ”

“အမဲသား၊ အာလူး၊ ကော်ဖီနဲ့ပေါင်မုန့်”ဟု ကျွန်မက ပြန်ပြောသည်။ “ပေါင်မုန့်က ကိုယ့်ဘာသာကိုယ်သွားယူ”ဟု ကောင်မလေး က ဆောင့်ဆောင့်အောင့်အောင့် ပြန်ပြောရင်း ကျွန်မအနားမှ ထွက်သွားသည်။ မီးဖိုချောင်က နောက်ဖေးခန်းမှာဖြစ်၏။ မကြာခင် သူက လင်ပန်းတစ်ခုတွင် ကျွန်မမှာတာတွေ ထည့်လာပြီး စားပွဲပေါ် ဆောင့်ကြီးအောင့်ကြီး ချသွား၏။ ကျွန်မလည်း သူချပေးတာ စားသည်။ အရသာမရှိလှ။ ထို့ကြောင့် အဆာပြေ နည်းနည်းပါးပါးစားရင်း ဘေးဘီကို အကဲခတ်၏။

စားပွဲတွေက သစ်သားစားပွဲ အဟောင်းတွေ။ စားပွဲတိုင်းတွင် စားပွဲခင်းမရှိ။ စားသောက်ပြီးသူတို့က အခန်းထောင့်မှ စားပွဲသို့သွားကာ မိမိစားသမျှ ငွေရှင်းရ၏။ ထိုစားပွဲတွင် မစ္စစ်စတင်းနတ် ထိုင်နေသည်။ ကျွန်မအတွက် ငွေရှင်းတော့ ဆင့်သုံးဆယ်ကျ၏။

ညစာစားပြီးတော့ ကျွန်မ အခန်းပြန်လာ၏။ ပြီးတော့ မှောင်မိုက်နေ သော ဧည့်ခန်းသို့သွား၏။ အခန်းထဲမှာ အတော်အေးသည်။ သက်သက် သာသာမရှိ။ စိတ်ရောဂါကုဆေးရုံမှာက ဒီထက်ဆိုးမည်ဟု ကြိုသိနေသဖြင့် သာ ခံသာနေ၏။ ဧည့်ခန်းမှ အမျိုးသမီးအချို့ ထိုင်နေကြ၏။ ကျွန်မကတော့ မိုးတိုးမတ်တတ်။

အမျိုးသမီးတစ်ဦးက စာဖတ်နေရင်းနှင့် ခေါင်းကို တဗျင်းဗျင်း ကုတ်နေ၏။ ထို့နောက် မျက်လုံးကို စာအုပ်မှမခွာဘဲ ‘ဂျော်ဂျီ’ဟု အော်ခေါ် လိုက်သည်။ ဂျော်ဂျီက သူ့သားဖြစ်ပုံရ၏။ ကောင်လေးက အငြိမ်မနေ။ စားပွဲကိုတွန်းလိုက် ဟိုဟိုဒီဒီ လမ်းလျှောက်လိုက်၊ ကြမ်းပြင်ကို ဖိနပ်နှင့် ဆောင့်ချလိုက်။ ဤမျှ ဂနာမငြိမ်သောကလေး ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး။ လှုပ်ရှားပုံကလည်း ရိုင်းပျကာ ဘေးမှလူတွေကို လူမထင်သည့်ပုံစံမျိုး။ ဒါကို သူ့မိခင်ကလည်း တစ်ခွန်းတစ်ပါဒမျှ တားဆီးဟိန်းဟောက်ခြင်းမပြု။

နောက် အမျိုးသမီးတစ်ယောက်ကတော့ ကုလားထိုင်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။ သူ၏ဟောက်သံက တစ်ခန်းလုံးကို ဖုံးလွှမ်း နေသည်။ ကိုယ့်အိပ်ခန်း ကိုယ်ပြန်မအိပ်ဘဲ ဧည့်ခန်းမှာ လာအိပ်မောကျနေ တာကြည့်ပြီး အံ့သြမိ၏။

အခြားအမျိုးသမီးတွေကတော့ ဘာမှမလုပ်ဘဲ ငုတ်တုတ် ထိုင်နေကြ ၏။ သုံးလေးယောက်သာ ဇာထိုးပန်းထိုး လုပ်နေကြ၏။ လူခေါ်ခေါင်းလောင်း သံ စီစီညံညံကလည်း မကြာခဏ ကြားနေရ၏။ ဆံပင်တိုတို ကောင်မလေး - ကလည်း မကြာခဏ တံခါးသွားဖွင့်ပေးနေရ၏။ အမျိုးသမီး သုံးလေးယောက် ကမူ သီချင်းသံပြိုင် ဆိုနေကြ၏။ စည်းဝါးက လုံးဝမကျ။ ဆိုချင်သလိုဆိုနေ ကာ

သီချင်းဆိုတာလား၊ စကားပြောတာလားပင် ခွဲမရ။ သီချင်းတွေကလည်း အဟောင်းတွေ။ လွန်ခဲ့သော နှစ်ငါးဆယ်က သီချင်းမျိုးတွေ။ ဆွေးဆွေးမြည့် မြည့်ရသတော့ ခံစားရသလိုလို။ လူခေါ်ခေါင်းလောင်း မကြာခဏ မြည်ခြင်းမှာ တစ်ညတာတည်းခိုရန် လာသူများ၏ လူခေါ်သံဖြစ်၏။ တစ်နေ့တာဈေးဝယ်၊ လုပ်ကိုင်ပြီး တစ်ညလာတည်းကြသူများ ဖြစ်ပုံရ၏။ အချို့က ကလေးတွေပါ ပါလာသည်။

ကျွန်မရှေ့တွင် 'မစ္စစ်စတင်းနတ်" ရောက်လာ၏။

"ရှင် ဘာဖြစ်နေတာလဲ၊ ဝမ်းနည်းစရာတစ်ခုခု ဒါမှမဟုတ် အခက်အခဲ တစ်ခုခု ကြုံနေလို့လား"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး၊ ဘာဖြစ်လို့ မေးတာလဲ"

ကျွန်မက သူ မေးတာကို အံ့ဩတကြီး ပြန်မေးလိုက်၏။

"ဘာဖြစ်လို့လဲဆိုတော့ ရှင့်မျက်နှာမှာ တစ်စုံတစ်ရာ ဒုက္ခအခက်အခဲ တစ်ခုခု ကြုံနေရပုံ ပေါက်လို့ပဲ"

"ဒါတော့ ဟုတ်နိုင်ပါတယ်၊ အရာရာကလည်း ဝမ်းနည်း ကြေကွဲစရာ တွေကိုး"ဟု ကျွန်မက အလိုက်အထိုက် ပြန်ဖြေလိုက်သည်။

"ဒါပေမဲ့ သောကတို့၊ အပူတို့ဆိုတာ အဖိစီးမခံနဲ့လေ၊ ဘယ်လို အခက်အခဲ အကျပ်အတည်းရှိရှိ ဒါတွေဟာ တစ်နေ့ကျရင် ပြေလည်သွားမှာ မဟုတ်လား။ အခု ဘာအလုပ် လုပ်နေသလဲ၊ ရှေ့ဆက်ပြီးလည်း ဘာလုပ်ဖို့ ရှိနေတာလဲ"

"ကျွန်မလည်း မသိတော့ဘူး၊ အားလုံးက စိတ်မကောင်းစရာချည်းပဲ" "ဒါဆို ရှင် ကလေးတွေ ပြုစုစောင့်ရှောက် ထိန်းကျောင်းတဲ့ သူနာပြု အလုပ် လုပ်မလား၊ ဦးထုပ်ဖြူလေးဆောင်း၊ ယူနီဖောင်းလေး သပ်သပ်ရပ်ရပ် နဲ့လေ"

ကျွန်မက တစ်ချက် ပြုံးမိသည်ကို ဖုံးကွယ်ရန် လက်ကိုင်ပဝါဖြင့် မျက်နှာကိုအုပ်လိုက်၏။ ပြီးမှ တုန်တုန်ယင်ယင် အသံဖြင့်-

"ကျွန်မ ဒါမျိုးအလုပ်မှ တစ်ခါမှမလုပ်ဖူးတာ"ဟု ပြန်ဖြေလိုက်၏။ "ဒါတော့ သင်ရင်ရပါတယ်၊ ဒီကအမျိုးသမီးတွေ အားလုံးလိုလို လုပ်ကြတာ ဒီအလုပ်ပဲ"

"သူတို့က သူနာပြုတွေတဲ့လား" ကျွန်မက ထိတ်လန့်တကြား တီးတိုးပြန်မေးမိ၏။

"သူနာပြုတွေဆိုပြီး ကျွန်မကို ဘာဖြစ်လို့ သူတို့က ကြောက်လန့် သလို

ကြည့်နေကြတာလဲ၊ ကျွန်မပုံစံက အရူးပုံပေါက်နေသလား မသိဘူး၊ ကျွန်မလည်း သူတို့ကို ကြောက်တာပဲ”

“သူတို့ရဲ့ မျက်နှာနေမျက်နှာထားက သိပ်မကောင်းလှတာ အမှန်ပဲ၊ ဒါပေမဲ့ သူတို့က လူကောင်းတွေပါ၊ ရိုးဖြောင့်တဲ့ အလုပ်သမားတွေပါပဲ၊ အရူးဆိုရင်တော့ ကျွန်မက ဒီမှာ ဘယ်ထားမလဲ”

ကျွန်မက လက်ကိုင်ပဝါအုပ်ပြီး ထပ်ပြုံးမိပါသေးသည်။ နောက်နေ့မနက်ဆိုရင် သူက အရူးတစ်ယောက်ကို လက်ခံမိပြီးသား ဖြစ်မည်ကို ကြိုတွေးမိ၍ ဖြစ်၏။

“သူတို့ကြည့်ရတာ စိတ်မနှံ့တဲ့သူတွေလိုပဲ၊ ကျွန်မ သူတို့ကို ကြောက်တယ်၊ သူတို့ ဘာဆက်လုပ်ကြမယ်ဆိုတာ မှန်းလို့မရဘူး၊ အခုဒီမြို့ မှာ လူသတ်မှုတွေ များနေတယ်၊ ရဲကလည်း လူသတ်တရားခံ တစ်ယောက် ကိုမှ မမိသေးဘူး”

ကျွန်မက အနည်းငယ် ရှိုက်သံပါသောလေသံဖြင့် သူ့ကို ဆက်တိုက် ပြောနေ၏။ သူက ကျွန်မကို ကြက်သေသေ ကြည့်နေ၏။ ပြီးမှ…

“ကျွန်မ ပြန်လာမယ်နော်၊ ရှင်နဲ့ ပြောစရာတွေရှိသေးတယ်”ဟု ပြောကာ သူ ထွက်သွား၏။

ကျွန်မကတော့ သိလိုက်သည်။ သူ ဘယ်တော့မှ ပြန်လာတော့မည်မဟုတ်။

ညလယ်စာစားသော ခေါင်းလောင်းသံကြား၍ ကျွန်မလည်း အခြားသူတို့နှင့်အတူ မြေတိုက်ခန်းသို့ ဆင်းခဲ့၏။ ညလယ်စာကလည်း ညစာတုန်းကလိုပဲ ထူးမခြားနား။ တစ်ခုကွာတာက ဈေးနည်းနည်း သက်သာတာရယ်၊ လူပိုများတာရယ်ပဲ ဖြစ်၏။ တစ်နေကုန် အလုပ်သွားလုပ်ကြသူများ ယခုမှ ပြန်ရောက်ကာ စားသောက်နေကြပုံပေါ်၏။ စားသောက်ပြီးကြတော့ ဧည့်ခန်းသို့ သွားကြ၏။ အချို့ကထိုင်၊ အချို့က မိုးတိုးမတ်တတ်။ ဧည့်ခန်း မှာ ထိုင်စရာခုံက မလုံလောက်။

တော်တော်အထီးကျန်ဆန်ပြီး သွေ့ခြောက်သော အခြေအနေဖြစ်၏။ ရေနံဆီမီးခွက်၏ အလင်းရောင်မှိန်မှိန်က ဖျော့တော့စွာ ဖြာကျနေ၏။ ထို့ကြောင့် အားလုံးကို အရိပ်တွေလိုပဲ ဝိုးတဝါး မြင်ရ၏။ မြင်မြင်ရသမျှတွေက လေးလေးတွဲတွဲ၊ အုံ့အုံ့မှိုင်းမှိုင်းတွေ။ လူတွေက လေးလေးလံလံ၊ ပျင်းပျင်းတွဲ တွဲကြီးတွေ ပုံစံရှိသကဲ့သို့ စိတ်တွေကတော့ ကိုယ်နှင့်ကပ်ပုံ မရကြ။

လူအုပ်ထဲမှ အမျိုးသမီးနှစ်ဦးကို ကျွန်မ လေ့လာအကဲခတ်နေမိ၏။ အားလုံးထဲတွင် ပေါင်းလို့သင်းလို့ရမည့် ပုံစံမျိုးပေါက်တာ သူတို့နှစ်ဦးသာရှိ၏။

သူတို့နှင့် သွားမိတ်ဆွေဖွဲ့ စကားပြောရကောင်းမလား စိတ်ကူးမိ၏။ ကျွန်မက အထီးကျန်ဆန်လွန်းလို့ သေချင်စိတ်တောင် ပေါက်နေပြီ။ ကျွန်မ သူတို့ထံ သွားကာ ကျွန်မလည်း လာမယ်နော်ဟု ပြောလိုက်၏။ သူတို့က သဘောတူ ဟန် ခေါင်းညိတ်ပြ၏။ သူတို့ပြောနေသည့် အကြောင်းအရာက စိတ်ဝင်စား စရာမကောင်းလှ။ ကျွန်မလည်း "ဟုတ်ကဲ့" "ဟင့်အင်း"နှင့် "မသိဘူးလေ" ဆိုသော စကားမျိုးကလွဲ၍ ဝင်ရောစ၍မရ။ ကျွန်မ ထပ်တလဲလဲ ပြောမိသည် ကား ဤအိမ်မှ လူများစုသည် စိတ်မူမှန်ပုံ မပေါ်ကြောင်းသာဖြစ်၏။ သို့သော် သူတို့က ဒါကို ထောက်ခံလိုပုံမပေါ်။ တစ်ယောက်က သူ့အမည် 'မစ္စစ်ကနိုး' ဖြစ်ပြီး တောင်အရပ်ဒေသမှလာကြောင်း ပြော၏။ ကျွန်မက "ဟုတ်ကဲ့"ဟု သာ ထောက်ခံမိ၏။ နောက်တစ်ယောက်ကတော့ 'ဘော်စတွန်မှ သင်္ဘော များ" အကြောင်းပြောနေ၏။ ထို့နောက် သင်္ဘောထွက်ချိန် သိသလားဟု ကျွန်မ ကိုမေး၏။

ထိုအချိန်တွင် ကျွန်မက ကျွန်မကိုယ်ကျွန်မ ရူးနေဟန်ဆောင် သည်ကိုမေ့ကာ သင်္ဘောထွက်ချိန် အတိအကျကို လွှတ်ခနဲ ပြောမိ၏။ ထိုအခါကျမှ သူက ကျွန်မကို အရင် ဘာအလုပ် လုပ်ဖူးသလဲ၊ အခုဘာလုပ်ဖို့ ရည်ရွယ်ထားသလဲ မေးသည်။ ကျွန်မက ဤကမ္ဘာပေါ်မှာ အလုပ်လုပ်သူ သိပ်များတာကို စိတ်ပျက်ကြောင်း ပြန်ပြော၏။ သူက နယူးယောဂ ထွက်လာသည်မှာ သူ ကံဆိုးကြောင်း၊ ဆေးပညာအဘိဓာန်ကို စာမူကြမ်် ဖတ်ပြီး ပရုဖ်ပြင်ရသည့်အလုပ် လုပ်မိကြောင်း၊ ယခု ကျန်းမာရေးချို့တဲ့လာ၍ အလုပ် ဆက်မလုပ်တော့ဘဲ ဘော်စတွန်သို့ ပြန်တော့မည်ဖြစ်ကြောင်း ပြော ၏။ ထိုစဉ် အိမ်ဖော်မလေးတစ်ဦး ရောက်လာကာ အိပ်ချိန်ကျပြီမို့ အိပ်ရာဝင် ကြရန် လာပြော၏။ ကျွန်မက ထိုအိမ်ဖော်မကလေးကို ဤအိမ်မှလူတွေက ရူးနေကြ၍ ကျွန်မကြောက်ကြောင်း ပြောဖြစ်အောင် ပြောလိုက်သော်လည်း သူကတော့ ကျွန်မကို အိပ်ရာဝင်ရန်သာ ဆက်တိုက်တွန်း၏။ ကျွန်မက လှေကားထစ်ပေါ်မှာ မထိုင်နိုင်ကြောင်း ပြောတော့ သူက "ဟင့်အင်း ဒီ တစ်အိမ်လုံးက လူတွေက ရှင့်ကို ရူးနေတယ်လို့ ထင်နေကြတာ"ဟု ပြောပြီး ကျွန်မ ကို အိပ်ခန်းထဲ အတင်းပို့၏။

ဤနေရာတွင် ကျွန်မ လူတစ်ဦးနှင့် မိတ်ဆက်ပေးရပါဦးမည်။ စာမူကြမ်းပရုဖ်ဖတ်သူ၊ ဘော်စတွန်မြို့ကို ပြန်မည်ဆိုသူဖြစ်၏။ သူ့အမည်က "မစ္စစ်ကိန်း ဖြစ်သည်။ သူက ရဲရင့်သကဲ့သို့ စိတ်ထားနှလုံးသားကောင်းသူ လည်းဖြစ်၏။ သူက ကျွန်မအခန်းသို့လာကာ ထိုင်ပြီး အကြာကြီး စကားပြော ၏။ သူက ကျွန်မကို အဝတ်အစားလဲကာ အိပ်ရာဝင်ဖို့ ဖျောင်းဖျ၏။သို့သော် ကျွန်မကတော့ ခေါင်းမာစွာပင် ငြင်းခဲ့၏။ ထိုအချိန်တွင် အိမ်မှာနေသူ တော်တော်များများ ကျွန်မတို့အနားသို့ ဝိုင်းလာကြ၏။ သူတို့က မျိုးစုံ မှတ်ချက်ချကြ၏။

“သနားစရာလေးကွယ်၊ စိတ်ဖောက်ပြန်နေတာ”

“ငါတော့ ဒီလို အရူးတစ်ယောက်နဲ့ တစ်အိမ်တည်း မနေရဲပေါင်တော်”

“ဒီည မိုးမလင်းမီ သူက ငါတို့ကို သတ်သွားနိုင်တယ်”

အမျိုးသမီးတစ်ဦးကမူ ရဲကိုအကြောင်းကြားပြီး ကျွန်မကို ရဲလက်အပ်ရန်အထိပင် ပြောသည်။ သူတို့အားလုံး ကျွန်မကို ကြည့်ပြီး တုန်လှုပ်ချောက်ချားနေကြ၏။

မည်သူမျှ ကျွန်မကို တာဝန်ခံပေးသူမရှိ။ ကျွန်မနှင့်အခန်းဖော် အဖြစ်လည်း မည်သူမျှ မနေရဲ။

“ငွေတွေ အပိုလိုက် စုပေးတောင် ဒီမိန်းမနဲ့ဆို မနေရဲပါဘူးရှင်”ဟု နှုတ်မှပင် ထုတ်ဖော်ပြောကြ၏။ နောက်ဆုံး ‘မစ္စစ်ကိန်း’တစ်ဦးသာ ကျွန်မနှင့် လာနေပေးမည်ဟု ဆို၏။ ကျွန်မကလည်း ‘မစ္စစ်ကိန်း’ တစ်ဦးကိုသာ လက်ခံမည်ဟုပြော၏။ သို့နှင့် သူသာ အခန်းထဲကျန်ခဲ့၏။ သူကလည်း ခါးဝတ်ခါးစားမလဲဘဲ ခုတင်ပေါ်တွင်လှဲရင်း ကျွန်မ၏လှုပ်ရှားမှုများကို ကြည့်နေ၏။ သူက ကျွန်မကိုလည်း ခုတင်ပေါ်တွင် လဲလျောင်းရန် ပြော၏။ သို့သော် ကျွန်မက သူ့စကား နားမထောင်။ ကျွန်မကိုယ်ကျွန်မကား သိသည်။ ဒီအချိန် လှဲချလိုက်လျှင် ခေါင်းအုံးနှင့်ခေါင်း ထိတာနှင့် တစ်ခါတည်း အိပ်ပျော် သွားမည်မုချ။ သို့သော် ကျွန်မအကြံနှင့်ကျွန်မ မအိပ်ဘဲ တင်းခံနေ၏။ ကျွန်မက ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်ကာ မျက်လုံးက လေဟာနယ်ကို စိုက်ကြည့်နေ၏။ ကျွန်မအခန်းဖော်ခမျာ အိပ်ပင်မအိပ်ရဲဘဲ ကျွန်မလှုပ်ရှားမှု ကိုသာ သူက မျက်ခြည်မပြတ် လိုက်ကြည့်နေရှာသည်။ သူက ခေတ္တလှဲလိုက်၊ အိပ်ပျော်မည်ကြံလျှင် ထပြီး ကျွန်မကိုကြည့်လိုက်နှင့် သူလည်း ဗျာများနေ၏။

“ရှင့်ရဲ့မျက်လုံးတွေက အရမ်းအရမ်းကို တောက်ပနေတယ် သိလား၊ ဒါနဲ့ ရှင်အရင်က ဘယ်မှာနေခဲ့သလဲ၊ နယူးယောက် ရောက်တာတော့ကြာပြီ ပေါ့၊ ဘာလုပ်ကိုင်စားသောက်သလဲ”

သူ့မေးခွန်းတွေက တသီတတန်းကြီး။ သူ ဘာမေးမေး ကျွန်မကတော့ မသိဘူးဆိုကာ ဘူးတစ်လုံးဆောင် ဖြေ၏။ ဘာမှ မမှတ်မိတော့ဘူး ဟုလည်း ပြော၏။

“ကျွန်မ ခေါင်းတွေ သိပ်ကိုက်လာပြီး၊ နောက်ပိုင်း ကျွန်မ ဘာမှ သတိမရတော့ဘူး”ဟု ပြန်ဖြေလိုက်သည်။

ကျွန်မကို သူက သနားစရာသတ္တဝါဟူ၍ ကရုဏာမျက်လုံးဖြင့် ကြည့်နေ၏။

တစ်နာရီလောက် ကြာသောအခါ တစ်ဖက်ခန်းမှ အမျိုးသမီး တစ်ဦး စူးစူးဝါးဝါး အော်သံကို ကြားလိုက်ရ၏။ ကျွန်မကိုယ်တိုင် ဒါ အရူး ထောင် ရောက်နေပြီလားဟုပင် ထင်မိ၏။

'မစ္စစ်ကိန်း'လည်း ခေါင်းပင်ချမရ။ သူလည်း ကြောက်လွန်းလို့ တစ်ကိုယ်လုံး တုန်ယင်နေ၏။ သူက အသံလာရာကို နားစွင့်နေ၏။ ထို့နောက် ဟိုဘက်ခန်းသို့ ထွက်သွားကာ အခန်းဖော်အမျိုးသမီးကို အကျိုးအကြောင်း မေးနေသံ ကြားရ၏။ သူပြန်လာတော့ ဟိုဘက်ခန်းမှ အမျိုးသမီးသည် အိပ်မက်ဆိုးများမက်ကာ ယောင်ယမ်းထအော်ခြင်း ဖြစ်သည်ဟု ပြော၏။

"သူက ရှင့်ကို စိတ်စွဲနေတယ်၊ အိပ်မက်ထဲမှာ ရှင်က ဓားကြီးကိုင်ပြီး သူ့ကို လိုက်သတ်တယ်တဲ့၊ လွတ်အောင်ပြေးရင်း ကြောက်လန့်တကြား အော်လိုက်ပြီး အိပ်မက်က နိုးလာတာလို့ ပြောတယ်"

ထိုသို့ 'မစ္စစ်ကိန်း'က ပြောကာ ခုတင်ပေါ်တွင် ငုတ်တုတ် ဆက်ထိုင် နေ၏။ သူ့ကြည့်ရသည်မှာ အိပ်ငိုက်နေပုံရ၏။ မျက်လုံးတွေတောင် စင်းနေပြီ။ သို့သော် ကျွန်မကိုကြောက်၍ သူ မအိပ်ရဲ။

ကျွန်မလည်း အိပ်ချင်လွန်းတာ တစ်ပိုင်းကို သေတော့မည်။ မျက်လုံး ကို မနည်းကြီး ဖွင့်ထားရ၏။ ဒီတစ်ညလုံး ကျွန်မ မအိပ်ဘဲ နေပြရမည်။ ဒါမှ နက်ဖြန်မနက်တွင် ကျွန်မကို သူတို့ စိတ်ရောဂါကု ဆေးရုံသို့ပို့ကြမည်။ တစ်အိမ်လုံး ငြိမ်သက်နေ၏။ ညသန်းခေါင် ကျော်လာပြီ။ မိနစ်မှ နာရီ တဖြည်းဖြည်း ကူးပြောင်းလာ၏။

ကျွန်မက အိပ်ငိုက်မည်စိုး၍ ကျွန်မ၏ဘဝကို ပြန်သုံးသပ်ကြည့်၏။ ကျွန်မ ယခု တာဝန်ယူထားသော အလုပ်သည် တော်ရုံတန်ရုံ ပုံမှန်စိတ်ရှိသူတွေ လုပ်ရဲမည်မဟုတ်။ ကျွန်မက မိမိသိလိုစိတ်၊ စပ်စုစိတ်၏ စေစားရာအဖြစ် ဤအလုပ်ကို လက်ခံခြင်း ဖြစ်၏။ မှားများ မှားနေပြီလား၊ ယခုအချိန်က ဆုတ်သာတက်သာ ရှိသေး၏။ ကျွန်မ မလုပ်တော့ပါဟု နောက်နေ့နံနက်တွင် "ကမ္ဘာ" သတင်းစာ အယ်ဒီတာကို သွားပြောရုံပဲ။ နက်ဖြန်မနက်ကျမှ ထိုသို့မပြောဖြစ်လျှင် တာဝန်ကိုပြီးဆုံးအောင် လုပ်ကိုလုပ်ရမည်။ ပြန်စဉ်းစား ကြည့်တော့လည်း ဤတာဝန်ကို မည်သူကမှ အတင်းအကျပ် မလုပ်မဖြစ် လုပ်ရမည်ဟု တာဝန်ပေးခြင်းမဟုတ်။ ကျွန်မကိုယ်တိုင်က စွန့်စားကြည့်ချင်တာ။ ခုတော့ မှားများမှားနေပြီလား ပြန်သုံးသပ်မိ၏။ စိတ်ကို ချက်ချင်း ပြန်တင်းလိုက်သည်။ ကတိပေးပြီးမှ ပြီးဆုံးအောင်လုပ်မည်။

ကျွန်မ အတိတ်ကို ပြန်မစဉ်းစားတော့။ ပစ္စုပ္ပန်က ယခု၊ တကယ် ရင်ဆိုင်ရမှာက အနာဂတ်။ နက်ဖြန်အတွက် မည်သို့မည်ပုံ သရုပ်ဆောင်ရ

မည်ကိုသာ စိတ်ကူးရတော့မည်။ ကျွန်မ စိတ်ရောဂါကု ဆေးရုံကို ယခုပုံစံအတိုင်းဆိုလျှင်ကား ရောက်ဖို့သေချာနေပြီ။ အဝင်လွယ်သလောက် အထွက်ကား လွယ်ပါ့မလား။ ထိုစိုးရိမ်စိတ် ဖျတ်ခနဲ ဝင်လာတာကို ပြန်ဖျောက်လိုက်၏။

ဤတစ်ညကား ရှည်လျားလှ၏။ ကုန်လွန်ရန် ကြာပါဘိ။ မကြာခင် ပြတင်းပေါက်မှတစ်ဆင့် ရောင်နီလေး သန်းလာသည်ကို တွေ့ရ၏။ တစ်အိမ်လုံးကား အိပ်မောကျနေဆဲ။ ကျွန်မဘေးမှ အဖော်ပင်လျှင် ဟန်မဆောင် နိုင်တော့ဘဲ ယခု တရှူးရှူးတရှားရှားနှင့် ဟောက်သံပေး အိပ်မောကျသွား ရှာပြီ။ နံနက်လင်းရန် နောက်ထပ် တစ်နာရီ နှစ်နာရီလောက်သာ စောင့်ရ တော့မှာမို့ ပျော်သွား၏။

“ရောဘတ်ဘရုစ်’သည် ထောင်နန်းစံနေစဉ် နံရံပေါ် တွယ်တက် လိုက်၊ ပြုတ်ကျလိုက်၊ ပြန်တွယ်တက်လိုက် ဖြစ်နေသော ပင့်ကူလေးကိုကြည့်၍ စိတ်အားတက်လာကာ ပြန်လည်တိုက်ပွဲဝင်ခြင်းဖြင့် အောင်ပွဲရသော သာဓကရှိခဲ့၏။ ထိုသို့သော ဖွဲ့သတ္တိမျိုးကို ကျွန်မ ပူးကပ်ယူရမည်။

“ရောဘတ်ဘရုစ်”က ပင့်ကူကိုကြည့်ပြီး စိတ်အားတက် လာသကဲ့ သို့ ကျွန်မကလည်း အခန်းထဲတွင် အစာရှာနေသော ပိုးဟပ်တစ်ကောင်ကို လိုက်ကြည့်နေမိ၏။ ပိုးဟပ်က တစ်နေရာရာတွင် အနံ့ခံပြီး အစာရှိမည်ထင် ကာ သွားလိုက်၊ အစာမရှိလျှင် အခြားတစ်နေရာ သွားလိုက်နှင့် သူ့ဝမ်းစာကို သူ ချာချာလည် ရှာဖွေနေ၏။ နောက်ဆုံးတွင် အခန်းထောင့်၌ ကျကျန်ရစ် သော ပေါင်မုန့်အပိုင်းအစလေးကို တွေ့သွားကာ ဝမ်းသာအားရ စားနေသည်။

မကြာခင် ကျွန်မအခန်းဖော် နိုးလာ၏။ ကမန်းကတန်း လူးလဲထ ကာ ကျွန်မကိုကြည့်၏။ ကျွန်မ တစ်ညလုံး မအိပ်တာကို သူ အံ့သြနေပုံရ၏။ ကျွန်မကို သူ ကြည့်ပြီး သနားနေပုံရ၏။ ကျွန်မနားသို့ ကပ်လာကာ ကျောကို သပ်၊ ဆံပင်ကိုသပ်ကာ နှစ်သိမ့်နေ၏။ ပါးစပ်မှလည်း ဘုရားစာလိုလို၊ ဆုတောင်းစာလိုလို တတွတ်တွတ် ရွတ်နေ၏။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် စိတ်ဖောက်ပြန်နေရှာသူလေး ဤဝဋ်ကြွေး ဤဘဝတွင်သာ ကုန်ပါစေဟူ သော အဓိပ္ပာယ်ရသည့် ဆုတောင်းများကို နားထောင်ရင်း ကျွန်မပင် ရယ်ချင် ပက်ကျိ ဖြစ်မိလာ၏။ ထို့ကြောင့် စိတ်ကို မနည်းထိန်းကာ ငူငူငိုင်ငိုင်ကြီး နေပစ်လိုက်၏။ ထို့နောက် ကျွန်မကို လက်ဆွဲကာ ထမင်းစားခန်းသို့ ခေါ်သွား၏။ ကော်ဖီတစ်ခွက်နှင့် ဘန်းပေါင်မုန့် တစ်လုံး ယူကျွေးသည်။ ကျွန်မက စားသောက်ပြီးတော့ အခန်းထဲ ပြန်သွားကာ ငုတ်တုတ်ကြီးထိုင်ကာ နံရံကို ငေးမောကြည့်ရှုနေလိုက်၏။

“ရှင့်မိတ်ဆွေတွေ၊ ဆွေမျိုးတွေ ဘယ်မှာလဲ” သူက လှမ်းမေး၏။ “မရှိဘူး၊ မသိဘူး”

“ဪ... ကျွတ်... ကျွတ်... ကျွတ်”ဟု သူက စုတ်သပ်လိုက်၏။ ကျွန်မ စိတ်မမှန်ဘူးဆိုတာ သူ သိလောက်ပြီဟု ကျွန်မ ထင်၏။

ကျွန်မ သူ့ကို လိမ်လည်လှည့်စားသလို လုပ်မိ၍ကား စိတ် မကောင်း။ ဤအဆောင်တစ်ဆောင်လုံးက အမျိုးသမီးတွေက ကျွန်မကို စိတ်ဖောက်ပြန်သူဆိုကာ မပေါင်းသင်းချင်ကြ။ အချို့က ကြောက်၏။ အချို့က ရွံ့ရှာ၏။ အချို့က အရူးဆိုပြီး စချင်နောက်ချင်ကြ၏။ “မစ္စကိန်း”ကား ဤသို့ မဟုတ်။ ကျွန်မကို သူ့ညီမရင်းသဖွယ် ဆက်ဆံ၏။ နားလည်မှု၊ ကြင်နာမှုတွေ ပေး၏။ ယခုလည်း သူက ကျွန်မဆံပင်ကို တယုတယ ဖြီးသင်ပေးနေသည်မှာ မိခင်တစ်ဦးက မကျန်းမာသော သူ့ရင်သွေးကို ပြုစုနေပုံမျိုးဖြစ်၏။ သူ၏ လှုပ်ရှားမှုတိုင်းတွင် မေတ္တာကရုဏာ အငွေ့အသက်တွေကို ထင်းနေသည်။ ထို့နောက် သူက စောင်ကိုယူကာ ကျွန်မကိုယ်ပေါ်တွင် လွှမ်းပေး၏။ နံနက်ခင်းမို့ နည်းနည်း အေးစိမ့်စိမ့်ရှိနေတာ သူ သိသည်။ ပြီးတော့ ကျွန်မ နဖူးကို သူက ဖွဖွလေး နမ်းသည်။

“သနားစရာ ကလေးရယ်”ဟုလည်း ရေရွတ်၏။

ကျွန်မ ကြည်နူးလွန်း၍ မျက်ရည်မကျမိရန် မနည်းထိန်းထားရ၏။ ကျွန်မ သူ့နားကပ်ပြီး ပြောလိုက်ချင်သည်။

“အစ်မကြီး ကျွန်မ တကယ်ရူးနေတာ မဟုတ်ဘူးနော်”

■

အခန်း (၄)

တရားသူကြီးနှင့် ရဲများ

တိုတိုပြောရလျှင် ကျွန်မ ရှူးချင်ယောင် ဆက်ဆောင်နေသည်မှာ လက်ထောက်အဆောင်မှူး ‘မစ္စစ်စတင်းနတ်’ ဝင်လာသည်အထိ ဖြစ်၏။ သူက ကျွန်မကို စိတ်အေးအေးထားဟု ပြောသည်။ ဖြစ်နိုင်လျှင် သူက ကျွန်မကို ယခုပင် ချက်ချင်း အဆောင်မှ ထွက်သွားစေလိုပုံရ၏။ သို့သော် ကျွန်မက မသွားဟုငြင်း၏။

“ကျွန်မမှာ အဝတ်အစားသေတ္တာတစ်လုံး ပါတယ်၊ အဲဒါ အခု ပျောက်နေတယ်၊ ရှာပေး၊ ဒီသေတ္တာရမှ ကျွန်မပြန်မယ်”

တကယ်တော့ ကျွန်မမှာ ဘာသေတ္တာမှ ပါမလာ၊ ဒါကိုလည်း တစ်ဆောင်လုံးက သိ၏။ ကျွန်မကို ‘ဥစ္စာရူး” ပုံထင်အောင် ဆက်ဟန်ဆောင် နေတာပဲ ဖြစ်သည်။ တစ်စုံတစ်ယောက်က ရဲကိုခေါ်ရန် အကြံပေးသည်ကို ကျွန်မ ကြား၏။ မကြာခင် ‘မစ္စစ်စတင်းနတ်” ထွက်သွားသည်။ ကျွန်မ ကတော့ အရူးထောင်ရောက်ဖို့ နီးလာပြီဟု ကျိတ်ဝမ်းသာနေ၏။ မကြာခင် ရဲသားနှစ်ဦး ရောက်လာ၏။ သူတို့နှစ်ဦးလုံး ဗလကောင်းကောင်း တုတ်တုတ် ခိုင်ခိုင်ကြီးတွေ။ အခန်းထဲမှာ ကြမ်းရမ်းနေသော အရူးတော့ ငါတို့နဲ့တွေ့မယ် ဆိုသော ပုံစံမျိုး။ ရဲသားနှစ်ဦးအနက် တစ်ဦးအမည်က “တွမ်ဘော့ကတ်’။

သူတို့ ဝင်လာသည်ကို ကျွန်မက မမြင်ချင်ယောင်ဆောင်နေ၏။ မစ္စစ်စတင်းနတ် က “သူ့ကိုခေါ်သွားကြပါရှင်”ဟု ပြောသည်။ “အသာတကြည် မလိုက်ရင် တရွတ်တိုက် ဆွဲထုတ်ပြမယ်” ဟု ရဲသားတစ်ဦးက ပြန်ပြော၏။

ကျွန်မက သူတို့ကို ရှိဟန်မတူသော ပုံစံပြပြီးနေ၏။ မကြာခင် ‘မစ္စစ်ကိန်း” အခန်းထဲဝင်လာ၍ ကံကောင်းသွားသည်။

“သူက ဥစ္စာရူးလေးပါ၊ ယဉ်ယဉ်လေးနဲ့ ရူးနေတာပါ၊ သူ့ရဲ့အဝတ် သေတ္တာတွေ ပျောက်တယ်လို့ပဲ တစာစာ ပြောနေရှာသူပါ၊ သူ့ကို ဖြည်းဖြည်း သက်သာ ကိုင်တွယ်ကြပါရှင်”ဟု သူက ရဲများကို တောင်းပန်၏။ မကြာခင် သူတို့အကြံတစ်ခု ရသွားဟန်တူ၏။

“ကဲ… ကောင်မလေး၊ ငါတို့နဲ့လိုက်ခဲ့၊ မင်းရဲ့ပျောက်နေတဲ့ အဝတ် သေတ္တာတွေရှိတဲ့ နေရာကို ငါတို့ကိုပြပေး၊ ငါတို့ ပြန်ယူပေးမယ်”

“ကျွန်မတစ်ယောက်တည်းတော့ မသွားရဲဘူးရှင်၊ ရှင်တို့ ပါ အဖော် လိုက်ပေးမလား”

ကျွန်မက သူတို့ကို ပြောကြည့်၏။

“ကျွန်မ အဖော်လိုက်ပေးမယ်၊ ရှင်တို့ ရဲနှစ်ယောက်က မလှမ်းမ ကမ်းက လိုက်ခဲ့ကြ”ဟု “မစ္စစ်စတင်းနတ်’က ရဲများကို ညွှန်ကြား၏။ သို့နှင့် ကျွန်မတို့အိမ်မှ ထွက်လာကြ၏။ ရဲနှစ်ဦး ခပ်လှမ်းလှမ်းမှ လိုက်ပါသည်ကို ကျွန်မတွေ့၏။ အဆောက်အအုံ တစ်ခုရှေ့ရောက်တော့ “မစ္စစ်စတင်းနတ်”က ကျွန်မကိုပြောသည်။

“ဒါက ပစ္စည်းပျောက်တွေ သိမ်းထားတဲ့ရုံးပဲ၊ မင်းပစ္စည်းလည်း အဲဒီထဲမှာ ရှိလိမ့်မယ်”

ကျွန်မလည်း အိမ်ထဲသို့ မဝံ့မရဲ ပုံစံဖြင့် ဝင်သွား၏။

ဤရက်မတိုင်မီ ရက်အနည်းငယ်က ကျွန်မသည် “ကူးပါးသမဂ္ဂ’ တွင်ကျင်းပသော အစည်းအဝေးတစ်ခု၌ “ကက်ပတိန်မက်ကားလား” နှင့် ကျွန်မ ဆုံဖူးသည်။ အကယ်၍ သူက ကျွန်မကို မှတ်မိသွားလျှင်… သူ မှတ်မိသွားလျှင် ကျွန်မ စိတ်ရောဂါကုဆေးရုံကို သွားရမည့်ကိစ္စ အဆင်မပြေ တော့။ ကျွန်မကို နေ့ချင်းညချင်း ရူးသွားသူဟု သူ ထင်မည်မဟုတ်။ ထို့ကြောင့် ကျွန်မ ဆံပင်ကို ခေါင်းပေါ်ပြန်သိမ်းကာ ဦးထုပ်ရှည်ကို ဆွဲချ ဆောင်းလိုက်၏။ အတွင်းခန်းထဲရောက်တော့ တကယ်ပင် “ကက်ပတိန်မက် ကားလား” ရှိနေ၏။ ထိုရုံးမှ အရာရှိတစ်ဦးက “မစ္စစ်စတင်းနတ်”ကို သူသိချင် တာတွေ မေးနေစဉ် ကက်ပတိန် မက်ကားလား’က ကျွန်မကို သေသေ ချာချာစူးစိုက် ကြည့်ရှုနေ၏။ ထို့နောက် သူက “မစ္စစ်စတင်းနတ်’နှင့် ကျွန်မကို ခေါ်လာသော ရဲနှစ်ဦးကို မေး၏။

ရဲတစ်ဦးက ကျွန်မကို စမေးသည်။

“နင့်နာမည်က နယ်လီဘရောင်း လား”

“ဟုတ်တယ် ထင်တာပဲ”

“ဒါဆို နင် ဘယ်ကလာတာလဲ”

“မသိဘူးလေ”

“မစ္စစ်စတင်းနတ်’က အဆောင်တွင် ကျွန်မ နေပုံထိုင်ပုံ အသေး စိတ်ကို ရဲအား ပြောပြနေ၏။ ရဲတို့ကလည်း အဆောင်မှ ထွက်ဆိုချက်များ အတိုင်း ဆက်မေး၏။

'မစ္စစ်စတင်းနတ်'ကမူ သူ သိသမျှတွေကို သာသာထိုးထိုးနှင့် ရဲကို ပြောပြနေ၏။ ကျွန်မ တစ်ညလုံး မအိပ်ပုံ၊ ပြောပုံဆိုပုံ မူမမှန်ပုံများကို သာသာထိုးထိုး ရဲများကို ပြောပြနေ၏။

"လူဆိုးလူမိုက် လူယုတ်မာတချို့က သူ့ပစ္စည်းတွေ လိမ်လည် လုယူ ထွက်ပြေးသွားဟန် တူပါတယ်၊ ဒါကြောင့် သူလည်း ဥစ္စာစွဲပြီး ဥစ္စာရူး ဖြစ်နေရှာတာပါ"

ထိုအချိန်တွင် တရားသူကြီး "တွမ်ဘော့ကက်'က ကျွန်မကို သူ၏တရားခွင်သို့ ခေါ်လာခဲ့ရန် ပြောလိုက်၏။

"ကဲ... ဒီကိုလာ၊ ကျုပ် မင်းရဲ့အဝတ်သေတ္တာကို ပြန်ရအောင် ရှာ ပေးမယ်"

ကျွန်မတို့အားလုံး အတူတူသွားကြ၏။ "မစ္စစ်စတင်းနတ်" 'တွမ် ဘော့ကကန်နှင့် ကျွန်မ။ သူတို့ ကျွန်မနှင့်အတူ လိုက်လာကြတော့ အတော် ဝမ်းသာ၏။ သူတို့ကို ကျွန်မ မမေ့နိုင်ပါ။ လမ်းမှာ တွေ့သမျှ လူတွေက ကျွန်မပုံစံကိုကြည့်ပြီး တီးတိုးပြောသွားကြ၏။

"ဒီလူတွေကို ကျွန်မ တစ်ခါမှ မမြင်ဖူးပါဘူး၊ သူတို့က ဘယ်သူတွေလဲ"

ကျွန်မ ကမေးတော့ သူတို့က ဘာမှ ပြန်မပြောဘဲ ပြုံးပြီးသာနေကြ ၏။ တွေ့သမျှ လူတွေကတော့ ကျွန်မကို သနားသည့်ပုံစံမျိုးနှင့် ကြည့်နေကြ၏။ ကျွန်မကို တခြားကမ္ဘာမှလာသူ၊ လူထူးလူဆန်းပမာ ကွက်ကြည့်ကွက် ကြည့် လုပ်သွားကြ၏။ ကျွန်မမြင်နေရသော သူများမှာ အလုပ်သမားတွေဖြစ် ကြောင်း 'မစ္စစ်စတင်းနတ်" က ကျွန်မကိုပြော၏။

"ကမ္ဘာမှာ အလုပ်တွေက သိပ်လုပ်စရာတွေ ရှိနေလို့ ခုလို လူတွေ အများကြီး အလုပ်လုပ်နေကြတာလား"ဟု ကျွန်မက မှတ်ချက်ချတော့ ရဲသားကြီး 'ပီကီဘော့ကတ်က ခေါင်းကို တွင်တွင်ခါကာ ကျွန်မတော့ဖြင့် သွက်သွက်ခါအောင် ရူးရှာလေပြီဟု ကရုဏာသက်နေဟန် တူ၏။ ကျွန်မရှေ့ တွင် ရဲသားများစွာ ဖြတ်သွားသည်ကို တွေ့ရ၏။ သူတို့က ရဲအစောင့် အရှောက်နဲ့လာနေသော ကျွန်မကို ကြည့်ကာ ဘာဖြစ်လာပါလိမ့်ဟု ထင်နေ ကြပုံ ပေါ်၏။ ကျွန်မနောက်မှာက အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ကလေးတွေကလည်း တသီကြီး လိုက်လာနေကြ၏။ သူတို့က ကျွန်မကို ကြည့်ပြီး မခံသာအောင် အမျိုးစုံ စနောက်နေကြ၏။ ကျွန်မကတော့ သူတို့ ဘာပြောပြော နားမလည်ဟန် လုပ်နေ၏။

"သူက ဘာဖြစ်လာတာလဲ"

"ပုလိပ်ကြီး၊ သူ့ကိုအရူးမို့ ဖမ်းလာတာပါ"

"သူ့ကိုဖမ်းပြီး ဘယ်ခေါ်သွားကြမလို့လဲ"

"အရှုးမကို အရှုးထောင်သာ မြန်မြန်ပို့လိုက်ကြပါ"

မစ္စစ်စတင်းနတ်က တုန်တုန်ယင်ယင်နှင့် ပြောနေရှာ၏။ ကျွန်မကို မြင်သူတကာက စိတ်ဝင်စားလေ သူက ပိုကြောက်ပြလေ။ ကျွန်မကတော့ ဟန်သာလုပ်နေရသည်။ တရားသူကြီးရှေ့ ရောက်လျှင် ဘာဖြစ်ဦးမလဲဆိုတာ ရင်တထိတ်ထိတ်နှင့် စိုးရွံ့နေဆဲ။

နောက်ဆုံးတွင် ကျွန်မတို့ တိုက်ခပ်ပုပုလေးရှေ့ ရောက်၏။ တွမ်ဘော့ကက်က ကျွန်မကို သတင်းပေးသည်။

"ဟောဒီဟာ ပစ္စည်းပျောက်ရုံးပဲ၊ အဲဒီမှာ မင်းပစ္စည်းပျောက်ကို ငါတို့ရှာပေးမယ်"

အဆောက်အုံရှေ့တွင်ကား လူအုပ်ကြီး ဝိုင်းအုံနေ၏။ သူတို့လည်း သူတို့အပူနှင့် သူတို့ရှိကြမည်။ သူတို့၏လင်သား မောင်ဘွား တစ်စုံတစ်ဦး အမှုဖြစ်၍ တရားရင်ဆိုင်ရန် လာကြခြင်း ဖြစ်ဟန်တူ၏။ ကျွန်မနှုတ်ကတော့-

"အင်း ကျွန်မလို ပစ္စည်းပျောက်လာရှာတဲ့ လူတွေကလည်း မနည်းမနောပဲနော်"ဟု ရေရွတ်လိုက်၏။

"ဟုတ်တယ်၊ မင်းလိုပဲ အဝတ်သေတ္တာပျောက်တဲ့သူတွေ အများ ကြီးကွဲ့"ဟု ရဲကြီးက ပြန်ဖြေ၏။

"သူတို့ကြည့်ရတာ နိုင်ငံခြားသားတွေနဲ့တူတယ်၊ ဒီလို ရုပ်မျိုးတွေ ကျွန်မ မမြင်ဖူးဘူး"

"ဟုတ်တယ်၊ အခုမှ လေယာဉ်ဆိုက်ပြီး ရောက်လာတဲ့ နိုင်ငံခြား သားတွေပဲ၊ သူတို့အားလုံးလည်း အဝတ်သေတ္တာတွေ ပျောက်ကုန်ကြတယ်၊ ဒါကြောင့် ဒီမှာလာပြီး ရှာနေကြတာကွဲ့"

ကျွန်မတို့ တရားရုံးထဲ ဝင်ကြ၏။ အက်စ်ဆက်မားကက်ရဲ့ တရားရုံး ဖြစ်သည်။ ဤတရားရုံးက ကျွန်မကို စိတ်နှံ့သည် မနှံ့သည် အဆုံးအဖြတ် ပေးမည် ဖြစ်၏။ ခုံအမြင့်ကြီးနောက်တွင် တရားသူကြီးဒတ်ဖီက ထိုင်နေ၏။ သူဝတ်ထားသောဝတ်စုံက လူအားလုံး အားလုံးအတွက် တရားမျှတမှု နှိုးရည်ကို လက်ကားနှင့်ပေးဝေမည့်ပုံစံမျိုး။ ကျွန်မက သူ၏ကြင်နာမှုမျက်လုံးကို ကြောက်နေမိ၏။ သူက ကျွန်မကို ကြင်နာသနားကာ အရူးထောင်မပို့ဘဲ အိမ်မှာပဲ နားနားနေနေနေပါဟု အမိန့်ချမှာ စိုးနေ၏။ ထိုအချိန်တွင် မစ္စစ်စတင်းနတ်က

တရားသူကြီးရှေ့သွားကာ အကျိုးအကြောင်း လျှောက် ထားနေ၏။ တွမ်ဘော့ကက်ကလည်း လိုတာတွေ လှမ်း လှမ်း ထောက်ပေး နေ၏။

ရုံးတော်မှ အရာရှိတစ်ဦးက ကျွန်မကို စမေး၏။

"ကဲ ရှေ့ကိုလာ သူငယ်မ၊ သူငယ်မနာမည်က ဘာလဲ"

"ကျွန်မက နယ်လီဘရောင်းပါ၊ ကျွန်မရဲ့အဝတ်သေတ္တာ ပျောက်သွား လို့ ရှင်တို့ဝိုင်းကူပြီး ရှာပေးကြမလားဟင်"

ကျွန်မက ဘာမှမသိသလို ပုံစံမျိုးနှင့် ပြောချင်တာတွေ ပြောချလိုက်၏။

"သူငယ်မ ဘယ်တုန်းက နယူးယောက်ကို ရောက်လာတာလဲ"

"ကျွန်မ နယူးယောက်ကို လာတာမှမဟုတ်တာ၊ ဘယ်ကိုမှ သွားတာ လာတာ မရှိဘူး"

"ဒါပေမဲ့ အခု သူငယ်မက နယူးယောက်ကို ရောက်နေတယ်လေ"

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ ကျွန်မက နယူးရောက်ကို ဘာကိစ္စနဲ့ လာရမှာလဲ"

အရူးတစ်ယောက်လို ပုံစံမျိုးနှင့် ကျွန်မက စွတ်ငြင်းနေ၏။

"သူငယ်မလေးက ပြည်နယ်အနောက်ပိုင်းက လာတာဖြစ်မယ်၊ သူက အနောက်ဒေသကလူတွေ ပြောသလို စကားသံက ဝဲတယ်"ဟု သူက မှတ်ချက်ချ၍ ကျွန်မပင် ကတုန်ကယင် ဖြစ်သွား၏။

ထိုစဉ် ရုံးတော်တွင်ရှိနေသော သူတစ်ဦးက ကျွန်မ၏ ပြောပုံဆို ပေါက်သည့် တောင်ဘက်အရပ်ဒေသမှဟု ဝင်ပြော၏။ ထိုအခါ အခြားအရာ ရှိတစ်ဦးက တောင်ဘက်လေသံမဟုတ်ဘူး၊ အရှေ့ဘက်လေသံဟု ဝင်ငြင်း ၏။ သူတို့ တစ်ယောက်တစ်ပေါက် ပြောနေသည်ကို ကြားရင်းက ကျွန်မ လည်း သက်ပြင်းချမိ၏။

"တရားသူကြီးမင်းခင်ဗျာ၊ အခုရုံးတော်ရှေ့ ရောက်နေတဲ့ သူငယ်မက သူ့ကိုယ်သူလည်း ဘယ်သူမှန်းမသိ၊ သူ ဘယ်ရောက်လို့ ရောက်မှန်းလည်း မသိ ဖြစ်နေတဲ့သူပါ၊ သူ့ကို ဘယ်လိုလုပ်ရမယ်ဆိုတာ တရားသူကြီးမင်း အဆုံးအဖြတ် ပေးတော်မူပါ"

ကျွန်မက ပိုပြီး မျက်လုံးပြူးမျက်ဆံပြူး လုပ်ပြ၏။ နဘေးနဘီမှလူတွေ ကို

ခပ်ရိုင်းရိုင်းပင် စူးစူးရဲရဲ လိုက်ကြည့်၏။ ရုံးထဲရောက်နေသူ အားလုံးလိုလို၏ မျက်နှာမှာ ညှိုးငယ်နေကြ၏။ ဆံပင်မဖြီးမသင်၊ အဝတ်အစား မသပ်မရပ်နှင့် ပူပုံပန်းပုံစံမျိုးတွေချည်း။ အများအားဖြင့် ဘဝကိုရုန်းကန်ရင်း မတရားခံခဲ့ရသူတွေက မျှော်လင့်ချက်ကင်းမဲ့ရင်း နောက်ဆုံး ရုံးရောက်ဂါတ်ရောက် ဖြစ်လာကြသူတွေ။ တရားသူကြီးတို့၊ ရှေ့နေတို့ကတော့ အဝတ်အစား သပ်သပ်ရပ် ရပ်၊ လူပုံပန်း ခံ့ခံ့ထည်ထည်နှင့် တစ်စုံတစ်ရာ အဆင်ပြေနေကြပုံ ပေါ်၏။

“ကဲ သူငယ်မ ကျုပ်ရှေ့ကို လာခဲ့၊ မင်းခေါင်းမှာ ဆောင်းထားတဲ့ ပဝါလေးကို လှပ်လိုက်”

တရားသူကြီးဒပ်ဗီက နောက်ဆုံးတွင် ကျွန်မကိုခေါ်၏။ “ကျွန်မကို အခုစကားပြောတဲ့သူက ဘယ်သူလဲ”

ကျွန်မက ဘာမှမသိသည့်ပုံစံမျိုးနှင့် သူ့မျက်နှာ စေ့စေ့ကြည့်ကာ မေးလိုက်၏။

“ရှေ့ကိုသာလာခဲ့ပါ ကလေးမရယ်၊ ကလေးမ အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးကို သိတယ်မဟုတ်လား၊ သူ အခု ရုံးတော်ကို ရောက်လာရင် သူငယ်မမျက်နှာကို ဖုံးထားတဲ့ပဝါကို လှစ်ကြည့်မှာပဲ”

“ဒါဆိုလည်း ကောင်းတာပေါ့ရှင်၊ အေးလေ ကျွန်မက အင်္ဂလန်ပြည့် ရှင်ဘုရင်မကြီးတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ကျွန်မမျက်နှာကို ဖုံးထားတဲ့ပဝါတော့ လှန်ပြပါ့မယ်”

ကျွန်မက ပြောပြောဆိုဆို မျက်နှာဖုံးပဝါကို ဖယ်ချပြလိုက်၏။

“ကဲ ကလေးမ ပြော၊ ဘာဖြစ်ချင်နေတာလဲ”

“ဘာမှမဖြစ်ချင်ပါဘူး၊ ကျွန်မရဲ့ အဝတ်သေတ္တာ ပျောက်သွားတာ၊ အဲဒီပုလိပ်ကြီးက ပြန်ယူပေးမယ်ဆိုပြီး ဒီကိုခေါ်လာလို့ ကျွန်မ ဒီရောက်လာတာပဲ”ဟု ပြောပြောဆိုဆို ကျွန်မကို ခေါ်လာသော ရဲကြီးကို လက်ညှိုးထိုးပြလိုက်၏။

“ဒီသူငယ်မလေးနဲ့ ပတ်သက်လို့ ခင်ဗျားသိတာ ပြောပါဦး”ဟု တရားသူကြီးက ကျွန်မဘေးတွင် ကတုန်ကယင် မတ်တတ်ရပ်နေသော မစ္စစ်စတင်းနတ်ကို မေးလိုက်၏။

“ကျွန်မ သူ့အကြောင်း ဘာမှမသိပါဘူး တရားသူကြီးမင်းရှင့်၊ သူက ကျွန်မတို့ဂေဟာကို မနေ့ကရောက်လာပြီး တစ်ည လာတည်းခိုချင်တယ်ဆို လို့

လက်ခံထားတာပါ”

“ဂေဟာ ဟုတ်စ၊ ဘာဂေဟာမျိုးလဲ”

တရားသူကြီးဒပ်ဗီက ချက်ချင်း ကောက်ကာငင်ကာ မေး၏။

“ဂေဟာက အမှတ် ၈၄၊ ဒုတိယရိပ်သာလမ်းမှာ ရှိပါတယ်၊ အလုပ် သမား အမျိုးသမီးတွေကို ခေတ္တတည်းခိုခွင့် ရတဲ့နေရာပါ”

“မင်းရဲ့ရာထူးက အဲဒီမှာဘာလဲ”

“ကျွန်မက လက်ထောက်အဆောင်မှူးပါ”

“အင်း ဒါဆိုရင် ဖြစ်ပျက်သမျှအကုန် သိသမျှပြောပြစမ်း”

“ကျွန်မ မနေ့က ဂေဟာကိုသွားတုန်း ဒီသူငယ်မလေးက ရိပ်သာလမ်း တစ်လျှောက် လျှောက်လာတာ ကျွန်မတွေ့ပါတယ်၊ သူက တစ်ယောက် တည်းပါ၊ ကျွန်မ ဂေဟာထဲဝင်ပြီး ဘာမှမကြာခင် လူခေါ်ခေါင်းလောင်းသံ ကြားရပါတယ်၊ ဖွင့်ပေးတော့ သူဖြစ်နေတယ်၊ သူ့ကို ဘာကိစ္စလဲလို့ မေးတဲ့ အခါ တစ်ညတည်းပါရစေတဲ့၊ ဒါကြောင့် ကျွန်မ လက်ခံလိုက်တာ၊ မကြာခင် သူက ကျွန်မကို လာပြောတယ်၊ ဂေဟာထဲက လူတွေအားလုံးက အရူးတွေ တဲ့၊ သူက အဲဒီအရူးတွေကို ကြောက်တယ်တဲ့၊ ဒါနဲ့ သူ တစ်ညလုံး မအိပ် ဘဲ ငုတ်တုတ်ထိုင်နေတယ်”

“သူ့မှာ ပိုက်ဆံရှောပါရဲ့လား”

“ကျွန်မမှာ ပိုက်ဆံပါတာပေါ့၊ ကျွန်မ သူတို့ဆီကနေ ပိုက်ဆံပေးစားတာ၊ ပိုက်ဆံပေးစားရပေမဲ့ လောကမှာ အညံ့ဆုံး အစားအစာတွေပဲ စားရ တာပါ”

သူ့အလှည့်မစောင့်ဘဲ ကျွန်မက ဝင်ပြော၏။

တရားသူကြီးက ပြုံး၏။ ဘေးမှလည်း အသံတချို့ ထွက်လာ၏။ “သူက သိပ်မရူးဘူးဟ၊ အစားအစာမကောင်းမှန်းတော့ သိတာပဲ”

“သနားစရာ ကလေးမလေးပါ၊ သူဝတ်တာစားတာကလည်း အထက်တန်းကျတယ်၊ သူ့ရဲ့အင်္ဂလိပ်လို ပြောဟန်ဆိုဟန်ကလည်း ကောင်းတယ်၊ သူ့ရုပ်သူ့ရည်နဲ့ဆို ယောကျ်ားကောင်းတစ်ယောက် ခေါင်းခေါက်ယူရင် ရနိုင်ပါတယ်”ဟု တရားသူကြီး ဒပ်ဗီက ပြော၏။

ဤစကားကြားရတော့ ရုံးထဲရှိလူတွေက ဝိုင်းရယ်ကြ၏။ ကျွန်မက

မျက်နှာကို လက်ကိုင်ပဝါနှင့် အုပ်ပြီး ကျိတ်ရယ်လိုက်၏။

"ဟုတ်တယ် သူ့ပုံစံက သနားကမားနဲ့ လင်ကောင်းသားကောင်း ရနိုင်တယ်၊ တစ်စုံတစ်ယောက်ကတော့ သူ့ကိုရှာနေမယ်ဆိုတာ ကျုပ် သေချာပေါက် ပြောရဲတယ်၊ သူ့ကို ကျုပ် တော်တော် သနားတယ်၊သေသွား တဲ့ ကျုပ်ညီမလေးနဲ့လည်း တူတယ်"

တရားသူကြီး မှတ်ချက်ပေါ်မူတည်ပြီး ရုံးတော်ကအရာရှိများ ကလည်း ကျွန်မကို ကြင်နာသောမျက်လုံးများဖြင့် ကြည့်နေ၏။ ကျွန်မက သူတို့ကို ပြုံးတူးကြောင်တောင် ပြန်ကြည့်တော့မှ သူတို့ မျက်လွှာပြန်ချသွား ကြ၏။

"သတင်းထောက်တွေ ဒီမှာရှိရင် ကောင်းမယ်နော်၊ ဒါမှ သူ့ အကြောင်း နည်းနည်းပါးပါး စုံစမ်းကြည့်ကြရမယ်"

သူ့စကားကြားရတော့ ကျွန်မခေါင်းပေါ်တည့်တည့် မိုးကြိုးပစ်လိုက် သလို ထိတ်လန့်သွား၏။ သူပြောသလို သတင်းထောက်သာ ရှိလျှင်ကား ကျွန်မအကြောင်းလည်း ပေါ်သွားနိုင်သည် မဟုတ်လား။ သတင်းထောက် လာမည့်အစား ဆရာဝန်ဖြစ်ဖြစ်၊ စုံထောက်ဖြစ်ဖြစ် လာကြစမ်းပါစေ။ သူတို့ကို ကျွန်မ ကောင်းကောင်းကြီး အရူးလုပ်ပြနိုင်သည်။ သတင်းထောက် လာလျှင် ကား ကျွန်မ၏နဂိုရုပ် လုံးဝပေါ်သွားမှာ သေချာသည်။

"ကဲ ဘယ့်နှယ် စကားတွေချည်း လျှောက်ပြောနေကြတာလဲ၊ နောက်ပြီး ကျွန်မကို ဝိုင်းကြည့်နေကြတာလည်း ဆက်သည်းမခံနိုင်တော့ဘူး၊ ကျွန်မ ပျောက်သွားတဲ့သေတ္တာ ပြန်ရမလား၊ မရဘူးလားသိချင်တယ်၊ မရဘူးဆိုလည်း ဒီမှာ ဆက်မနေနိုင်တော့ဘူး၊ ပြန်တော့မယ်"

ကျွန်မက စိတ်မရှည်သလို ပုံစံမျိုးနှင့် ပုန်ကန်ပြ၏။

ကျွန်မက မျက်နှာပေါ်ဖုံးထားသော ပဝါကို ပြန်ချလိုက်၏။

ကျွန်မ အရူးထောင်မှ မထွက်မချင်း ဘယ်သတင်းထောက်နှင့်မှ မတွေ့ပါရစေနဲ့ဟုလည်း ကျိတ်ဆုတောင်းနေမိ၏။

"ဒီကောင်မလေး သနားစရာနော်၊ ကျုပ် ဘာဆက်လုပ်ရမှန်း မသိတော့ဘူး၊ သူ့ကို ဒီအတိုင်း လွှတ်လိုက်လို့တော့ မဖြစ်ဘူး"

တရားသူကြီးက ညည်း၏။

"သူ့ကို ကျွန်းက အရူးထောင်ပဲ ပို့လိုက်ရင် ကောင်းမှာပါ"

အရာရှိတစ်ဦးက အကြံပေး၏။

"ဒါတော့ မလုပ်ပါနဲ့ရှင်၊ သူ့ကြည့်ရတာ ဂုဏ်သရေရှိ အတန်းအစား ထဲကပါ၊ သူ့ကို အရူးထောင်ပို့လိုက်ရင် စိတ်ညစ်ပြီး သူ့ကိုယ်သူ သတ်သေ သွားမှာ စိုးရတယ်"

မစ္စစ်စတင်းနတ်က ထိတ်လန့်တကြား ဝင်ကန့်ကွက်၏။

ကျွန်မကတော့ ဒီမိန်းမနှယ် သဘောကောင်းလွန်းလှခြင်းဟု စိတ်ထဲ က အပြစ်တင်နေမိ၏။ ကျွန်မသွားချင်တာက ဤကျွန်းမှ အရူးထောင်။ သူ လုပ်လို့ ပျက်သွားရင်တော့ အစီအစဉ်တွေ အကုန် ရေစုန်မျောပြီ။

"သူ့ကို တစ်ယောက်ယောက်က ဒီမြို့ကို ခေါ်လာတာတော့ သေချာ တယ်၊ သူ့နောက်ကြောင်းကို စုံစမ်းရမယ်၊ သူ့ကို ဆေးစစ်ကြည့်ရမယ်၊ ဆေးပဲစွဲပြီး စိတ်မူမမှန် ဖြစ်နေတာလားမသိဘူး၊ သူ့ကိုစစ်ဆေးပြီးမှ သူ့နောက် ကြောင်းကို မေးလို့ရမယ်၊ သတင်းထောက်တွေလာရင် ကောင်းမယ်ကွာ"

တရားသူကြီးက ပြောတော့ ကျွန်မ ပိုကြောက်သွားသည်။ ဒီမှာ ကြာကြာဆက်နေလျှင်ကား သတင်းထောက်တွေ အနေးနှင့်အမြန် ဆိုသလို ရောက်လာကြတော့မည်။ ထို့ကြောင့် ကျွန်မ လုပ်စရာရှိတာ မြန်မြန်လုပ်ရ တော့၏။ တရားသူကြီး ဒပ်ဗီက ကျွန်မနား ကပ်လာကာ "မင်း ကျူးဘားက လာတာ မဟုတ်လား" ဟု မေး၏။

"ဟုတ်တာပေါ့၊ အဲဒါ ရှင် ဘယ်နှယ့်လုပ်သိလဲ"

ကျွန်မက သူ့ကို ပြုံးပြပြီး ပြန်မေး၏။

"ကျုပ်က တရားသူကြီးဆိုတော့ သိတာပေါ့ကွယ်၊ ဒါနဲ့ သူငယ်မက ကျူးဘား ဘယ်အပိုင်းကလဲ"

"ကျူးဘား တစ်နေရာပေါ့"

ကျွန်မက ပြန်ဖြေ၏။

"အင်း ဟုတ်ပြီ လယ်တော့ တစ်နေရာဖြစ်မယ်၊ မင်း ဟာဗီနား ကိုသိလား"

"သိတယ်၊ ကျွန်မတို့အိမ်နားမှာလေ၊ ရှင် ဘယ်လိုလုပ် သိနေပြန်ပြီလဲ"

"ကျုပ်က ပညာရှိဆိုတော့ အကုန်သိပေါ့ ကလေးမရယ်၊ ကဲ... ကလေးမရဲ့ မြို့နာမည်သာ ပြောကွယ်"

"ဒါတော့ ကျွန်မ မေ့သွားပြီ၊ ကျွန်မက တစ်ချိန်လုံး ခေါင်းကိုက်နေ တာ၊

ခေါင်းကိုက်လွန်းလို့ အကုန်မေ့ကုန်ရော၊ လူတွေက မေးခွန်းတွေ လာလာ မေးတော့ သူတို့မေးကြလေ ကျွန်မက ခေါင်းပိုကိုက်လေပဲ”

“ကဲ... ကဲ ဒါဆိုလည်း မမေးတော့ပါဘူးကွယ်၊ ခဏလေး ထိုင်ပြီး နားလိုက်ဦးနော်”

တရားသူကြီး ထွက်သွားပြီ မကြာခင်မှာပင် အရာရှိတစ်ယောက်က သတင်းထောက်တစ်ဦးကို ခေါ်လာ၏။ သူ ကျွန်မကို စာနယ်ဇင်းလောက ကဆိုတာ သိရောသိသွားမလား။ ရင်ကိုထိတ်လို့၊ ထို့ကြောင့် ကျွန်မက မျက်နှာကို တစ်ဖက်သို့လှည့်ကာ...

“ကျွန်မ ဘယ်သတင်းထောက်နဲ့မှ မတွေ့ချင်ဘူး၊ ဘယ်သူနဲ့မှလည်း မတွေ့ချင်ဘူး၊ တရားသူကြီးက ကျွန်မကို ဆက်မနှိပ်စက်ပါနဲ့လို့ ပြောသွားတယ်နော်”ဟု အော်ပြောလိုက်၏။

အရာရှိနှင့်သတင်းထောက်သည် ကျွန်မကို လန့်ပြီး ပြန်သွားကြ၏။ ကျွန်မ ဆက်နေ၍ မဖြစ်တော့။

“ကျွန်မ ဒီမှာ မနေချင်တော့ဘူး၊ ကျွန်မ အဝတ်သေတ္တာတွေပဲ ပြန်လိုချင်တယ်၊ အခု လူတွေအများကြီးနဲ့ ကျွန်မကို စစ်လားဆေးလား ဘာလုပ်နေကြတာလဲ”

ကျွန်မကအော်ဟစ်ပြီး ကြမ်းပြလိုက်၏။

မကြာခင် တရားသူကြီး၊ လူနာတင်ယာဉ်နှင့် ဆရာဝန် ရောက်လာ၏။

■

အခန်း (၅)

ရှုးပြီဟု ကြေညာ

"ဒီသူငယ်မလေးက နည်းနည်းလေး စိတ်မူမမှန်ဖြစ်နေပါတယ်၊ သူ့ကြည့်ရတာ ကျွန်တော့်နှမလေးလိုပါပဲ၊ ဘယ်သူပဲကြည့်ကြည့် သူ့ကို မိန်းမကောင်းလေးလို့ပဲ မြင်ကြမှာပါ၊ ကျွန်တော် ဒီသူငယ်မလေးကို စိတ်ဝင်စားတယ်၊ သူ့ကို ဆွေမျိုး ရင်းချာတစ်ယောက်လိုပဲ စောင့်ရှောက် ချင်ပါတယ်၊ ဆရာလည်း သူ့အတွက် ဘယ်လိုကောင်းတာမျိုးဖြစ်ဖြစ် လုပ်ပေးပါဆရာ"

တရားသူကြီးက ဆရာဝန်ကို အနူးအညွတ် ပန်ကြားနေ၏။ ထို့နောက် မစ္စစ်စတင်းနတ်ဘက် လှည့်ကာ ဒီသူငယ်မလေးကို အနီးကပ် စောင့်ရှောက်ကြည့်ရှုပေးရန် ပြော၏။ မစ္စစ်စတင်းနတ် က "ဒါတော့မဖြစ်နိုင် ဘူး၊ ဂေဟာက လူတွေအားလုံးက သူ့ကို ကြောက်နေကြတယ်၊ သူ့ကို ထားမယ်ဆိုရင် အားလုံးက ပြန်ကုန်ကြမှာ၊ နောက်ပြီး သူက ခုနကပြောခဲ့သ လို ဂေဟာက အစားအစာတွေကလည်း သိပ်ညံ့တယ်ဆိုတော့ သူလည်း နေချင်မှာမဟုတ်ဘူး"ဟု ဆိုကာ ခါးခါးသီးသီး ငြင်း၏။

ကျွန်မမှာတော့ ရင်တထိတ်ထိတ်။ သူကများ အကြင်နာတွေပိုကဲကာ သူ့ဂေဟာတွင် ကျွန်မကိုဆက်ထားလျှင် ကျွန်မရည်ရွယ်ချက်တွေ အောင်မြင်တော့မှာမဟုတ်။ ယခုကဲ့သို့ သူက ငြင်းလိုက်သည်ကိုပင် ကျွန်မက သူ့ကို ကျေးဇူးအလွန်တင်မိနေ၏။

ဆရာဝန်က ကျွန်မကို စစ်ဆေးမှုစပြီ။ ဆရာဝန်ကြည့်ရသည်မှာ ဆေး ပညာအတော်ကျွမ်းပုံပေါ်၏။ မည်သို့ဆိုစေ ကျွန်မနှင့်သူ ပညာပြိုင်ရလေမည်။

"ကဲ မင်းရဲ့လျှာကိုထုတ်စမ်း

သူက ခပ်ကြမ်းကြမ်း အမိန့်ပေး၏။

ကျွန်မက ပါးစပ်ကို ပိုပြီး တင်းတင်းစေ့လိုက်၏။

"ငါ ပြောနေတယ်လေ၊ လျှာထုတ်ဆို"

"ကျွန်မ မထုတ်ချင်ဘူး"

“ထုတ်ရမယ်၊ မင်းကလူနာ၊ ငါက ဆရာဝန်ကွ”

“ကျွန်မက လူနာမဟုတ်ဘူး၊ လူကောင်း၊ ကျွန်မရဲ့ ပျောက်သွားတဲ့ အဝတ်သေတ္တာတွေကိုပဲ ပြန်လိုချင်တာ”

ထိုသို့ပြောပြီး ကျွန်မ လျှာထုတ်ပြလိုက်၏။ သူက သေသေချာချာ စစ်၏။ ထို့နောက် ကျွန်မလက်ကောက်ဝတ်ကို စမ်း၏။ သွေးခုန်နှုန်း တိုင်းသည်။ နှလုံးခုန်နှုန်းကိုလည်း တိုင်း၏။ ရူးနေသောသူ၏ နှလုံးခုန်သံက ဘယ်လိုလဲ၊ ဒါတော့ ကျွန်မလည်းမသိ။ သူက ကျွန်မနှလုံးခုန်နှုန်းကို စမ်းပြီး ရူးသလား၊ ကောင်းသလား မည်သို့ခွဲမည်မသိ။ ကျွန်မက ဆက်တိုက်အသက် ရှူသွင်းရှူထုတ် လုပ်၏။ သူက ကျွန်မ လှုပ်ရှားမှုများကို စေ့စေ့ငုငုကြည့်နေ၏။ ထို့နောက် သူ ဘာမှမပြောဘဲ ချာခနဲ ထွက်သွားသည်။ ထို့နောက် မကြာခင် ပြန်လာ၏။ ကျွန်မမျက်လုံး သူငယ်အိမ်ထဲကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့် ၏။ ထို့နောက် ကျွန်မမျက်နှာနှင့် လက်မဝက်ခန့်အကွာတွင် သူ့လက်ကို ထောင်ပြီး ကျွန်မကိုကြည့်ခိုင်း၏။ သူက ကျွန်မမျက်လုံးကို စစ်နေခြင်းဖြစ်၏။ ကျွန်မ ကြားဖူးတာက အရူးတို့၏ မျက်လုံးသူငယ်အိမ်က လည်နေသတဲ့။ ဒါမျိုးတော့ဖြင့် ကျွန်မ မလုပ်တတ်။ ကျွန်မက လူက ရူးချင်ယောင်ဆောင် တတ်သော်လည်း မျက်လုံးရူးတာမျိုးတော့ မလုပ်တတ်။ ကျွန်မက တတ်နိုင် သမျှမျက်တောင်မခတ်ဘဲ သူညွှန်ပြရာကိုကြည့်၏။ စူးစူးရဲရဲ ကြည့်ပစ်လိုက်၏။

“မင်းအခု ဘာဆေးတွေ သောက်နေသလဲ”

သူက မေးပြန်၏။

“ဆေး ဟုတ်လား၊ ဆေးဆိုတာ ဘာလဲ ကျွန်မ မသိဘူး”

“သူရဲ့သူငယ်အိမ်က ကျွန်မတို့ဂေဟာ ရောက်ကတည်းက ပြူးကျယ်နေတာ ခုထိပဲ၊ တစ်ခါမှမပြောင်းဘူး”ဟု မစ္စစ်စတင်းနတ်က ရှင်းပြနေ ၏။ ဤသို့ မျက်လုံးကြောင်တောင်တောင် တစ်ချိန်လုံး ပြူးပြဲနေသည်ကို သူ ဘယ်တုန်းက သတိထားမိသလဲမသိ။ ကျွန်မကိုယ်ကျွန်မပင် မသိတာ သေချာ၏။

“ကျုပ် ထင်တာတော့ ဒီကောင်မလေး မူးယစ်ဆေးတစ်မျိုးမျိုး သုံးတယ် ထင်တာပဲ၊ ဒါကြောင့် သူငယ်အိမ်က ကျယ်နေတာ”ဟု ဆရာဝန်က မှတ်ချက်ပေး၏။

“ကျွန်မက ရူးလည်း မရူးဘူး၊ နေမကောင်းလည်း မဖြစ်ဘူး၊ ကျွန်မကို လာဆေးကုမနေကြနဲ့၊ ကျွန်မရဲ့ပျောက်သွားတဲ့ ပစ္စည်းတွေကိုသာ ပြန်ပေးပါ”ဟု ကျွန်မက တပူပူ တဆူဆူ လုပ်ပြလိုက်၏

ဆရာဝန်က စာရွက်လွတ်ပေါ်တွင် စာများ အများကြီးရေးနေ၏။ ပြီးတော့

ကျွန်မကို ဆေးရုံခေါ်သွားမည်ဟု ပြော၏။

“ဆရာရယ် သူ့ကို ကောင်းကောင်း ဂရုစိုက်ပါနော်၊ ဆေးရုံက တခြားလူနာတွေကိုလည်း ပြောပေးပါ၊ ဒီကောင်မလေးက စိတ်မူမမှန်လို့ သူ့ကို ဖွေမယူကြပါနဲ့လို့”

တရားသူကြီးက တဖွဖွ ပြောနေ၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုး တရားသူကြီးဖြစ်နေတာ တရားလိုတွေရော၊ တရားခံတွေအတွက်ပါ သိပ်ကောင်းသည်ဟု ကျွန်မက စိတ်ထဲမှ အမှတ်ပေးနေမိ၏။

ကျွန်မကိုယ်ကျွန်မလည်း အားတက်နေပြီ။ ယခုတော့ တရားသူကြီး တစ်ယောက်၊ ဆရာဝန်တစ်ယောက်နှင့် တရားရုံးမှ လူအများတို့ အမြင်တွင် ကျွန်မကို. စိတ်မနှံ့သူဟု ထင်နေကြ၍ ဖြစ်၏။

ကျွန်မကို ရဲသားကြီးဘရော့ကတ် လက်ဆွဲလျက် တရားရုံးအပြင်သို့ ခေါ်လာ၏။ ရုံးတော်အပြင်ဘက်နားတွင် လူနာတင်ကား စောင့်နေ၏။ တရားရုံးပေါက်သို့ လာရာလမ်းတစ်လျှောက်တွင် နံရံပေါ်၌ စာအုပ်ထူကြီးတွေ အပြည့်ရှိနေ၏။ ဥပဒေစာအုပ်တွေ၊ သို့သော် ထိုဥပဒေစာအုပ်များက ကျွန်မ အတွက် မည်သို့မျှအသုံးမဝင်တော့။ စိတ်မူမမှန်သူအတွက် မည်သည့်ပုဒ်မ နှင့်မှ တပ်ပြီး အရေးယူ၍မရ။ ဥပဒေ၏အထက်တွင်လည်းကောင်း၊ ဥပဒေ၏ အောက်တွင်လည်းကောင်း ကျွန်မ မရှိ။ ဒါကိုသိပြီး စိတ်ထဲက ပြုံးမိ၏။ အပြင်မှာတော့ လူနာတင်ကားပေါ် မတက်ချင်ဟု အကြောက်အကန် ငြင်းဆန်၏။

“ကားပုံစံကြီးက လုလည်း မလှဘူး၊ အပြင်မှာ လူတွေ စီးနေတဲ့ ကားက ဒါမျိုးမှ မဟုတ်တာ၊ ဒီအရုပ်ဆိုးတဲ့ကားကြီး မစီးချင်ဘူး”

ပါးစပ်ကသာ ငြင်းနေသည်။ တကယ်တော့ သူတို့က တွဲပို့လိုက် သောကားပေါ် အလိုလို တက်မိလျက်သား ဖြစ်သွား၏။

ကျွန်မ ကားထဲရောက်သွားတော့ ကားထဲရှိ ခုတင်ပေါ်တွင် ကျွန်မကို လဲလျောင်းခိုင်း၏။ ပြီးတော့ ကျွန်မကိုယ်ပေါ်ကို အခင်းအဝါရောင်တစ်ထည် ခြုံပေးလိုက်သည်။ ကျွန်မဘေးတွင် ဆရာဝန်က ထိုင်လိုက်ပါ၏။ ကားအပြင် မှာတော့ လူအုပ်ကြီးက အထူးအဆန်းလို ကျွန်မကို ဝိုင်းကြည့်နေကြကာ တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြ၏။ လူတွေဝိုင်းကြည့်တာ ကျွန်မ မကြိုက်မှန်းသိ၍ ဆရာဝန်က ကန့်လန့်ကာချပေးလိုက်၏။ ဒါပေမဲ့ လူတွေက မပြန်ကြသေး။ ကန့်လန့်ကာအပြင်မှနေ၍ စူးစမ်းနေကြဆဲ။ အဆိုးဆုံးက ကလေးတွေ။ အရူးမလေးဟု အော်နေကြ၏။ ထို့နောက် ဗန်းစကားမျိုးစုံနှင့် ကျွန်မကို အရူးဟု ဟစ်ကြွေးနေကြ၏။ လူအုပ်က တဖြည်းဖြည်း များလာ တော့

ယာဉ်မောင်းပင် ကြောက်လာပုံရ၏။ ဆရာဝန်က သူ့ကို မောင်းတော့ဟု ပြောလိုက်မှ သူလည်း ဝမ်းသာအားရ မောင်းထွက်ခဲ့၏။ ကျွန်မက လှူနာတင် ကားပေါ်က ခုတင်မှာ ဖိမ်ကျကျ လိုက်ပါခဲ့ရတာလည်း အတွေ့အကြုံသစ် တစ်ခုပင်။

■

အခန်း (၆)

ဗေလေချူးဆေးရုံများ

နောက် နာက်ဆုံးတွင် ဗေလေချူးဆေးရုံ'သို့ ရောက်၏။ အရှူးထောင် မရောက်မီ ကျွန်မ၏ ကျွန်မ၏ တတိယမြောက်စခန်း။ ကျွန်မ ဂေဟာသို့ ရောက်ပြီးပြီ။ တရားရုံး းရုံးရောက်ပြီးပြီ။ ယခု ဆေးရုံ။ လူနာတင်ကားက ရုတ်တရက် ဆောင့်ကြီးအောင့်ကြီး ရပ်လိုက်၏။ ဆရာဝန်က ခုန်ဆင်း၏။ အပြင်မှ တစ်စုံတစ်ဦးက "ဘယ်နှယောက် ပါလာသလဲ"ဟု မေးသံကြား၏။

"တစ်ယောက်တည်းပါ" ဟူသော အဖြေလည်းကြားရ၏။ ပြီးတော့ ရုပ်ခပ်ကြမ်းကြမ်း လူကြီးတစ်ဦး ရောက်လာပါသည်။ ထို့နောက် ကျွန်မလက်မှ နေ၍ အတင်းဆွဲထုတ်သည်။ ကျွန်မက ဆင်ကဲ့သို့အင်အားနှင့် သူ့ကိုပြန်အာခံ နေသည့်အလား အားကုန်ဆွဲရာ ကျွန်မက အလိုက်သင့်ပါလာတော့ သူ အံ့သြနေ၏။ ကျွန်မအပေါ် ဆက်ဆံပုံကိုမကြိုက်သော ဆရာဝန်က သူ့ကို ပြန်သွားခိုင်းလိုက်၏။

"ကလေးမ မကြောက်နဲ့၊ ဆရာကိုယ်တိုင်ပဲ ပို့ပေးမယ်"

ထို့နောက် သူက ကျွန်မကို ညင်ညင်သာသာ လက်ဆွဲခေါ်၏။ ဆေးရုံပြင်မှလူတွေက ကျွန်မကို အားကျသည့်ပုံမျိုး ကြည့်နေကြ၏။ ကျွန်မ မျက်နှာထားက အလွန်ကျေနပ်သော မိဖုရားပုံစံမျိုး။ ဒါကိုကြည့်ကာ မြင်ရသူအပေါင်းက ကျွန်မကို စုတ်တသပ်သပ်နှင့် သနားနေကြ၏။ ဆရာဝန်နှင့်အတူ အခန်းမှောင်မှောင်ကျဉ်းကျဉ်းလေးထဲသို့ ဝင်ကြရ၏။ အခန်းထဲတွင် အမျိုး သားများစွာ တွေ့ရ၏။ စားပွဲခုံနောက်ကွယ်မှ လူတစ်ယောက်က စာအုပ်ထုတ်ကာ ထုံးစံအတိုင်း သမားရိုးကျ မေးရိုးမေးစဉ် မေးခွန်းတွေမေး၏။

ကျွန်မက ဖြေဆိုရန်ငြင်း၏။ ဆရာဝန်က "သူ့ကို ဆက် ဒုက္ခမပေးပါ နဲ့၊ ကျွန်တော်ပဲပြောမယ် ဆိုကာ သူ ရေးထားသော စာရွက်စာတမ်းများကို ပြ၏။ ကျွန်မကိုမေးလျှင် အမှန်ရမည်မဟုတ်။ စိတ်မှမနှံ့တာဟု သူပြောနေသံ ကြားရလျှင် ကျေနပ်မိ၏။ ကျွန်မကို စိတ်ရောဂါကုဆောင်ကို ပို့မည်ဟုကြား ရ၏။ ကျွန်မ ဗိုက်က တဂွိဂွိ ဆန္ဒပြနေပြီ။ သို့သော် ဗလခပ်တောင့်တောင့် လူက ကျွန်မလက်လေးကို အတင်းဆွဲခေါ်သွားတော့ နဂိုက ဆာလောင်မှုပင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွား၏။ ကျွန်မစိတ်ထဲ ထောင်းခနဲ ဒေါသ ဖြစ်သွား၏။ သို့သော် ကျွန်မ သရုပ်ဆောင်ရဦးမည်ကို သတိရ၍-

"နင်က ဘာကောင်မို့ ငါ့လက်ကို ဆွဲရတာလဲ၊ ရာရာစစ နင့်လိုကောင် က" သူ ဆုပ်ထားသောလက်ကို ကျွန်မက အားနှင့်ရုန်းထွက်ပြီး ပြောလိုက်၏။

"ကျွန်မ ဒီလူနဲ့ပဲ တွဲသွားမယ်၊ တခြားဘယ်သူမှ လာမထိနဲ့"ဟုဆိုကာ ကျွန်မကိုခေါ်လာသော ဆရာဝန်ကို လက်ညှိုးထိုး ပြလိုက်၏။

"တရားသူကြီးက အမိန့်ချလိုက်တယ်၊ ဒီလူပဲ ကျွန်မကို စောင့်ရှောက် တဲ့၊ တခြားဘယ်သူမှ အနားမကပ်စေနဲ့တဲ့၊ ဒါအမိန့် ပဲ"

ကျွန်မက ပြောလက်စနှင့် ဆက်ပြီး ခြိမ်းခြောက်လိုက်၏။

ဆရာဝန်ကလည်း သူပဲခေါ်သွားမည်ဟုပြော၍ ကျန်လူတွေ ရှဲသွား ၏။ ဆရာဝန်၏လက်ကို ကျွန်မက ချိတ်လိုက်၏။ ထိုသို့သော စုံတွဲပုံစံဖြင့် ကျွန်မက ဝင့်ကြွားစွာ လျှောက်ခဲ့၏။ သတို့သားကို သတို့သမီးက လက်တွဲ ကာ မင်္ဂလာခန်းမသို့ လှမ်းလာသည့်ပုံမျိုး ကျွန်မကလုပ်၏။ ဆရာဝန်ခမျာ တော့ မျက်နှာခပ်ပျက်ပျက်ဖြင့်ပင် လူနာ၏စိတ်ကြိုက် လိုက်လုပ်ရရှာ၏။ ကျွန်မကို လူနာတင်ယာဉ်ပေါ်မှာ ဆောင့်ဆွဲသူက ရှေ့မှလမ်းပြ၏။ သူ့ကို ကျွန်မက လူပျိုရံအဖြစ် သဘောထားလိုက်၏။ အစောင့်အရှောက်တွေ ထူထပ်သော အခန်းများကိုဖြတ်ပြီး နောက်ဆုံးတွင် စိတ်ဝေဒနာရှင်များအခန်း သို့ ရောက်၏။ ကက်ဦးထုပ်ဖြူဆောင်း သူနာပြုဆရာမတစ်ဦးက ကျွန်မကို လက်ခံ၏။

"ဒီကောင်မလေးက သဘော်အလာကို ဒီကပဲ စောင့်နေမှာပါ"ဟု ဆရာဝန်ကပြောကာ အပြီးထွက်တော့မည့်ဟန်ပြု၏။ ကျွန်မက သူ့ကို ခွဲမထား ရစ်ခဲ့ပါနဲ့ ဒီမှာပဲ အတူတူနေပါဟု တောင်းပန်သည်။ သူက ညစာသွားစားပြီး ရင် ပြန်လာမယ်။ ဒီက စောင့်နေဟု ပြော၏။ ကျွန်မက မသွားရဘူးဟု ခြေဆောင့်ပြီး ငိုလျက်တောင်းပန်၏။ ဆရာဝန်က ကျွန်မကို တကယ်ပဲ စိတ်မနှံ့သူလေးဟု သနားဟန်တူ၏။ ထိုအချိန်တွင် အခန်းနောက်ဘက်က အရူးတစ်ယောက်၏ စူးစူးဝါးဝါး အော်သံ ထွက်ပေါ်လာ၏။ ထိုအခါမှ ကျွန်မနဂိုစိတ်က ကြောက်လာ၏။ ခုလို ခပ်ကြမ်းကြမ်းအရူးတွေနဲ့ ငါ ဘယ်လို နေရမှာလဲ။ ဆရာဝန်က ကျွန်မပုံစံကိုကြည့်ကာ သူနာပြုကို လှမ်းပြော၏။

"ဒီလက်သမားတွေ အော်ကြဟစ်ကြနဲ့ကွာ"

ထို့နောက် ကျွန်မဘက်လှည့်ကာ အဆောက်အအုံသစ်တွေ ဆောက် နေသည့်နေရာမှ လက်သမားဆရာတွေ အော်သံဖြစ်ကြောင်း၊ ကြောက်စရာ မလိုကြောင်း ပြော၏။ ကျွန်မကလည်း ခုမှတစ်ခါ ရောင့်တက်ပြီး ဟင့်အင်း ကျွန်မ မနေရဲဘူး၊ ကျွန်မကို ထားမသွားပါနဲ့ဟု ပြော၏။ သူက မကြာခင် ပြန်လာပါမည်ဟုပြောကာ ထွက်သွား၏။ ကျွန်မလည်း စိတ်မနှံ့သူများ

အဆောင်တွင် ကျန်ခဲ့၏။

ကျွန်မ ဘေးဘီကို အကဲခတ်ကြည့်လိုက်၏။ အခြားအခန်းများမှာ သံတိုင်များ ကာရံထားကာ သော့ခလောက်တွေ ခတ်ထားသည်ကို တွေ့ရ၏။ အခန်းတိုင်းတွင် ခုံရှည်များသာ တစ်ခုတည်းသော ပရိဘောဂဖြစ်၏။ အိပ်ခန်းတွေလည်း သီးသန့်ရှိ၏။ တံခါးပေါက်ဝ၏ လက်ယာဘက်နားတွင် သူနာပြုတွေ၏ အခန်းရှိသည်။ ထိုအခန်းနှင့် မျက်နှာချင်းဆိုင်က ထမင်းစား ခန်း။ ဤအဆောင်ကို ကြီးကြပ်သူမှာ ဝတ်စုံအနက်ရောင်၊ ဦးထုပ်အဖြူရောင် ဆောင်းထားသော ဆရာမတစ်ဦးဖြစ်၏။ သူ့လက်ထဲမှာက သော့တွဲကြီး တကိုင်ကိုင်။ သူ့အမည်က မစ်ဘော။

အိုင်းရစ်လူမျိုး ကောင်မလေးတစ်ဦးက အောက်ခြေသိမ်းအလုပ် အကုန်လုပ်ရ၏။ သူ့ကို မေရီဟု သူများခေါ်သံကြားရ၏။ သူက စိတ်သဘောထားကောင်း၏။ ကျွန်မတို့အဆောင်တွင် လူနာသုံးဦးသာရှိ၏။ ကျွန်မက စတုတ္ထမြောက်လူနာ။ ကျွန်မက ကိုယ့်အလုပ်ကိုယ် စလုပ်ရပြီ။ အခန်းထဲမှ အမျိုးသမီးတစ်ဦးကို သွားမိတ်ဆက်၏။ သူ့နာမည်က မစ်ဘင်နီ။ သူက အလုပ် အလွန်အကျွံလုပ်ရာမှ စိတ်ထိခိုက်လာသူဖြစ်၏။ သူက ဟိုတယ်ဝန် ထမ်းဖြစ်၏။ ကျန်းမာရေးချို့ယွင်းလာတော့ သူ့ကို သီလရှင်ကျောင်းသို့ပို့ကာ ကုသကြ၏။ သူ့တူက စားပွဲထိုး၊ ကြာတော့ သီလရှင်ကျောင်းမှာ စရိတ်စက မတတ်နိုင်တော့၍ ဤဘယ်လီချူးဆေးရုံသို့ ပို့ခြင်းဖြစ်၏။

“ခုကော စိတ်အခြေအနေ ကောင်းပြီလား”

ကျွန်မက စပ်စုကြည့်၏။

“ဟင့်အင်း၊ ဆရာဝန်တွေက မေးခွန်းအဆန်းတွေ အများကြီး မေး တယ်၊ ကျွန်မ ခေါင်းတွေရှုပ်လာတယ်၊ ဒါပေမဲ့ ကြိုးစားပြီး ဖြေတယ်၊ ကျွန်မ ဦးနှောက်ကောင်းသေးတာ တွေ့ရတယ်”

“ဒီကို စိတ်မူမမှန်တဲ့သူတွေကိုပဲ ပို့တယ်လို့ ကြားသလား”

“သိသမျှတော့ အဲသလိုပဲ၊ ဒါပေမဲ့ ကျွန်မက စိတ်မူမှန်တယ်၊ အလုပ် သာမလုပ်နိုင်တာ။ ဒီအကြောင်းကို ဆရာဝန်တွေကို ပြောပြရင် သူတို့က မယုံကြဘူး၊ သူနာပြုတွေ ပြောပြလို့ကတော့ အလကားပဲ”

သေသေချာချာ ပြန်သုံးသပ်ကြည့်တော့ မစ္စနီဗီးသည် ကျွန်မကဲ့သို့ လူကောင်းပင်ဖြစ်၏။ သူ့တူက သူ့ကို အတင်း ဒီထဲပို့ထား၍သာ နေရခြင်းဖြစ် ၏။ တခြားနေစရာလည်း မရှိ။ အလုပ်လည်းမရှိ။ ကျွန်မ ဒါမျိုးတွေ အများ ကြီးကြုံဖူး၏။

အချို့သော အောက်လွှာလူတန်းစား တော်တော်များများသည် တစ်ခုမဟုတ် တစ်ခု ခံစားရသူချည်းသာ ဖြစ်၏။ လောက၏ မတရားမှုများကို သူတို့သိ၏။ သို့သော် မည်သို့မျှ မတွန်းလှန်နိုင်။ ကြီးနိုင် ငယ်ညှဉ်း လောကကြီးထဲတွင် သူတို့က အမြဲပင် အညှဉ်းဆဲခံ ဖြစ်နေကြရ၏။ ကြာတော့ စိတ်အချဉ်ပေါက်လာကြ၏။ လောကကြီးကို အရွဲ့တိုက်ချင်လာ ကြ၏။ လောကကြီးကတော့ ဘာမှမဖြစ်၊ သူတို့သာ ရွဲ့ကုန်ကြ၏။ သူတို့ရဲ့ ကုန်ကြတော့ စိတ်ရောဂါကုဆေးရုံသည် နောက်ဆုံးပန်းတိုင်

တတိယမြောက် လူနာက မစ္စဖောက်စ်။ သူက စကားသိပ်မပြော။ သူက အမြဲငြိမ်ကုပ်ပြီးနေ၏။ သူက မျှော်လင့်ချက်မဲ့နေ၏။ သူ မျှော်လင့်ထား သမျှ တစ်ခုမှ အရာမထင်။ သူ၏အိပ်မက်ရဲတိုက်များ တစ်ခုပြီးတစ်ခု ပြိုလဲ ပျက်စီးပြီး သူ့ကို ပတ်ဝန်းကျင်က ကြဉ်လာကြ၏။ သူကလည်း ပတ်ဝန်းကျင် နှင့်မတည့်တော့။ ကြာတော့ သူသာ အထီးကျန်ဖြစ်သွား၏။ သူ့အပြောအဆို၊ အတွေးအခေါ်တွေက သာမန်လူတွေလို မဟုတ်တော့။ ထိုအခါ သူ့ကို အရူးဆိုကာ ဖမ်းပြီး ဆေးရုံကိုပို့၏။ ဆရာဝန်တွေကို သူ ရှင်းပြ၏။ ဆရာဝန် တွေကလည်း သူ့စကား နားမလည်။ သူကလည်း ဆရာဝန်တွေစကား နားမလည်။ ထို့ကြောင့် လူနာမှတ်တမ်းတွင် သူ့ကို တိုးတက်မှုမရှိဆိုကာ ဆေးရုံမှာ ဆက်ထား၏။

မကြာခင် ကိုယ်လုံးကိုယ်ထည် ခပ်ညှက်ညှက်၊ အသားဖြူဖြူ သူနာပြုဆရာမတစ်ဦး ကျွန်မရှေ့ရောက်လာ၏။ မစ္စဘောကို ညစာသွားစားဟု ပြော၏။ ထိုသူနာပြုအသစ် မစ္စစကော့က ကျွန်မကို စေ့စေ့ကြည့်ကာ ခပ်ရိုင်းရိုင်း စပြော၏။

“နင့်ဦးထုပ် ချွတ်လိုက်စမ်း”

“ငါ့ဦးထုပ် ဘာဖြစ်လို့ချွတ်ရမှာလဲ၊ ငါက သင်္ဘောစောင့်နေတာ၊ သင်္ဘောလာရင် တက်ရမှာ”

“နင့်ကို ဘယ်သင်္ဘောမှ လာမခေါ်ဘူး၊ အဲဒါကြာရင် နင် သိလာ မယ်၊ အခု နင်ရောက်နေတာက အရူးထောင်”

“နင်ပြောသလို အမိန့်ကို မနာခံဘူးဆိုရင် နင် ဒီမှာ အကြာကြီးနေရ လိမ့်မယ် မှတ်ထား၊ အခု ဦးထုပ်ချွတ်မလား၊ မချွတ်ဘူးလား၊ အသာတ ကြည် ပြောမရရင် အကြမ်းဖက်ရမှာပဲ၊ ငါ တစ်ယောက်တည်းမနိုင်ရင် နောက်တစ်ယောက်ကို ခေါင်းလောင်းတီး ခေါ်လိုက်မယ်၊ ကဲ မချွတ်ဘူးလား” ချွတ်မလား။

“မချွတ်ဘူးဟ၊ ငါ အခုချမ်းနေတယ်၊ ဦးထုပ်ဆောင်းထားမှဖြစ်မယ်၊ နင် အတင်း လာချွတ်လို့မရဘူး”

"ငါ နင့်ကို အချိန်နည်းနည်းပဲ ပေးမယ်နော်၊ မချွတ်ဘူးဆိုရင် အတင်းလုပ်သင့် လုပ်ရမှာပဲ၊ ဒီအခါ သိပ်ညင်သာမှာ မဟုတ်ဘူးဆိုတာ ငါ သတိပေးလိုက်ပါရဲ့"

လာလေ" "ငါ့ဦးထုပ် နင်ချွတ်ရင် နင့်ဦးထုပ်လည်း ငါ ပြန်ချွတ်မယ်၊ ကဲ... မစ္စစကော့က နောက်တစ်ယောက် အကူတောင်းဖို့လည်း ပြင်၏။ ထို့ကြောင့် ကျွန်မ လက်အိတ်ရော၊ ဦးထုပ်ပါချွတ်ပြီး အခန်းထောင့်တွင် သွားကုပ်နေလိုက်၏။ ကျွန်မ ဆာနေပြီ။ မေရီ၏ ညစာလာစားရန် အခေါ်ကို စောင့်နေမိ၏။ မကြာခင် ညစာကျွေး၏။ စားပွဲရှည်ကြီးပေါ်တွင် သံပန်းကန်ဖြင့် အမဲသားပြုတ်နှင့်အာလူး ကျွေး၏။ အစားအစာတွေက အေးစက်နေပုံရ၏။ ပြီးခဲ့တဲ့အပတ်က ချက်ထားသည့်ပုံစံမျိုး။ မေရီပါတော့ ကျွန်မက သံပန်းကန် ကို သူ့ဆီလှမ်းပေးလိုက်၏။

"ပိုက်ဆံပါလား"

"ဘာ"

ကျွန်မက တအံ့တသြ ပြန်မေးလိုက်၏။

"နင့်မှာ ပိုက်ဆံပါရင် ငါ့ကိုအပ်ထား၊ နို့မဟုတ်ရင် သူတို့ က အကုန်သိမ်းပစ်လိုက်မယ်၊ ငါက ပြန်ပေးမှာ"

ကျွန်မက ပိုက်ဆံအိတ်ပျောက်သွားကြောင်း သူ့ကို ပြောပြလိုက်၏။ ဒါက တကယ်ပါ။ မေရီက ပိုက်ဆံမပေးလည်း ကရုဏာမပျက်ပါ။ သူက သံပန်းကန်ကိုယူကာ ကျွန်မအတွက် ကြွေပန်းကန်တစ်ချပ် လာပေး၏။ ကျွန်မ သူတို့ကျွေးတာတွေ မစားနိုင်မှန်း သိရသောအခါ သူက မုန့်နှင့်နွားနို့ တစ်ခွက်ပါပေးသည်။

ခန်းမတွင် ပြတင်းပေါက်တွေ အားလုံး ဖွင့်ထားသဖြင့် လေက တဟူးဟူး တိုက်နေ၏။ ချမ်းလိုက်သည့်ဖြစ်ခြင်း။ အချမ်းဒဏ်ကို ခံနိုင်ရည်ပင် မရှိတော့။ ထိုအကြောင်းကို မစ္စစကော့နှင့် မစ္စဘောတို့ကို ပြော၏။ ဤ နေရာက သူတစ်ပါး၏အလှူနှင့် လုပ်ဆောင်ပုံရသည့်အတွက် ဘာတစ်ခုမှ မတောင်းဆိုရန် ခပ်ပြတ်ပြတ် အဖြေပေးကြ၏။ အခြားလူနာများလည်း ခိုက်ခိုက်တုန် အချမ်းဒဏ်ကို အံကြိတ်ခံနေရကြရ၏။ သူနာပြုများကိုယ်တိုင် ပင် အချမ်းဒဏ်ကိုခံနိုင်ဖို့ အနွေးထည်အထူကြီးတွေ ဝတ်ထား ကြရ၏။ ကျွန်မ အိပ်ရာဝင်လို့ ရပြီလားဟု မေးတော့ သူတို့က"ဟင့်အင်း"ဟုသာပြော ၏။ နောက်ဆုံးတွင် မစ္စစကော့က မီးခိုးရောင် စောင်အဟောင်းတစ်ထည် လာပေး၏။

ပြော၏။ "သန်းတွေ၊ ကြမ်းပိုးတွေ ခါပြီးတော့ ခြုံထားလိုက်"ဟု သူက-

"စောင်ကလည်း စုတ်ပြတ်နေတာပဲ" ကျွန်မက ပြောဖြစ်အောင် ပြောလိုက်သေး၏။

"အပြင်ပန်းက စုတ်ပေမဲ့ အသုံးဝင်တယ်ဟ့၊ လာပြီး လှူတဲ့သူ တွေက သူတို့ကလည်း ဘာမှမျှော်လင့်ပြီး လှူတာမဟုတ်ဘူး၊ ဒါကြောင့် ငါတို့ကလည်း သူတို့ဆီက ဘာမှတောင်းဆိုခွင့် မရှိဘူး"

ထို့ကြောင့် ကျွန်မ ကြမ်းပိုးနံ့သင်းသော စောင်စုတ်လေးကိုပင် ခြုံလိုက်ရ၏။ ဒီအတိုင်းဆို ကျွန်မရည်မှန်းချက် မအောင်မီ အချမ်းဒဏ်နှင့်ပင် သေသွားလောက်သည်။ နှာခေါင်းထိပ်ဖျားပင် အေးလာ၏။ ထို့ကြောင့် ကြမ်းပိုးနံ့သင်းသော စောင်ကိုပင် ခေါင်းကို ခြုံလိုက်ရ၏။ ခဏငိုက်မျည်းသလို ဖြစ်သွားစဉ် စောင်ကို ရုတ်တရက် အဖယ်ခံလိုက်ရ၏။ လူစိမ်းတစ်ဦးနှင့် မစ္စစကော့ ကျွန်မရှေ့ ရောက်နေကြ၏။ လူစိမ်းက ဆရာဝန်ဖြစ်ဟန်တူ၏။

သူ၏ ပထမဆုံးစကားက-

"ဒီမျက်နှာကို မြင်ဖူးပါတယ်"

"ဒါဆို ရှင် ကျွန်မကို သိတာပေါ့"

"ငါ သိတယ် ထင်တာပဲ၊ နင် ဘယ်ကလာတာလဲ"

"အိမ်ကလေ"

"ရှင် မသိဘူးလား၊ ကျူးဘားက"

သူက ကျွန်မဘေးတွင် ထိုင်ချကာ လက်ကိုကိုင်ပြီး သွေးတိုးနှုန်း စမ်း၏။ ကျွန်မလျှာကို စမ်း၏။ ထို့နောက်-

"ကဲ နင့်အကြောင်းစုံ မစ်စကော့ကို ပြောလိုက်"

"ဟင့်အင်း မပြောဘူး၊ ကျွန်မ အမျိုးသမီးတွေနဲ့ မပြောဘူး"

"နင် နယူးယောက်မှာ ဘာလုပ်သလဲ"

"ဘာမှမလုပ်ဘူး"

"အလုပ်လုပ်နိုင်လား"

"မလုပ်နိုင်ဘူး"

"ဒါဆို နင်က ပြည့်တန်ဆာပေါ့"

"ကျွန်မ ဒါတွေနားမလည်ဘူး"

သူ့ကို ရွံရှာမုန်းတီးသောအသံဖြင့် ပြန်ပက်လိုက်၏။

"ပြည့်တန်ဆာဆိုတာ ယောကျ်ားတွေက ပိုက်ဆံပေးပြီး ပျော်ပါးတဲ့ အလုပ်ပေါ့"

ကျွန်မ သူ့မျက်နှာကို တဖြည်းဖြည်း ပါးရိုက်လိုက်ချင်သည်။ သို့သော် စိတ်ကိုထိန်းထားရ၏။ အရူးကိုး။

"ကျွန်မ ရှင်ပြောတာ နားမလည်ဘူး၊ ကျွန်မက အိမ်ထဲမှာပဲနေတာ"

သူက မေးခွန်းတွေများစွာ ထပ်မေး၏။ အဖြေကတော့ ကမောက်က မ။ ကပေါက်တိကပေါက်ချာတွေ။

"တော်တော် အခြေအနေ ဆိုးတာပဲ၊ ပုံမှန်စိတ် လုံးဝမရှိတော့ဘူး၊ မျှော်လင့်ချက်မဲ့တဲ့ပုံစံပဲ၊ ကုလို့မရနိုင်ဘူး၊ ကြာကြာလက်ခံထားနိုင်တဲ့ နေရာသာပို့ရင်ကောင်းမယ်" ဟု သူက မှတ်ချက်ပေး၏။

သို့ဖြင့် ကျွန်မသည် ဒုတိယဆရာဝန်ထံမှ အောင်မှတ်ရခဲ့ပြန်၏။

ကျွန်မ ကောင်းကောင်းကြီး သိလိုက်ပြီ။ မည်သည့်ဆရာဝန်မှ လူတစ်ယောက် တကယ်ရူးမှန်း၊ မရူးမှန်း မသိနိုင်။ သွက်သွက်ခါ ရူးပြီး ထဘီမနိုင် ပဝါမနိုင်ဖြစ်၊ သိပ်ပြီး ထိန်းမရအောင်ကြမ်းမှသာ သူတို့ရူးသည်ဟု သေချာ ပေါက် ပြောနိုင်မည်။

နေ့လယ်ပိုင်းတွင် ကောင်လေးတစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ဦး တို့ ဝင်လာ၏။ အမျိုးသမီးကြီးက ခုံတန်းပေါ်ထိုင်နေ၏။ ကောင်လေးကမူ အထဲဝင်လာကာ မစ်စကော့နှင့် စကားပြော၏။ မကြာခင် သူ ပြန်ထွက်လာ ကာ အမျိုးသမီးကြီးကို ခေါင်းညိတ်ပြကာ ထွက်သွား၏။ အမျိုးသမီးကြီးကမူ သူ့အမေ။ အမျိုးသမီးကြီးက စိတ်မနှံ့သူမဟုတ်။ သူက ဂျာမန်လူမျိုးဆို တော့ သူ့အကြောင်းမသိရ။ သူ့အမည်ကတော့ မစ္စစ်လူစီရှန်မ်။ သူက အချုပ်အလုပ် တော်၏။ သူနာပြုတွေ သူ့ကို ချုပ်လုပ်ခိုင်းကြည့်ရာ အတော် လက်ရာကောင်းသည်ကို တွေ့ရ၏။ ညနေသုံးနာရီတွင် လူနာများကို ဆန်ပြုတ်တိုက်၏။ ငါးနာရီတွင် လက်ဖက်ရည်တစ်ခွက်နှင့် ပေါင်မုန့်ကျွေး၏။ လက်ဖက်ရည်က နာမည်သာရှိသည်။ ရေကျဲဖြစ်၍ ရေနွေးသာသာ။ ပေါင်မုန့် ကလည်း ဖွဲ့မရ၊ ကိုက်မရ။ ကျွန်မ မစားနိုင်မှန်းသိ၍ နွားနို့တစ်ခွက်နှင့် ဘီစကွတ်

မုန့်ကျွေး၏။

ညနေပိုင်းတွင် လူနာတစ်ယောက် ထပ်ရောက်လာပြန်၏။ နှစ်ဆယ့်ငါး နှစ်အရွယ် ကောင်မလေး။ သူက အဖျားရောဂါကြီးရာမှ စိတ်မူမမှန်ဖြစ်လာ ခြင်းဟု သိရ၏။ အဖျားပိုး ဦးနှောက်ထဲ ဝင်သွားပုံရ၏။

“ကျွန်မက အာရုံကြောမကောင်းဘူး၊ ဒါကြောင့် သူငယ်ချင်းတွေက ဒီမှာကုဖို့ ပို့လိုက်တာ”ဟု ပြော၏။ ဤနေရာက ဘာဆိုတာ သူ့ကို ကျွန်မ မပြော။ ထို့ကြောင့် သူက ကျေနပ်နေ၏။

ညနေ ၆ နာရီ ၁၅ တွင် မစ်ဘောက သူ သွားစရာ ကိစ္စရှိသဖြင့် ကျွန်မတို့အားလုံး အိပ်ရာဝင်ရန်ပြော၏။ ကျွန်မတို့ ခြောက်ယောက် အိပ်ဆောင်ဝင်ရ၏။ အဝတ်အစားတွေ ချွတ်ရသည်။ ညဝတ်အင်္ကျီအနွမ်း ချည်သားဖလန်နယ်ဝတ်စုံ ဝတ်ရ၏။ ထို့နောက် ကျွန်မ နေ့ခင်းကဝတ်သော အဝတ်တွေကိုစုပြီး အထုပ်ထုပ်ကာ အပေါ်တွင် “ဘရောင်း”ဟု ရေးမှတ်လိုက် ၏။

သံတိုင်တံခါးကို အပြင်မှ သော့ခတ်လိုက်၏။ သူက မထွက်ခင် ကျွန်မကို စောင်အပိုတစ်ထည် လက်သိပ်ထိုးပေးသွား၏။ ခုတင်က မွေ့ရာမရှိ၊ သက်သောင့်သက်သာမဖြစ်။ ခေါင်းအုံးက မှို့အစား ကောက်ရိုးတွေ သွတ်ထား ၏။ အိပ်ရာခင်းက ဆီစိမ်စက္ကူထူကြီး။ ညဘက် သိပ်ချမ်းလာတော့ ထိုဆီစိမ် စက္ကူကြီးကိုပင် ခြုံအိပ်ရ၏။

ကျွန်မ အရူးထောင်တွင် ပထမဆုံးည အိပ်ရပြီ။ မသက်မသာ ရှိလှကာ ညဘက်တာဝန်ကျ သူနာပြုများက ကျွန်မ မအိပ်နိုင်တာသိ၍ အံ့သြနေသည်။ မကြာခင် ကျွန်မအမည် နယ်လီဘရောင်း ဘယ်မှာလဲဆိုသော မေးသံကြားရ၏။ ကျွန်မ တုန်လှုပ်သွား၏။ ငါ ရူးချင်ယောင်ဆောင်တာ သိများသိကုန်ကြပြီ ပေါ့။ သတင်းထောက်တစ်ယောက်အသံ ဖြစ်၏။ ကျွန်မ၏အဝတ်တွေကို ကြည့်ပြီး ကျွန်မ မည်သူဆိုတာ စုံစမ်းမည်ဟုဆို၏။ သို့သော် မကြာ ဆရာဝန် ၏ မှတ်ချက်တွေ့သွားကာ ကျွန်မက မျှော်လင့်ချက်မဲ့စွာ သွက်သွက်ခါ ရူးပြီဆိုတာသိ၍ ပြန်သွားသည်။ ခုမှပဲ အလုံးကြီး ကျသွားသည်။ ရင်တွေခုန်နေ တာ တော်တော်နှင့်မရပ်တော့။

“နယ်လီဘရောင်း ဟောဒီမှာ ဆရာဝန်လာနေတယ်၊ နင်နဲ့ စကား ပြောချင်လို့တဲ့”

သူနာပြုက လာပြော၏။ ကျွန်မက ခေါင်းမြီးခြုံထားသော စောင်ကို ခွာချလိုက်၏။

ငယ်ငယ်ချောချော ပုဂ္ဂိုလ်တစ်ဦး။ သူ့ကိုကြည့်ရသည်နှင့် လူကြီး လူကောင်းမှန်း သိနေရ၏။ လူငယ်ဆရာဝန်လေး၏ လှုပ်ရှားပုံက ညင်သာ သိမ်မွေ့၏။ သူက ကျွန်မခုတင်ဘေးတွင်ပင် ထိုင်၏။ ကျွန်မပခုံးပေါ် သူ့လက် တွေတင်ပြီး နွေးထွေးနှစ်သိမ့်မှု ပြု၏။

"ဒီည အဆင်ပြေရဲ့လား နယ်လီ"

သူ၏အသံက နူးညံ့လှ၏။

"အဆင်ပြေပါတယ်"

"ဒါပေမဲ့ မင်းက နေမကောင်းသေးဘူး၊ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

ကျွန်မက ခေါင်းအုံးကြီးကို ပွေ့ဖက်ကာ ပြုံးပြီး ပြန်ဖြေလိုက်၏။

"ကျူးဘားက ဘယ်တုန်းက ရောက်လာတာလဲ နယ်လီ"

"ဪ ရှင်က ကျွန်မဇာတိမြေကို သိတာကိုး"

"သိတယ်၊ ကောင်းကောင်းကြီးကိုသိတယ်၊ မင်း ကိုယ့်ကို မမှတ်မိဘူး လား၊ ကိုယ်တော့ မင်းကို မှတ်မိတယ်"

"ရှင် မှတ်မိတယ် ဟုတ်လား"ဟု ကျွန်မက ပြန်ဖြေကာ ကျွန်မ သူ့ကို မမေ့သင့်ပါဟု ပြန်ဖြေလိုက်၏။ သူ့ဘေးမှာက လူတစ်ယောက် ပါ လာ၏။ ထိုသူက ဘာတစ်ခွန်းမှ ဝင်မပြော။ ကျွန်မကိုသာ စူးစူးရဲရဲ အကဲခတ် နေ၏။ ကျွန်မကို မေးခွန်းများစွာမေးကာ သူတို့ပြန်သွားကြ၏။ ထို့နောက် ပြဿနာတွေက မပြီးသေး။ တစ်ညလုံး သူနာပြုဆရာမတွေ စကားပြောသံက စီညံနေ၏။ ကျွန်မအပါအဝင် လူနာအားလုံး အိပ်မရကြ။ နာရီဝက် သို့မဟုတ် တစ်နာရီတစ်ခါ သူတို့ ဂျူတီလဲကြ၏။ ဒေါက်မြင့်ဖိနပ်သံ တခွပ်ခွပ်က ဆူညံနေ၏။ သူတို့က လူနာတစ်ယောက်စီကို လိုက်ကြည့်ကြ၏။ ထို့ကြောင့် ကျွန်မ တို့ တစ်ညလုံး မအိပ်နိုင်ကြ။ ကျွန်မဗိုက်ကလည်း တဂွီဂွီ အော်နေ၏။ အမျိုးသားအဆောင်မှ အော်သံတွေ ကြားနေရ၏။ သူနာတင်ယာဉ်၏ ဥဩ သံက ထွက်ပေါ်လာသည်။ ကံဆိုးသောသူတွေ ရောက်လာကြပြန်ပြီ။ ဤသို့ ဖြင့် ကျွန်မသည် ဘယ်လီချူးဆေးရုံတွင် စိတ်မနှံ့သူ လူနာတစ်ဦးအနေနှင့် တစ်ညတာ ကုန်ဆုံးခဲ့ပြန်ပြီ။

■

အခန်း (၇)

ပန်းတိုင်ကို မြင်နေရပြီ

စက်တင်ဘာ ၂၅ ရက်နေ့ တနင်္ဂနွေနေ့နံနက် ခြောက်နာရီတွင် သူနာပြုဆရာမများက ကျွန်မ၏အိပ်ရာခင်းများကို ဆွဲယူကာ "အိပ်ရာထ တော့"ဟု ပြောပြီး ပြတင်းပေါက်ကို ဖွင့်လိုက်ကြ၏။ အေးမြသော လေပြည်လေညင်းက အခန်းတွင်း ဝင်လာသည်။ ကျွန်မ၏ နဂိုဝတ်ခဲ့သော အဝတ်အစားတွေ ပြန်ပေး၏။ ထို့နောက် အိမ်သာခန်းဝင်ကာ မျက်နှာသစ် ခိုင်း၏။ အခြားလူနာတွေလည်း နိုးနေကြပြီ။ နံနက် ခုနစ်နာရီတွင် အော်ဂလီ ဆန်စရာ ကောင်းလှသော နံနက်စာကျွေး၏။ ကြက်စွပ်ပြုတ်၊ ဘုရားစူး ကြက်စွပ်ပြုတ်၊ ကြက်အနံ့သာပါပြီး ကြက်ရိုးပင်ရှာမတွေ့။ ကြက်သားနံ့ထည့် ထားသော ရေနွေးဟုပင် ခေါ်နိုင်၏။ မနေ့ညက ခံစားခဲ့ရသော အချမ်းဒဏ် က မပျောက်သေး။ ကျွန်မက အနွေးစက်ဖွင့်မပေးဘူးလားဟု သူနာပြုတွေကို မေးကြည့်၏။ အောက်တိုဘာကျမှ အနွေးစက်ဖွင့်မယ်၊ ကြားထဲမှာတော့ ခံနိုင်ရည်ရှိအောင်နေကြ ဆိုသော ခပ်ပြတ်ပြတ် အဖြေကိုကြားရ၏။ ရေနွေး ပိုက်တွေပျက်နေတာ လှုမည့်သူရှိမှ လက်ခပေး ပြင်လို့ရမည်ဟုလည်းသိရ ၏။ ထို့နောက် ကျွန်မ၏လက်သည်းတွေကို လာညှပ်၏။ အခြားလူနာများ ကိုလည်း လက်သည်းညှပ်ပေး၏။ မကြာခင်မှာပင် ယမန်နေ့က တွေ့ခဲ့ရသော ခပ်ချောချောဆရာဝန်ငယ်လေး ပေါက်ချလာကာ ကျွန်မကို ညှော့ခန်းသို့ခေါ် သွား၏။

"မင်းက ဘယ်သူလဲ"

သူက စမေး၏။

"နယ်လီမိုရင်နိုပါ"

"ဒါနဲ့ မင်းက နယ်လီဘရောင်းလို့ ဘာဖြစ်လို့ပြောခဲ့တာလဲ၊ အဲဒီ နာမည်က ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ကျွန်မက ဒီနေရာကိုမှ မလာချင်တာ၊ အဲဒီကို သူတို့က အတင်းခေါ်လာကြတော့ ကျွန်မ အပြင်ပြန်ထွက်ချင်တယ်၊ ဆရာ ကျွန်မကို မကယ်နိုင်ဘူးလား"

"ငါ မင်းကို ခေါ်သွားနိုင်ရင် မင်းက ငါနဲ့လိုက်နေမှာလား၊ လမ်းပေါ် ရောက်တာနဲ့ မင်းက ထွက်ပြေးမှာမဟုတ်လား"

“ထွက်မပြေးဘူးတော့ ကျွန်မ ကတိမပေးနိုင်ဘူး”ဟု ကျွန်မက ပြုံးပြီးပြောလိုက်သည်။ ဒီလောက်ချောတဲ့ ယောကျ်ားလေးဆီက ဘယ်ထွက်ပြေးမလဲဟုလည်း စိတ်ထဲက ရေရွတ်မိ၏။

သူက အခြားမေးခွန်းများစွာ မေး၏။

“နံရံပေါ်မှာ မျက်နှာတွေမြင်သလား”

“ပတ်ဝန်းကျင်မှာ အသံတွေကြားနေရလား”

ကျွန်မက သင့်သလို ဖြေလိုက်၏။

“ညဘက်မှာရော အသံတွေ ကြားရသလား”

သူက ထပ်မေးပြန်၏။

“ဟုတ်တယ်၊ စကားပြောသံတွေ အများကြီးကြားရတာ ကျွန်မ အိပ်လို့တောင်မရဘူး”

“ငါလည်း ဒီလိုပဲထင်တာပဲ”ဟု သူက သူ့ဘာသာသူ ပြောပြီး ဆက်မေး၏။

“အသံတွေက ဘာတွေပြောနေတာလဲ”

“ကျွန်မက သူတို့ပြောတာတွေ လိုက်နားထောင်နေတာမှ မဟုတ်တာ၊ တစ်ခါတလေ ကြားမိတာက သူတို့ နယ်လီဘရောင်း အကြောင်း ပြောနေ တာပဲ၊ တချို့ကိစ္စတွေကျတော့လည်း ကျွန်မ စိတ်မဝင်စားလို့ နားမ ထောင်မိဘူး”

ကျွန်မက သူ ကျေနပ်လောက်မည်ထင်တာ ဖြေလိုက်၏။

“ဒီလိုပဲ ဖြစ်ရမှာပေါ့လေ”ဟု သူက အပြင်မှာရပ်နေသော မစ်စကော့ ကို လှမ်းပြောလိုက်၏။

“ကျွန်မ သွားလို့ရပြီလား”

“ရပါပြီ။ ငါတို့ မင်းကို တခြားနေရာပို့ပေးပါမယ်” ဟု သူက ကျေကျေနပ်နပ်ရှိလှသော ရယ်သံနှင့် ပြန်ပြော၏။

“ဒီမှာ သိပ်ချမ်းတယ်၊ ကျွန်မ အပြင်သွားချင်တယ်”

“မှန်တာပေါ့ အအေးဒဏ်ကို ဘယ်တာရှည်ခံနိုင်ပါ့မလဲ၊ ကြာရင် အဆုတ်အအေးမိရောဂါပါ ဝင်လာဦးမယ်”ဟု သူက မစ်စကော့ကို ပြောနေ ၏။

ထို့နောက် ကျွန်မကို ပြန်ခေါ်သွား၏။ အခြားလူနာတစ်ဦး ဝင်လာ သည်။ ကျွန်မက တံခါးဝနား ရပ်နေကာ တခြားလူနာတွေကို သူ ဘယ်လိုစမ်းသပ်မလဲဆိုတာ နားစွင့်ကြည့်မိ၏။ နည်းနည်းပါးပါး စကားလုံးကွာခြားသည်မှ လွဲ၍ ကျွန်မကိုစစ်သည့်အတိုင်းပင် ဖြစ်၏။ လူနာတိုင်းကို နံရံပေါ်မှာ ဘာတွေ မြင်သလဲ၊ ဘာသံတွေ ကြားရသလဲ။ ထိုအသံတွေက ဘာအကြောင်းပြောနေ တာလဲ ဆိုသော မေးခွန်းများပင် မေး၏။ လူနာတွေကလည်း ဖြေချင်သလို ဖြေကြ၏။ မနက်ဆယ်နာရီတွင် ဆားမပါသော အမဲသားပြုတ်ရည် တိုက်၏။ ဆယ့်နှစ်နာရီတွင် အေးစက်နေသော အမဲသားနှင့်အာလူးပြုတ် ကျွေး၏။ ညနေသုံးနာရီတွင် ဆန်ကြမ်းပြုတ်ဆန်ပြုတ်၊ ငါးနာရီခွဲတွင် ကော်ဖီတစ်ခွက် နှင့် ပေါင်မုန့်အလွတ်တစ်ချပ်။ ကျွန်မတို့မှာ ချမ်းခိုက်ခိုက်တုန်သည့်ကြားမှ အရသာကင်းမဲ့လှစွာသော အစာတွေကို ကြိတ်မှိတ်မျိုချနေကြရ၏။ ဆရာဝန် ထွက်သွားမှ ကျွန်မတို့ကို စောင်တွေပေးကာ ခြုံစေပြီး အချမ်းပြေလမ်းလျှောက်ခိုင်း၏။ နေ့ဘက်တွင် ကျွန်မကိုလာကြည့်သော ပရိသတ်က သံတိုင်အပြင်ဘက်မှာ စည်ကားနေ၏။

“ကျူးဘားက ကောင်မလေး”ဟု ကျွန်မကိုခေါ်ကြ၏။ ကျွန်မက ချမ်းသည့်ပုံစံဖြင့် ခေါင်းကို စောင်နှင့်အုပ်ကာ မျက်နှာဖော်မပြ။ တကယ်တော့ သတင်းထောက်တွေမြင်ပြီး ကျွန်မကို မှတ်မိမှာစိုးလို့၊ အချို့ဧည့်သည်တွေက သူတို့၏ပျောက်ဆုံးနေသော မိန်းကလေး ဟုတ်၊ မဟုတ် ကျွန်မကိုကြည့်ချင်သည်ဆို၍ ခေါင်းမြီးခြုံကို လှပ်လှပ်ပြရသေးသည်။

“သူ့တော့ မသိဘူးဟဲ့”

“ဒါက ငါတို့ရှာနေတဲ့ မိန်းကလေးမဟုတ်ဘူး”

ထိုသို့ မှတ်ချက်ချကာ ထွက်သွားကြ၍ ကျွန်မကပင် သူတို့ကို ကျေးဇူးတင်နေရသေးသည်။

ဤဆေးရုံမှ ဆေးရုံအုပ်ကြီး အိုရောက်ခ်ကိုယ်တိုင် ကျွန်မကို လာတွေ့ ပြီး သူ၏ပြည့်စုံလှစွာသော အတွေ့အကြုံတို့ကို အခြေခံကာ ကျွန်မကိုမေးမြန်းစစ်ဆေး၏။ ထို့နောက် ဝတ်ကောင်းစားလှဝတ်ထားသော အမျိုးသမီးတွေ၊ လူကြီးလူကောင်းတွေကို မကြာခဏ ခေါ်လာကာ ထူးဆန်းသော ‘နယ်လီဘရောင်း”ကို ပြ၏။

သတင်းထောက်တွေက ဒုက္ခအပေးဆုံး။ သူတို့က မျက်စိလျှင်သည်။ ပါးနပ်သည်။ သို့သော် ကျွန်မပုံစံက အလွန်အမင်း တုန်လှုပ်ချောက်ချားကာ မျက်လုံးအပြူးသားနှင့်မို့ ကျွန်မကို ရူးနေသည်ပဲ ထင်သွားကြ၏။ သူတို့က လိမ္မာယဉ်ကျေးစွာ ကျွန်မကို မေးခွန်းတွေမေး၏။ အမျိုးစုံ အစ်ကြည့်အောက်

ကြည့်သည်။ ကျွန်မကို မကြာခဏပင် ဧည့်ခန်းထဲခေါ်သွားကာ မေးခွန်းများ စွာ လှည့်ပတ်မေးကြ၏။

ညနေပိုင်းတွင် ဒေါက်တာဖီးလ်ရောက်လာကာ ကျွန်မကို စစ်ပြန်၏။ သူကတော့ မေးခွန်းနည်းနည်းပဲမေး၏။ ကျွန်မအိမ်အကြောင်း၊ ကျွန်မ မိတ်ဆွေတွေအကြောင်း။ ထို့နောက် ကျွန်မမှာ ချစ်သူရှိမရှိ၊ အိမ်ထောင်ကျဖူးသလား၊ မကျဘူးလား မေး၏။ ထို့နောက် ကျွန်မကို လက်မောင်းဆန့်တန်းစေကာ ကျွန်မလက်ချောင်းလေးတွေကို လှုပ်ခိုင်း၏။ ကျွန်မက ကမောက်ကမတွေ လုပ်ပြတော့ သူက ခေါင်းကို ညင်ညင်သာသာ ခါပြီး မျှော်လင့်ချက်မဲ့လေခြင်းဟု တီးတိုးရေရွတ်၏။ အခြားလူနာများကိုလည်း ကျွန်မကိုမေးသော မေးခွန်းများပင် မေး၏။

ဆရာဝန်ကြီး ထွက်သွားတော့မှ မစ္စတီလီမေယတ်က သူမ ယခု ရောက်နေတာ အရူးထောင်မှန်း သိလိုက်ရ၏။ ထို့ကြောင့် သူက ဒေါက်တာ ဖီးလ်ထံသွားကာ သူ့ကိုဘာကြောင့် ဤနေရာတွင် ထားသလဲမေး၏။

"ခင်ဗျား အခု အရူးထောင်ရောက်နေတာ သိသွားပြီလား" ဟု ဆရာဝန်ကြီးက ပြန်မေး၏။

"ဟုတ်တယ်လေ၊ ကျွန်မမိတ်ဆွေတွေက ကျွန်မကို အာရုံကြောတွေ သိပ်အလုပ်မလုပ်ဘူးဆိုပြီး ကျွန်မကိုကုသဖို့ ပို့ပေးတယ်၊ ခုတော့ ဒါက ဆေးရုံမှ မဟုတ်တာ၊ အရူးထောင်ပဲ၊ ကျွန်မ ခုချက်ချင်း ထွက်သွားပါရစေ"

"ချက်ချင်းလက်ငင်း အမြန်ဆုံး ထွက်လို့တော့ မရဘူးလေ" ဟု ဆရာဝန်ကြီးက ရယ်ပြီးပြော၏။

"ရှင်က ဆရာဝန်ပဲ၊ ရှင် သေသေချာချာ ကြည့်လေ၊ ကျွန်မ ရူးသ လား၊ မရူးဘူးလားဆိုတာ"

"ဒါတော့ အဆုံးအဖြတ်ပေးမယ်လေ၊ မလောနဲ့၊ ဖြည်းဖြည်းတော့ အဖြေပေါ်လာမှာပေါ့"

ဆရာဝန်ကြီးက လေအေးလေးဖြင့် ပြောကာ ဘာမှမဖြစ်သလို ပုံစံဖြင့် အခန်းထဲမှထွက်သွား၏။

ယနေ့ တနင်္ဂနွေနေ့ည။

သို့သော် စနေနေ့ည ပုံစံအတိုင်း ဘာမှမထူးခြား။ တစ်ညလုံး သူနာပြု ဆရာတွေ စကားသံ၊ အဆောင်တွေမှာ ခြေသံပြင်းပြင်း လမ်းလျှောက်သံ။

တနင်္လာနေ့နံနက်တွင် ကျွန်မတို့ကို တစ်နေရာပို့ပေးမည်ဟု ပြော၏။ နေ့လယ် ၁-နာရီခွဲမှာ ပို့မည်ဟုဆို၏။ ထို့နောက် သူနာပြုများက ကျွန်မကို မေးခွန်းတွေ ဆက်တိုက်မေး၏။ ကျွန်မ အိမ်က ဘယ်မှာလဲ။ ကျွန်မချစ်သူက ဘယ်သူလဲ။ ထို့နောက် သတင်းထောက်တွေ ရောက်လာကြ၏။ ဘာသတင်း အစအနများရမလဲဟု သတင်းအနံ့ခံကြ၏။ ကျွန်မ သူတို့နှင့်မတွေ့ချင်မှန်း သိလျှင် မစ္စစကော့က ကျွန်မကို အခန်းထောင့်ထဲမှာပဲ ထိုင်နေစေ၏။ ကျွန်မနှင့်သတင်းထောက်တွေကို တွေ့ခွင့်မပေး။ ကျေးဇူးကြီးလှပါပေ့ မစ္စစကော့ရယ်။ ကျွန်မကတော့ သူ့ကို ကျေးဇူးအခါခါ တင်နေမိ၏။ သတင်း ထောက်တွေများလာလေလေ ကျွန်မကို သိသူပေါ်လာနိုင်လေလေ။ ထို့ကြောင့် ရှောင်နေတာက အကောင်းဆုံး။

ဆေးရုံအုပ်ကြီး အိုရေ့ဗ်ကီက ထပ်လာ၏။ နောက်ဆုံးအကြိမ် စစ်ဆေး ၏။ မေးခွန်းတချို့မေး၏။ သူက ကျွန်မ၏မှတ်စုစာအုပ်တွင် သူ့နာမည်ကို ရေး၏။ ထို့နောက် သူနာပြုတစ်ဦးကို တစ်နာရီတွင် ကျုပ်နာမည် သူ မေ့ သွားလိမ့်မယ်ဟု ပြော၏။ ကျွန်မက မသိမသာ ပြုံးလိုက်၏။ ကျွန်မက ခု ချက်ချင်းပင် မေ့သွားပြီဟု သူ့ကို ပြောနိုင်၏။ တခြားလူတွေ ကျွန်မကို လာကြည့်ကြ၏။ မေးကြမြန်းကြ၏။ တစ်ဦးနှင့်မှ ကျွန်မ မသိ။

နေ့လယ်ခင်း ရောက်ပါပြီ။ ကျွန်မ ကျွန်းသို့သွားဖို့ အချိန် နီးလာပြီ။ ဘာတွေ ဆက်ကြုံရဦးမလဲ တွေးမိပြီး ရင်တွေခုန်လာ၏။ မကြာခင် ကျွန်မ၏ တဘက်၊ ဦးထုပ်နှင့်လက်အိတ်တွေ ပြန်လာပေးသည်။ ထို့နောက် ဝန်ထမ်းတစ်ဦးက ကျွန်မကိုလာခေါ်၏။ ကျွန်မတွင်ရှိသော လက်ကျန်ပိုက်ဆံထဲမှ အချို့ကို မေရီကိုပေးလိုက်၏။

"ဘုရားသခင် စောင်မကြည့်ရှုပါစေ၊ ငါ ဆုတောင်းနေတယ်နော်၊ နင် ပြန်ပြီး လူကောင်းဖြစ်ပါစေလို့၊ မင်းက အသက်ငယ်ပါသေးတယ်၊ မှုမှန်စိတ် ပြန်ရလာမှာပါ"လို့ သူက ငိုသံပါကြီးနှင့် ဆုတောင်းနေ၏။ ကျွန်မ မစ္စစကော့ကို စပိန်ဘာသာဖြင့် နှုတ်ဆက်လိုက်၏။ ရုပ်ကြမ်းကြီးရှိသော ဝန်ထမ်းက ကျွန်မလက်ကို အတင်းကိုင်ကာ ဒရွတ်တိုက် မဆွဲရုံတမည် တွန်းလားထိုးလားနှင့် လုပ်ပြီး လူနာတင်ယာဉ်ပေါ်သို့ ပို့လိုက်၏။ ကျောင်းသား တစ်စု ကားအနီးတိုင် လာစူးစမ်းကြ၏။ ကျွန်မက တဘက်ဖြင့် မျက်နှာကိုအုပ် လိုက်၏။

မစ္စနီဖီး၊ မစ္စမေယတ်၊ မစ္စဖောက်စ်နှင့် မစ္စရုန်း(မ်)တို့လည်း တစ်ဦး ပြီးတစ်ဦး ကားပေါ်ရောက်လာကြ၏။ ထို့နောက် အမျိုးသားတစ်ဦး ရောက် လာကာ လူနာတင်ယာဉ်တံခါးကို သော့ခတ်၏။ ပြီးတော့ ကားမောင်းထွက် လာ၏။ ယခု ဦးတည်နေတာကမှ တကယ့်အရူးထောင်စစ်စစ်၊ လူနာအားလုံး ရုန်းခြင်းကန်ခြင်း မရှိ။ ငြိမ်ပြီး လိုက်ပါကြ၏။ အမျိုးသားကြီး၏ကိုယ်နံ့က ချဉ်ချဉ်စူးစူးနှင့်

အော့ချင်အန်ချင်သလိုပင် ဖြစ်လာသည်။

မကြာခင် ဆိပ်ခံဘောတံတားတစ်ခုသို့ ရောက်လာကြ၏။ အောက်မှ လူတွေဝိုင်းအုံနေသ ဖြင့် ရဲက အတော်ပင် လမ်းရှင်းယူရ၏။ ထို့နောက် ကျွန်မတို့ကို သင်္ဘောပေါ်တင်၏။ ကျွန်မက နောက်ဆုံးမှလိုက်ရ၏။ လေပြည် လေညင်းက သန့်ရှင်းလတ်ဆတ်လှ၏။ ကျွန်မက အသက်ကို တစ်ဝကြီးရှူ လိုက်သည်။ ကျွန်မကို သင်္ဘောကုန်းဘက် အောက်ခန်းဆီသို့ တွန်းပို့လိုက် ၏။ ကျွန်မရှေ့မှ အလျင်ရောက်နှင့်သူများက ခုံတန်းရှည်တွင် အစီအရီ ထိုင်နေကြ၏။ ထို့နောက် ပြတင်းပေါက်တွေ ပိတ်လိုက်၏။ ညှီစို့စို့ အနံ့ကြီးက ထွက်လာသည်။ နေမထိ၊ လေမရတာ ကြာ၍ အောက်သိုးသိုး ပုပ်စပ်စပ် အနံ့ဖြစ်နေသောအခန်း။ ထိပ်ဘက်နားမှာက အပေါက်လေးတစ်ခုရှိ၍ ကျွန်မက ထိုနားသို့သွားပြီး အပြင်လေကိုရှူရ၏။ ထိုနားမှာ စိတ်မမှန်သော ကလေးမ လေးတစ်ဦးရှိ၏။ ညစ်ပေနေသော ခြင်ထောင်ကို လက်နှင့်ပိုက်ထား သည်။ အဘွားကြီးတစ်ယောက်လည်းရှိ၏။ ခြင်းလေးထဲမှာက ပေါင်မုန့်တွေ နှင့် အသားတချို့ရှိသည်။ တံခါးပေါက်ဝတွင် အမျိုးသမီးဝန်ထမ်းနှစ်ဦး စောင့်နေ၏။ နှစ်ယောက်စလုံးပင် ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင်၊ မျက်နှာပေါက် ခပ်ဆိုးဆိုး။ သူတို့က ကျွန်မတို့ကို အရူးတွေဟု သဘောထားကာ မတူမတန် သလိုလို ပုံစံမျိုးချိုးထားကြ၏။ တံခါးပေါက်ဝမှာ စောင့်ကြည့်ရင်း အပြင်က အမျိုးသားတွေနှင့် လှမ်းလှမ်းစကားပြောနေကြ၏။ သူတို့က ကျွန်မတို့ ဘယ်နှယောက်ပါလာတယ်၊ ပုံစံတွေက ဘယ်လို စသည်တို့ကို ပြောနေကြ ခြင်းဖြစ်၏။

သင်္ဘောရပ်သွားတော့ အဘွားကြီးနဲ့ ကလေးမလေးကို အရင်ခေါ် ထုတ်၏။ ကျွန်မတို့အားလုံး နေကြဦးဟုအမိန့်ပေး၏။ နောက်တစ်ခါ ကမ်းအကပ်ကျမှ ကျွန်မတို့ကို တစ်ယောက်ချင်း အပြင်ကိုခေါ်ထုတ်၏။ ကမ်းနဖူးတွင် လူနာတင်ယာဉ်စောင့်နေ၏။ ကားထဲမှာ အခြားလူနာလေးဦး လည်း ရှိ၏။

ကျွန်မလက်မောင်းကို အတင်းဖမ်းချုပ်ထားသော လူကြီးကို ကျွန်မ လှမ်းကြည့်ကာ မေးလိုက်၏။

"ဒါက ဘယ်ရောက်နေတာလဲ"

"ဒါက အလက်ဝဲလ်ကျွန်းလေ၊ အရူးတွေထားတဲ့ကျွန်းပေါ့၊ လွတ်လမ်း ဘယ်တော့မှမရှိတဲ့နေရာ"

ဩော်... ကျွန်မ မျှော်မှန်းထားသော အလက်ဝဲလ်ကျွန်းမှ အရူး ထောင်ကို ယခု တကယ် ရောက်တော့မှာပါလား။

အခန်း (၈)

အရှူးထောင်ထဲမှာ

ကားက လှုပသောမြက်ခင်းလေးများကို ဖြတ်ကာမောင်းနေ၏။ ဘေးဘီမှ လူနာ အားလုံးကတော့ မျက်နှာမကောင်းကြရှာ။ ကျွန်မကတော့ ကိုယ့်စိတ်ကူးနှင့်ကိုယ် ကျေနပ်နေ၏။ သို့သော် မျက်နှာပြင်ပေါ်တွင် ကျေနပ်အားရသည့်ပုံစံမျိုး မပေါ်အောင်တော့ မနည်း ထိန်းချုပ်ထားရ၏။ ယခုမှ ကျွန်မ၏လေ့လာမှု အစပြုရတော့မည်။ လာမည့်ဘေး ပြေးတွေ့ရန် သတ္တိတွေလည်း စုဆောင်းထားလိုက်၏။ တော်ရုံတန်ရုံ စိတ်ဓာတ်ကြံ့ခိုင်ပုံမျိုးနှင့်ကား ဤအလုပ်ကို မည်သူမှ လုပ်ရဲမည်မဟုတ်။ သူတကာမလုပ်ရဲသော အလုပ်ကို လုပ်ရဲသူကမှ အာဂလူ။ ကျွန်မက အာဂလူဖြစ်အောင် လုပ်ရမည်ဟုလည်း မိမိကိုယ်မိမိ အားပေးနေမိ၏။

တကယ်တော့ ယခုလို ကားပေါ်တွင် ပါလာသူအားလုံး ရူးနေကြသည် မဟုတ်။ သူတို့ကို အကြောင်းကြောင်းသော အကြောင်းကြောင်းတို့က အရူးထောင်ကို တွန်းပို့ကြခြင်းသာ ဖြစ်၏။ အရူးထောင်ဆိုတာက တကယ်တော့ ကြောက်စရာ။ ကြိုးစင်ပေါ် တက်ဆို တက်မည်။ အရူးထောင်မှာ မရူးဘဲနေရေးကား အတော်ပင် မလွယ်သောကိစ္စ။ မကြာခင် ကျောက်တုံးများဖြင့် ဆောက်ထားသော အဆောက်အအုံ ရှည်မျောမျောတခုကို လှမ်းမြင်ရ၏။ ထို့နောက် ခပ်ပုပု အဆောက်အအုံတခုဆီ ရောက်လာ၏။ မီးဖိုချောင်ဖြစ်ဟန်တူ၏။ လမ်းအဆုံးတွင် ဆိုင်းဘုတ်တခု တွေ့ရ၏။

"ညှော်သည်များ ဤနေရာမှ ကျော်လွန်၍မလာရ"

မကြာခင် ကားရပ်သွားသည်။ သူနာပြုနှင့် တာဝန်ခံအရာရှိတို့က ကျွန်မတို့ကို ကားပေါ်မှ ဆင်းခိုင်း၏။

"သူတို့ ငြိမ်လိုက်လာတာပဲ ကျေးဇူးတင်ရဦးမယ်၊ ရုတ်ရုတ်ရက်ရက် လုပ်ရင် ရိုက်နှက်နေရဦးမယ်" ဟု သူနာပြုတဦးက ပြော၏။ ထို့နောက် သုံးယောက်တတွဲ တန်းစီကာ သူတို့နောက်ကို လိုက်စေ၏။ ကျွန်မအဖော်တွေ ဘယ်ရောက်နေသလဲ သိ၊ မသိ ကျွန်မက စူးစမ်းကြည့်သည်။ ထို့နောက် မစ္စတီလီမေယတ်ကို မေးကြည့်၏။

"ကျွန်မတို့ ဘယ်ရောက်နေတာလဲ"

“ဒါက ဘလက်ဝဲလ်ကျွန်းက အရူးထောင်ပေါ့” ဟု သူက ဝမ်းနည်းပက်လက် ပြန်ဖြေသည်။

“ရှင်ကကော တကယ်ပဲ ရူးနေလို့လား”

“မရူးပါဘူးကွယ်၊ ဒါပေမဲ့ ငါတို့ကို ဒီကို ပို့လိုက်တော့ လွတ်လမ်း မတွေ့မချင်း အလိုက်သင့် ငြိမ်နေရဦးမှာပဲ၊ ဆရာဝန်တွေကလည်း မဟန်ပါဘူးကွယ်၊ ဒေါက်တာဖီးလ်ကို ငါက အတန်တန် ပြောတယ်၊ ငါ မရူးပါဘူးဆိုတာ။ အဲဒီလိုပြောလေ သူက ငါ့ကို ရူးတယ်ထင်လေ၊ စိတ်ပျက်စရာအေ”

ကျွန်မတို့ တနေရာရောက်သောအခါ နောက်မှနေ၍ တံခါးကို ဂျိမ်းခနဲ ပိတ်သံ ကြားလိုက်ရ၏။

ကျွန်မသာ မရူးကြောင်း ခိုင်ခိုင်မာမာ ပြနိုင်ခဲ့လျှင် မကြာမီရက်အတွင်း ကျွန်းအပြင် ပြန်ရောက်နိုင်မည်။ ယခုတော့ စိတ်ရောဂါကု ပါရဂူကြီး လေးဦးစလုံးက ကျွန်မကို ရူးနေပါသည်ဟု ဤနေရာသို့ ပို့ခဲ့ကြသည်။ ယခုအချိန်ကစ၍ ကျွန်မ အရူးတွေနှင့် အတူနေ၊ အတူစား၊ အတူစကားပြောရတော့မည်။ နေရထိုင်ရတာတော့ တည်းခိုခန်းလို မဟုတ်တာ သေချာ၏။ စားရတာကလည်း အရူးတွေ စားသလိုပဲ စားရမည်။ သတင်းအချက်အလက် အမှန်ရဖို့ ဒါတွေကို ခံနိုင်ရည်ရှိရမည်။

ကျွန်မတို့ အခန်းတခုထဲ ရောက်လာကြ၏။ အခန်းထဲရှိ နဂိုရှိရင်းစွဲ လူနာတွေက ကျွန်မတို့ကို ခရီးဦးကြိုဆိုပြု၏။ တယောက်က ကျွန်မနားကပ်ကာ မေး၏။

“ဘယ်သူက ဒီကိုပို့လိုက်တာလဲ”

“ဆရာဝန်တွေက”

“ဘာကြောင့်လဲ”

“ကျွန်မကို ရူးတယ်ဆိုပြီး ပို့လိုက်ကြတာပဲ”

“ရူးတယ် ဟုတ်လား၊ ငါတွေ့တာတော့ နင့်မျက်နှာမှာ ရူးတဲ့လက္ခဏာ လုံးဝ မရှိပါဘူး”

ထိုအမျိုးသမီးက အတော်အကဲခတ်ကောင်းပုံ ရ၏။ ကျွန်မ ဘာမှပြန်မပြော။ မကြာခင် သူနာပြု ဆရာမတဦး ရောက်လာ၏။ သူ့နာမည်က မစ်ဂရုပီ။ ရုပ်က ဂျာမန်ရုပ်။ ပါးစပ် ခပ်ပြဲပြဲ၊ ရုပ်ခပ်ဆိုးဆိုး။ သို့သော် ကြင်နာမှု

အရိပ်အယောင်တွေ သူ့လှုပ်ရှားမှုမှာ ပေါ်နေ၏။ သူက ကျွန်မတို့ကို ထိုင်ခိုင်းကာ ရုံးခန်းနှင့်တူသော အခန်းကျဉ်းတခုထဲ ဝင်သွား၏။ မကြာခင် သူ ပြန်ထွက်လာ၏။ သူ၏အကျည်းတန်သော ပါးစပ်ပြဲပြဲက ပြုံးလိုက်တော့ ချစ်ခင်နှစ်လိုဖွယ်။

"တီလီမေယတ် ဒီကိုလာပါ"

သူက ယဉ်ယဉ်ကျေးကျေး ခေါ်၏။ မစ္စမေယတ် ရုံးခန်းထဲ ဝင်သွား၏။ မစ္စမေယတ်က သူ မရှုးကြောင်း မျိုးစုံ လျှောက်လဲချက် ပေးနေသံကြားရ၏။ တဘက်မှလည်း သူ ဘာပြောပြော ယုံဟန် မတူ။ ဒီက ဆရာဝန်များကလည်း ဟိုဘက်ဆေးရုံမှ စိတ်ပညာပါရဂူများ၏ မှတ်ချက်ကိုသာ အတည်ယူကြ၏။ မကြာခင် မစ္စမေယတ် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ထွက်လာသည်ကို တွေ့ရ၏။

မစ္စစ်လူစီရှန်မ်အလှည့်။ သူ့ကို ဤအရှုးထောင်မှ ဆရာဝန်ကြီးဒေါက်တာလီနီယာက တွေ့၏။

"ခင်ဗျားနာမည်ပြော"

ဆရာဝန်က အသံခပ်ကျယ်ကျယ်နှင့် မေး၏။

သူက ဂျာမန်ဘာသာစကားဖြင့် ပြန်ပြော၏။ သူ အင်္ဂလိပ်လို မပြောတတ်။ နားမလည်ဟု ဆို၏။ တကယ်လည်း ဘာမေးမေး မသိသဖြင့် ဆရာဝန်ကြီးက လက်လျှော့လိုက်ကာ မစ္စဂရုပီကို "နင်က ဂျာမန်လူမျိုးပဲ၊ သူ့ကို ဂျာမနီလို မေးပေးစမ်းပါ" ဟု အကူအညီတောင်း၏။

မစ္စဂရုပီကလည်း သူ ဂျာမန်လူမျိုးဆိုတာ လူသိမခံချင်။ သူက ဂျာမန်ဖြစ်ရတာ ရှက်သူ။ ထို့ကြောင့် သူက ဂျာမန်လို မပြောချင်။

"ကျွန်မက ဂျာမန်ဘာသာကို ထမင်းစားရေသောက်ပဲ ပြောတတ်တာပါ" ဟု ငြင်း၏။

"ကဲ ဒါဆိုလည်း တတ်သလောက်ပဲ မေးပေး၊ ဒီအမျိုးသမီးရဲ့ယောကျ်ားက ဘာလဲဆိုတာ" ဟု ပြောပြီး သူတို့နှစ်ယောက်က ဟာသတပုဒ် ကြားလိုက်ရသလို ရယ်လိုက်ကြ၏။

"ကျွန်မက နည်းနည်းပဲ ပြောတတ်ပါတယ်" ဟု ပြောရင်းက သူ မစ္စတာရု(မ်)အကြောင်း မေး၏။

"ဩော် မင်းက အခုထိ လိမ်နေတာကိုး၊ လိမ်လို့က ဘာအကျိုးရှိမလဲ" ဟု ဆရာဝန်က မစ္စရု(မ်)ကို ကြိမ်းမောင်းနေပြန်သည်။

"ကျွန်မ ဒီထက်ပိုပြီး ဘာမှမပြောနိုင်တော့ဘူး" ဟု သူက ပြောကာ ဘာတခွန်းမှ မပြောတော့။

သို့ဖြင့် မစ္စလူစီရှန်မ်သည် ဆရာဝန်ကြီး နားလည်အောင် ဘာမှမပြောတတ်မှုကြောင့် ဤအရူးထောင်တွင် ဆက်လက်ထိန်းသိမ်းထားရန် အမိန့်ချလိုက်ခြင်း ခံခဲ့ရ၏။ ဒါက တရားမျှတမှု ရှိပါသလား။ ဂျာမန်စကားပြန်တဦး ခေါ်ဖို့ သိပ်မခက်လှပါ။ သို့သော် လူသားချင်း ထောက်ထား ညှာတာစိတ် ကင်းကြလေခြင်း။ အင်္ဂလိပ်စကား မတတ်မှုဆိုသော သူ၏အားနည်းချက် တခုတည်းဖြင့် အရူးထောင်မှာ ဘဝတသက်တာ မြှုပ်နှံရရှာပေတော့မည်။ သူ့အတွက် လျှောက်လဲပေးမည့်သူ မရှိ။ အာမခံပြီး ထုတ်ပေးမည့်သူမရှိ။ လူသတ်သမားတဦးပင်လျှင် သူ သတ်ခဲ့ကြောင်း မျက်မြင်သက်သေ မရှိလျှင် သူ မသတ်ကြောင်း တရားရုံးတွင် လျှောက်လဲပိုင်ခွင့် ရှိ၏။ သူ့ဘက်က ခုခံချေပရန် ရှေ့နေငှားခွင့် ရှိ၏။ ယခုတော့ မစ္စရှန်မ်ခမျာ အင်္ဂလိပ်စကား မပြောတတ်မှုကြောင့် အရူးထောင်မှာ တသက်ခံရပေတော့မည်။ မစ္စရွှန့်က ရှုံက်ကြီးတငင် ငိုရင်းနှင့် ကျွန်မတို့အခန်းထဲ ပြန်ရောက်လာ၏။

ထို့နောက် "မစ္စဖောက်မ်"

ထို့နောက် "မစ္စဘင်နီနီဗိုလ်း"

သူတို့ကိုလည်း မေးမြန်းပြီး အခန်းထဲပြန်ပို့၏။

ယခု ကျွန်မ အလှည့်။

ကျွန်မကတော့ ဘာမေးမေး ကျွန်မ ဘယ်သူဆိုတာ မပြော၊ ဘယ်မှာနေတယ်ဆိုတာ မပြောရန် နဂိုကတည်းက သန္နိဋ္ဌာန်ချထားပြီးသား။

■

အခန်း (၉)

ကျွမ်းကျင်သူတဦး၏ လုပ်ငန်းခွင်

"နယ်လီဘရောင်း လာခဲ့"

မစ္စဂရုပီခေါ်၍ ကျွန်မ အခန်းထဲဝင်သွား၏။ ကျွန်မကို ဒေါက်တာကင်းနီးယား၏ စားပွဲနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ထိုင်ခိုင်း၏။

"မင်းနာမည် ဘယ်သူလဲ"

သူက ကျွန်မကို မော့မကြည့်ဘဲ မေး၏။

"နယ်လီဘရောင်းပါ"

"နေတာကရော"

ကျွန်မပြောတာကို သူက စာအုပ်ကြီးတအုပ်တွင် ရေးမှတ်ရင်း ထပ်မေး၏။

"ကျူးဘားကပါ"

"အိုး"

ရုတ်တရက် အာမေဍိတ်သံထွက်လာပြီး သူက သူနာပြုကို လှမ်းမေး၏။

"သူ့အကြောင်း သတင်းစာတခုခုမှာ မင်း မတွေ့မိဘူးလား"

"တွေ့ပါတယ်၊ ဒီကောင်မလေးအကြောင်း သူရိယသတင်းစာမှာ တနင်္ဂနွေနေ့က ပါတယ်လေ"

"ဒါဆို သူ့ကိုခေါ်ထားလိုက်၊ ငါ ရုံးသွားပြီးမှ ပြန်လာမယ်"

သူက ထွက်သွားသည်။ ပြီးတော့ ပြန်လာ၏။ "သူ့အကြောင်း သတင်းစာက ရှာမတွေ့ဘူးဟ" ထို့နောက် သူနာပြုကို ဆက်မေးရာ -

"သူ့မျက်လုံးအရောင်က ဘာအရောင်လဲ"

"မီးခိုးရောင်ပါ" ဟု မစ္စဂရုပီက ဖြေ၏။ တကယ်တော့ ကျွန်မကို မြင်သူတိုင်းက ကျွန်မမျက်လုံးတွေက အညိုရောင် သို့မဟုတ် နီညိုရောင်ဟု

ပြောတတ်ကြ၏။

“မင်း အသက်ကကော”

ဆရာဝန်က ကျွန်မဘက်လှည့်ကာ မေးပြန်သည်။

“မေလက ၁၉ နှစ် ပြည့်ပါတယ်”

ထို့နောက် သူနာပြုဘက်ကို တခါလှည့်ပြောပြန်၏။

“မင်း ဘယ်တော့ အပြင်ထွက်ခွင့်ရမလဲ”

“လာမယ့်စနေနေ့လေ” ဟု မစ္စဂရုပီက ရယ်ရယ်မောမော ဖြေ၏။

“မြို့ထဲသွားမှာပေါ့၊ ဟုတ်လား”

သူတို့အထာနှင့် သူတို့ ပြောလိုက် ရယ်လိုက်နှင့်။

“သူ့အရပ် တိုင်းလိုက်စမ်း”

ကျွန်မကို ပေကြိုးနှင့်တိုင်း၏။

“ဘယ်လောက်ရှိသလဲ” ဆရာဝန်က မေး၏။

“မသိဘူးလေ”

“တိုင်းပါကွာ၊ အရပ်ဘယ်လောက်လဲဆိုတာ”

“မသိဘူး ဒီမှာက ဂဏန်းတွေရှုပ်နေတာပဲ”

“မြင်တာပြောကွာ”

“ဆရာပဲ လာတိုင်းတော့”

ဆရာဝန်က ကျွန်မရှေ့လာပြီ အရပ်တိုင်း၏။

“ငါးပေ ငါးလက်မ၊ ကဲ... တွေ့ပြီ မဟုတ်လား” ဟု ဆရာဝန်ကပြောကာ မစ္စဂရုပီခေါင်းကို သူ့လက်နှင့် အသာပုတ်လိုက်၏။ မစ်ဂရုပီကလည်း ခေါင်းကလေး ပုဝင်ကာ လျှာထုတ်ပြပြီး သူတို့နှစ်ယောက် ဘာရယ်မဟုတ် ရယ်လိုက်ကြပြန်၏။ သူတို့နှစ်ယောက်က တဦးကိုတဦး ချစ်ကျီစယ်နေသလိုလို ကလိတိတိ ရိတိတိတွေ ပြောနေကြမှန်း ကျွန်မ ရိပ်စားမိ၏။

“ကဲ ပေါင်ချိန်ဦး” ဆိုကာ ကျွန်မကို ပေါင်ချိန်စက်ပေါ်တက်ခိုင်း၏။

"ဘယ်လောက်လဲ"

"မသိဘူး၊ ဆရာ့ဘာသာ ဆရာလာကြည့်၊ ကျွန်မချည်း ခိုင်းကောင်းတိုင်း ခိုင်းနေတာပဲ၊ ဆရာနော် ဆရာ ပြောလိုက်ရ မကောင်းဖြစ်နေမယ်"

"ဒီကလေးမလေးကတော့လေ ငါ့ဆို သိပ်ကို မိုလ်ကျတာပဲ" ဟု ရယ်ရယ်မောမော ပြောရင်း ဆရာဝန်က ကျွန်မပေါင်ချိန် လာဖတ်၏။

"၁၁၂ ပေါင်"

ဆရာဝန်က ပေါင်ချိန်ကို ဖတ်ရင်းက ဘာရယ်မဟုတ် သူတို့နှစ်ယောက် ရယ်ကြပြန်၏။

"မင်း ညလယ်စာ ဘယ်အချိန်စားလဲ"

ကျွန်မက ကျွန်မစားချိန်ကို ပြောလိုက်၏။

ဆရာဝန်က ကျွန်မကိုသာ မေးနေသည်။ တကယ်တော့ သူ့စိတ်က သူနာပြုဆရာမဆီမှာ။ သူနာပြုဆရာမကလည်း ဘာမှမလုပ်ဘဲ ဆရာဝန်ကိုသာ စိုက်ကြည့်နေ၏။ သူတို့နှစ်ယောက် မျက်လုံးချင်းဆုံတော့ ဘာရယ်မဟုတ် ရယ်လိုက်ကြပြန်သည်။ ကျွန်မလည်း စိတ်မရှည်တော့။ ကျွန်မရှေ့ထားပြီး သူတို့အချင်းချင်း ကလူကျီစယ်နေတာ မကြည့်ချင်တော့။

"ကျွန်မက မရူးဘူး၊ ဒါကြောင့် ဒီမှာမနေချင်ဘူး၊ ဘယ်သူကမှ ကျွန်မကို အကြောင်းမဲ့ ပိတ်လှောင်ခွင့်မရှိဘူး"

ကျွန်မက ဘာပြောပြော ဆရာဝန်က ဂရုမစိုက်ဘဲ စာအုပ်ထဲမှာသာ ရေးချင်တာတွေ ဆက်ရေးနေ၏။ ပြီးတော့မှ ဒီလောက်ဆို ရပါပြီဆိုကာ ကျွန်မကို အခန်းထဲပြန်ပို့လိုက်၏။

ကျွန်မ၏အခန်းဖော်များက ဧည့်ခန်းထဲရှိ စန္ဒရားကြီးကို ကြည့်ကာ "မင်း စန္ဒရားတီးတတ်သလား" ဟု မေးကြသည်။

"အင်း ငယ်ငယ်ကတည်းက တီးတာပဲ" ဟု ကျွန်မက ပြန်ဖြေသည်။ သူတို့က ကျွန်မကို တီးပြပါလားဟု ပွဲတောင်းသည်။ ကျွန်မလည်း သစ်သားကုလားထိုင်ပေါ်တွင် ထိုင်ကာ စန္ဒရားကို အသံစမ်းလိုက်၏။

"မဆိုးပါဘူး တီးလို့ရသားပဲ" ဟု ကျွန်မဘေးတွင် ရပ်နေသော သူနာပြုဆရာမ မစ္စမက်ကာတင်ကို ပြောရင်း သီရိဂေဟာဆိုသော တေးသွားကို စမ်းတီးလိုက်၏။

“အရှေ့ပဲဖြစ်ဖြစ်... အနောက်ပဲဖြစ်ဖြစ်

တိုက်တာပဲဖြစ်ဖြစ်... တဲအိမ်ပဲဖြစ်ဖြစ်

ကိုယ်နေတဲ့အိမ်ဟာ အကောင်းဆုံးပဲ။

သီချင်းသံစဉ်တွင် အားလုံးမျောပါသွားကြသည်။ ကျွန်မ၏ အာရုံထဲတွင် ငယ်စဉ်က မိဘညီအစ်ကို မောင်နှမများနှင့် စုစုစည်းစည်း မရှိအတူ ရှိအတူ နေခဲ့ကြသော အိမ်ဂေဟာကို လွမ်းနေမိ၏။ နားထောင်နေသူများလည်း မိမိတို့အိမ် မိမိတို့မိသားစုတွေကို လွမ်းနေကြမှာ အမှန်ပင်။

ခုံတန်းရှည်ဟောင်းကြီးများက ဧည့်ခန်းတွင် တန်းစီနေ၏။ ခုံတန်းရှည်တလုံးတွင် လူငါးယောက် ထိုင်နိုင်၏။ ကျပ်ကျပ်သိပ်သိပ် ထိုင်လျှင် ခြောက်ယောက်ပင် ဆံ့၏။ သံတိုင်များ ကာထားသော ပြတင်းပေါက်တွေက ကြမ်းပြင်မှ ငါးပေအကွာတွင် ရှိကြ၏။ အခန်း၏အစွန်တွင်မူ ပိတ်ထားသော တံခါးမကြီးရှိ၏။ အခန်းအလယ်ကောင်တွင်ကား စားပွဲခင်းအဖြူ ခင်းထားသော စားပွဲရှည်ကြီးတလုံးရှိ၏။ ထိုစားပွဲတွင် သူနာပြုတွေ ဝိုင်းထိုင်ကြ၏။ တခန်းလုံး သန့်ရှင်းနေ၏။ အမှိုက်သရိုက် တစိုးတစိမျှ မရှိ။ သန့်ရှင်းရေးဝန်ထမ်းတွေကို သေသေချာချာ ကြပ်မတ်စွာ ခိုင်းထားပုံပေါ်၏။ ကျွန်မ သီချင်းဆုံးခါနီးတွင် မစ္စမတ်ကာတင် ရောက်လာကာ ကျွန်မကို ကြမ်းကြမ်းတမ်းတမ်း အမိန့်ပေး၏။

“အမယ် ရာရာစစ နင့်ကို ဘယ်သူက စန္ဒရားတီးခွင့် ပေးလို့လဲ၊ အရူးမကများ စန္ဒရား တီးချင်ရတယ်လို့ သွား၊ ထွက်သွားစမ်း”

ပြောပြောဆိုဆို စန္ဒရားအဖုံးကို ဂျိုင်းခနဲ ပိတ်ပစ်လိုက်၏။

“ဘရောင်း ဒီကိုလာစမ်း”

သူက မျက်နှာနီနီ ခပ်ကြမ်းကြမ်းနှင့် အလုပ်သမားတဦးကို လှမ်းခေါ်၏။ ပြီးတော့ ကျွန်မကိုမေး၏။

“ဘာတွေဝတ်ထားတာလဲ”

“ကျွန်မအဝတ်တွေလေ”

“အဲဒီအဝတ်စာရင်း ငါ့ကိုပြောစမ်း”

အင်္ကျီတစ်၊ စကပ်တစ်၊ ခြေအိတ်တစုံ၊ ဖိနပ်တစုံ၊ ကောက်ရိုးဦးထုပ်တလုံး စသဖြင့်။

အခန်း (၁၀)

ကျွန်မ၏ ပထမဆုံး ညလယ်စာ

"ခန်းမထဲကို လာကြ"

အမိန့်သံပါသော အသံတခု ဟိန်းထွက်လာ၏။

"ဒါ ညလယ်စာစားဖို့ ခေါ်တာဟ" ဟု အခန်းထဲရှိ အမျိုးသမီးတဦး ပြောသည်။ ကျွန်မတို့အားလုံးက တံခါးဝထိပ်နားတွင် တန်းစီရပ်ကြရ၏။ ၁၅ မိနစ်လောက်ကြာအောင် ရပ်စောင့်ရ၏။ အပြင်ဘက်မှလေက ဖွင့်ထားသော ပြတင်းပေါက်မှ တိုးဝင်လာတော့ ခိုက်ခိုက်တုန်အောင် ချမ်းသည်။ အတော်ကြာမှ သူနာပြုဆရာမတဦး ပေါက်ချလာကာ တံခါးသော့ ဖွင့်၏။ ပြီးတော့ လှေကားထိပ်ဆီသို့ သွားရ၏။

"အအေးဒဏ်ခံပြီး မတ်တတ်ရပ် အကြာကြီးစောင့်ရတဲ့ဒုက္ခကို သူတို့မစာနာကြဘူးကွယ်" ဟု မစ္စနီဗီးက ညည်း၏။

တုန်တုန်ယင်ယင်နှင့် ဖျော့တော့ကျုံလှီနေသော လူနာများကို ကြည့်ပြီး ကျွန်မ ကြေကွဲရ၏။

"တော်တော် လူမဆန်ကြတာပဲ"

သူတို့ကိုကြည့်ပြီး ကျွန်မ စားချင်သောက်ချင်စိတ်ပင် ပျောက်၏။ စိတ်မထိန်းနိုင်သူများပီပီ အချို့က ရယ်မောလျက်၊ အချို့ကလည်း ကြုံကြုံပါအောင်ငိုလို့။ အချို့တော့ ဘာခံစားမှုမှ မရှိ ငူငူငိုင်ငိုင်။

"အနွေးပေးစက်ရှေ့မှာ ရပ်ကြ၊ နှစ်ယောက်တတွဲစီ တန်းစီ"

အမိန့်သံက အဆက်မပြတ် ပေါ်လာ၏။

"မေရီ နင်က အဖော်ဘေးမှာရပ်လေ"

"နင်တို့ကို တန်းဖြောင့်ဖြောင့်စီပါလို့ ဘယ်နှခါ သင်ပေးနေရမလဲ၊ မစီရင်တော့ အသိပဲ"

ထို့နောက် တတိယတခါ မတ်တတ်ထရပ်ကြရ၊ စတုတ္ထအချီကျမှ ကျဉ်းမြောင်းသော ထမင်းစားခန်းထဲ ရောက်၏။ စားပွဲရှည်ကြီးက

ခန်းလုံးပြည့်ဖြစ်၏။ နောက်မှီမပါသော ထိုင်ခုံရှည်များပေါ်တွင် လူနာတွေက ထိုင်ရ၏။ အပိုတခုစီတွင် ပန်းရောင်ပြေးနေသော အရည်တွေ ထည့်ထား၏။ ဒါကို ဒီမှာတော့ လက်ဖက်ရည်ဟု ခေါ်ကြ၏။ လက်ဖက်ခြောက် ပါလေရုံ နို့ဆီ၊ သကြား မပါ၊ နွားမတမ်းသေးရည်လို။ ပြီးတော့ ပေါင်မုန့်တချပ်စီ ဝေပေး၏။ ပေါင်မုန့်က လက်နှင့် ဖွဲ့၍မရ။ သွားနှင့် အတင်းကိုက်ပြီး မျိုချရ၏။ မိန်းမဝဝကြီးတဦးက သူများသောက်ပြီးသော ခွက်များကို တောင်းကာ လက်ဖက်ရည် အကြွင်းအကျန်ကို လျှာနှင့်လိုက်လျက်နေ၏။ မဝ၍ ထပ်တောင်းသောသူတဦး၏လက်ကို သူနာပြုက တုတ်နှင့် ရိုက်ချတော့ ငိုမဲ့မဲ့နှင့် ငြိမ်သွား၏။ ကျွန်မရှေ့တွင် ထိုင်နေသော အမျိုးသမီးက သူ့ဝေစုကို မြန်မြန်စားလိုက်ပြီး ကျွန်မလက်ထဲမှာ ကိုင်ထားသောမုန့်ကို အာသာငမ်းငမ်းနှင့် စိုက်ကြည့်နေ၏။ ကျွန်မက လက်လှမ်းပေးလိုက်တော့ အမြန်ဆွဲယူကာ ပါးစပ်ထဲ အတင်းသွတ်ပြီး မျိုချလိုက်၏။

လက်ဖက်ရည်ကို ကျွန်မ တကျိုက်သာ မြည်းစမ်းသောက်ကြည့်၏။ ရေနွေးပူပူ သောက်နေရသည့်အတိုင်း မည်သည့်အရသာမျှ မရှိ။ ကျွန်မမျက်စောင်းထိုးမှ အမျိုးသမီးက ကျွန်မကို ကြည့်ပြီး ပြုံးပြ၏။ ကျွန်မက သူ့ကို လက်ဖက်ရည်ခွက် လှမ်းပေးလိုက်တော့ သူက တကျိုက်တည်း အကုန်မော့ချပြီး ကျွန်မကိုပြုံးပြ၏။

“မင်း ဒီလို သူများကိုချည်း မကျွေးနဲ့၊ ကြိတ်မှိတ်ပြီးမျိုချ၊ အရသာ မခံနဲ့၊ မစားရင် မင်းသေသွားမှာပေါ့” ဟု မစ္စနီဗီးက ကျွန်မကို သတိပေး၏။ “ဦးနှောက်ကောင်းဖို့ရာ ဝမ်းဗိုက်ကို ဂရုစိုက်ရတယ်ကွ၊ နို့မဟုတ်ရင် နဂိုရူးတာထက် ဒီမှာပိုရူးသွားနိုင်တယ်” ဟုလည်း ဆက်ပြောသည်။

“ကျွန်မလည်း ကြိုးစား စားကြည့်ပါတယ်၊ မရလို့ပါ၊ နောက်နေ့ဆိုရင်တော့ မစားချင်လည်း စားပါ့မယ်” ဟု ကျွန်မက ပြန်ပြော၏။ ထိုနေ့က ညလယ်စာ ကျွန်မ လွတ်၏။

စားသောက်ပြီးတော့ ကျွန်မတို့ကို ဧည့်ခန်းထဲပြန်ပို့၏။ ဧည့်ခန်းထဲရောက်တော့ အများစုက ကျွန်မကို စန္ဒရား တီးခိုင်း၏။ ကျွန်မက သူနာပြု ဆရာမများထံ တီးခွင့်တောင်း၏။

“အခြေအနေကြည့် တီးပေါ့ကွယ်” ဟု သဘောကောင်းပုံရသော ဆရာမတဦးက ခွင့်ပြု၏။ လူနာများ စိတ်သက်သာစေရန် ကျွန်မ သီချင်းတပုဒ် တီး၏။ ဒီတခါတော့ အဆိုကျော်က မစ္စတီလီမေယတ်။ သူက ခပ်မြူးမြူး သီချင်းတပုဒ် တီးခိုင်း၏။ သူက အဆိုကောင်း။ အားလုံးမျက်နှာ ပြုံးနေကြ၏။

■

အခန်း (၁၁)

ရေချိုးခန်းများ

သီချင်း သုံးလေးပုဒ် ဆိုကြတီးကြပြီးနောက် မစ္စဂရုပီက ရေချိုးရန် လာခေါ်၏။ အေးစက်စိုစွတ်သော ရေချိုးခန်း ရောက်၏။ ကျွန်မကို ကိုယ်တုံးလုံး ချွတ်ခိုင်း၏။ ကျွန်မက လူရှေ့သူရှေ့တွင် ဤသို့ ဝတ်လစ်စားလစ် မနေတတ်ဟု ပြော၏။

"လူတကာ ဒီလိုပဲ ကိုယ်တုံးလုံးချိုးကြတာ၊ မင်းက ဘာဖြစ်နေတာလဲ" ဟု သူနာပြု ဆရာမတဦးက ပြော၏။ ကျွန်မက အရူးဟန်ဆောင်နေတာ၊ အရူးလိုနေမှဟု သိစိတ်ကဝင်လာ၍ ရှက်ရက်နှင့် အဝတ်အစားတွေ ချွတ်လိုက်၏။ အရူးဖြစ်မှတော့ အရှက်အကြောက်မရှိမှ ဖြစ်မယ်ဟူသော အသိက ကျွန်မရှက်စိတ်ကို ခွာချလိုက်၏။

ကျွန်မ ကိုယ်လုံးတီး ဖြစ်သွားပြီ။ တခြားသူတွေလည်း ကိုယ်လုံးတီးတွေ။ ဘယ်သူ့ကို ဘယ်သူမှ မကြည့်ကြ။ ရှက်စရာ အကြောင်းမရှိ။ အဝတ်တွေ အကုန်ချွတ်လိုက်မှ စိတ်က ပိုပေါ့ပါး လွတ်လပ်လာ၏။ ကျွန်မ ရေဇလုံထဲ ခုန်ချလိုက်၏။ ပျော်စရာ အကောင်းသား။

အမလေး၊ ရေက ရေခဲတမျှ အေးစက်နေတာပဲ။ ချက်ချင်း ကျွန်မ ရေဇလုံထဲမှထ၏။ ထိုစဉ် အမျိုးသမီးတဦး ရေဇလုံထဲဝင်လာကာ ကျွန်မကို ဆပ်ပြာတိုက် ကြေးတွန်းပေး၏။ ကျွန်မက ရှန်း၏။မရ။ ထို့ကြောင့် ကျွန်မကပါ သူ့ကို ပြန်ပြီး ဆပ်ပြာတိုက် ကြေးတွန်းပေးလိုက်၏။ မိန်းမသားနှစ်ဦး တဦး ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို တဦး တယုတယ ကိုင်တွယ်ကြတာ အသာယာသားကလား။ ကျွန်မ ဤအတွေ့အကြုံ လုံးဝမရှိခဲ့။ ယခုတော့ အတွေ့ထူးတခုကို ခံစားလာရ၏။ မကြာခင် အခြားအမျိုးသမီးနှစ်ဦးပါ ကျွန်မတို့ရေဇလုံထဲ ဝင်ရေချိုးကြ၏။ စောစောက အေးစက်နေသောရေက ယခု နွေးလာ၏။ နွေးထွေးသော အတွေ့အထိများကြောင့် တယောက်က ကျွန်မခေါင်းပေါ် ရေပုံး သုံးလေးပုံး လောင်းချလိုက်၏။ ကျွန်မ လန့်သွားသည်။ ပြီးတော့ ကျွန်မ၏ နူးညံ့သောဆံပင်များကို သူက ပွတ်တိုက်ပေး၏။

"ဆံပင်သားလေးက နုလိုက်တာ၊ လူနဲ့ ဆံပင်နဲ့ သိပ်လိုက်တာပဲ၊ အရူးဆံပင်က ဒီလောက်မလှပါဘူး"

ထိုအမျိုးသမီးက ကျွန်မဆံပင်များကို တယုတယ ဆပ်ပြာဖြင့် လျှော်ပေးရင်းက သူ့ဘာသာသူ ပြောနေ၏။

ရေချိုးပြီးတော့ အိပ်ဆောင်ပြန်ဝင်ရ၏။ အိပ်ခန်းမှာက ခုတင် ခြောက်လုံးရှိ၏။ ကျွန်မလည်း ဒီမှာပဲ အိပ်ရမှာပေါ့။ ထိုစဉ် အခန်းအပြင်မှ တစုံတဦး၏အသံ ကြားရ၏။

"နယ်လီဘရောင်းကို ဒီည တယောက်တည်း အိပ်ပါစေ၊ နို့မို့ဆိုရင် သူက ဆူသံညံသံနဲ့ အိပ်လို့ရမှာ မဟုတ်ဘူး"

ထို့နောက် ကျွန်မကို အခန်း ၂၈ သို့ ခေါ်သွား၏။ ခုတင်က အခန်းအလယ်ကောင်မှာ။ ခုတင်အလယ်က မြင့်နေပြီ တဖက်တချက်က နိမ့်နေသည်။ ကျွန်မခေါင်းအုံးပေါ် ခေါင်းချလိုက်သော အခါ ခေါင်းအုံးတခုလုံး ဆံပင်မှ ရေတွေနှင့် ရွှဲနစ်ကုန်၏။ ခန္ဓာကိုယ်မှ ရေတွေလည်း အိပ်ရာခင်းမှာ ရွှဲကုန်သည်။ မစ္စဂရုပီဝင်လာတော့ ကျွန်မက ညဝတ်အင်္ကျီ တောင်းကြည့်၏။

"အရူးထောင်မှာ ညဝတ်အင်္ကျီ မရှိဘူးကွဲ့"

"ညဝတ်အင်္ကျီမရှိဘဲ ကျွန်မ မအိပ်တတ်ဘူး"

"ဒါတော့ မတတ်နိုင်ဘူး၊ ဒါက အရူးထောင်နော်၊ ဘာလိုတယ် ညာလိုတယ် တောင်းလို့ မရဘူး၊ အလှူငွေပေးတဲ့ အလှူရှင်တွေ သဒ္ဓါသလောက်ပဲ သုံးနေရတာ၊ အခုရထားတာတွေတောင် သူတို့ကို ကျေးဇူးတင်ရဦးမယ်"

"မြို့တော်စည်ပင်သာယာကရော ထောက်ပံ့နေတယ် မဟုတ်လား၊ ဒီကိုရောက်လာတဲ့ ကံဆိုးသူတွေအပေါ် ရှင်တို့ ညှာတာသင့်ပါတယ်"

"ညှာတာတာတို့၊ မေတ္တာတို့၊ အကြင်နာတို့ လာမပြောနဲ့၊ ဘာမှ မရှိဘူး" ဟု သူက ဆောင့်ကြီးအောင့်ကြီး ပြောကာ တံခါးပိတ် ထွက်သွား၏။

အိပ်ရာခင်းနှင့် ဆီစိမ်စက္ကူသာ ကျွန်မအောက်တွင် ကျန်၏။ အပေါ်မှ သိုးမွေးခြုံစောင် အနက်တထည် ရှိသည်။ ခြုံစောင်က တော်တော်တို၏။ အပေါ်ဘက်ဆွဲလိုက်လျှင် အောက်ဘက်ပေါ်၊ အောက်ဘက်ခြုံလျှင် အပေါ်ဘက်မလုံ။ သို့သော် ဒါပဲ ပေးထား၍ ဒါပဲ သုံးရ၏။ ညဘက်က သိပ်မဆူညံ၊ သို့သော် အခန်းတချို့ကို သော့ဖွင့်ဝင်လိုက်၊ ပြန်သော့ပိတ် ထွက်လိုက် ဆိုသော အသံတွေတော့ ကြားနေရ၏။ ခြေသံအချို့က ကျွန်မအခန်းနားကျလျှင် ရပ်သွား၏။ ကျွန်မ အိပ်ချင်ယောင် ဆောင်နေလိုက်၏။ မကြာခင် ကျွန်မအခန်းကို သော့လှည့်ဖွင့်သံ ကြားရ၏။ အမျိုးသမီးနှစ်ဦး ဝင်လာသည်။ အညိုရောင်နှင့် အဖြူရောင်အစင်း ဝတ်စုံ ဝတ်ထား၏။ ကြေးခါးပတ် ပတ်ထားကြသည်။ ခါးမှာက

သော့တွဲကြီးချိတ်ထား၏။ ခေါင်းမှာက အဝတ်ဖြူ ကက်ဦးထုပ်များ ဆောင်းထားသည်။ သူတို့က သူနာပြုတွေဆိုတာ ကျွန်မ သိ၏။ ပထမတဦးက မီးအိမ်ကိုင်ထား၏။ ထို့နောက် ကျွန်မမျက်နှာကို မီးရောင်နှင့် ကြည့်ကာ သူ၏လက်ထောက်ကို ပြော၏။

"ဒါက နယ်လီဘရောင်းပဲ"

ကျွန်မက မျက်လုံးဖွင့်ကာ "ရှင်တို့ ဘယ်သူတွေလဲ" ဟု မေးလိုက်၏။ "ညဘက် ဂျူတီကျတဲ့ သူနာပြုတွေပါ၊ မင်းတို့ အိပ်ပျော်၊ မပျော် လာကြည့်တာ" ဟု ဆိုကာ ပြန်ထွက်သွားကြ၏။ ညဘက်တွင် အကြိမ်များစွာ သူတို့ ကျွန်မတို့အခန်းထဲ ဝင်လာကြ၏။ ကျွန်မ အိပ်မောကျနေသော်မှ သူတို့ သော့ခလောက်ဖွင့်သံ၊ ခြေသံတွေကြားကာ လန့်လန့်နိုး၏။ ထို့ကြောင့် တညလုံး ကောင်းကောင်း အိပ်မရ။ အခန်းတိုင်းကို သော့တွေခတ် ပိတ်ထားရာ အကယ်၍ မီးလောင်လျှင် ဘယ်လိုလုပ်ကြမလဲဟု တွေးပူမိ၏။ ကျွန်မတို့အဆောင်တွင်ပင် အမျိုးသမီး သုံးရာ ရှိသည်ဟု သိရ၏။

မီးလောင်လျှင် အခန်းတံခါးတွေ လိုက်ဖွင့်ဖို့ အချိန်မရှိ။ သူနာပြုတွေလည်း လွတ်ရာကျွတ်ရာ ပြေးကြမည်။ လူနာတွေသာ မီးအစားခံရမည်။ အလယ်တခန်း မီးလောင်လျှင် လူနာဆယ်ယောက်၊ ဆယ့်ငါးယောက်ထက် မပိုသာ လွတ်နိုင်မည်။ ထို့ကြောင့် ဤအချက်ကို ကျွန်မ အပြင်ရောက်လျှင် အရေးတကြီး သတိပေးရမည်ဟု တေးမှတ်ထားလိုက်၏။

ကျွန်မ ဤအရူးထောင်မှ ထွက်မလာခင် တနေ့က ဒေါက်တာ အင်ဒရမ်ကို ဤအကြောင်း သတိပေးဖြစ်အောင် ပေးခဲ့၏။

"သူနာပြုတွေက တံခါးတွေ ဖွင့်ပေးမှာပေါ့ဗျာ"ဟု သူက စိတ်အေးလက်အေး ပြော၏။

"ဒါပေမဲ့ အခန်းပေါက်စေ့ကို သူနာပြုတွေ တံခါးလိုက်ဖွင့်ချိန် မရှိဘူးလေ၊ ဒါကြောင့်လည်း အကုန်သေကုန်မှာပေါ့"

သူက ဘာမှပြန်မပြော။ ကျွန်မ စိတ်မရှည်တော့။ ထို့ကြောင့် ထပ်မေး၏။

"အဲဒါ ရှင် အပြောင်းအလဲတွေ ဘာတွေ ခုကတည်းက လုပ်ဖို့ မစဉ်းစားတော့ဘူးလား၊ ကြိုတင် ကာကွယ်မှု အစီအစဉ်တွေ မချတော့ဘူးလား"

"ကျုပ်လည်း ဘာလုပ်နိုင်မှာမို့လဲ၊ ကျုပ်က အုပ်ချုပ်မှုပဲ ပိုင်နိုင်တာ၊ ဒီလောက် ဩဇာအာဏာ မရှိဘူး၊ မင်းဆိုရင်ကော ဘယ်လိုလုပ်မလဲ

ပြောစမ်းပါဦး”

သူကပင် ကျွန်မကို ပညာပြန်စမ်းနေ၏။

“ခုလို တခန်းကို သော့တလုံး ခတ်ထားမယ့်အစား တံခါးအရှည်ကြီးမှာ သော့တလုံးပဲ ခတ်ထား၊ အဲဒါကလည်း ဆရာမတွေနားမှာ ရှိပါစေ၊ မီးလောင်တာနဲ့ သော့တချက် ဖွင့်ပေးလိုက်ရင် အားလုံး လွတ်နိုင်တယ်၊ အခန်းပေါက်စေ့ သော့တွေ လျှောက်ဖွင့်စရာ မလိုတော့ဘူး၊ ခုတော့ အခန်းပေါက်စေ့ သော့ခတ်ထားတော့ အဲဒီသော့တွေ လိုက်ဖွင့်တာနဲ့ကို တဆောင်လုံး ပြာကျပြီးမှပြီးမယ်”

“နယ်လီဘရောင်းရယ်၊ မင်း ဒီအရှုးထောင်ထဲ မလာခင်က မင်း ဘယ်အဖွဲ့အစည်းမှာ လုပ်ခဲ့လို့လဲ”

ဒေါက်တာအင်ဂရမ်က ကျွန်မကို တအံ့တဩနှင့် ပြန်မေး၏။

“ဟင့်အင်း ကျွန်မ ဘယ်အဖွဲ့အစည်းမှာမှ မလုပ်ဖူးဘူး၊ ကျွန်မက ဘော်ဒါဆောင်မှာပဲ လုပ်ဖူးတာ”

“ဒါဆို မင်း ခုနက ပြောတဲ့ သော့ခလောက်တွေကို ဘယ်မှာ မြင်ဖူးခဲ့တာလဲ”

“ကျွန်မ တနေရာကို အလည်အပတ်ရောက်တုန်းက တွေ့ခဲ့ဖူးတာမျိုး ပြောပြတာပါ”

“မင်းတော့ မသိဘူး၊ ငါတော့ ဒါမျိုးရှိတဲ့ တနေရာကို သိတယ်ကွ”

သူက ဝမ်းနည်းပက်လက်ဖြင့် ပြော၏။ ကျွန်မက ဟားတိုက်ပြီး ရယ်လိုက်တော့ သူက အံ့ဩတကြီး မျက်လုံးကြီးပြူးပြီး ကျွန်မကို ကြည့်နေသည်။

အရုဏ်ပင်တက်တော့မည်ဖြစ်၍ ကျွန်မအိပ်ရန် အချိန်ကျပြီ။ ကျွန်မ ကြိုးစား အိပ်ကြည့်သော်လည်း အိပ်မပျော်။ ကျွန်မ ခေါင်းချွေးတွေ ထွက်နေ၍ ဆံပင်တခုလုံးပင် စိုရွှဲနေ၏။ ကျွန်မတကိုယ်လုံးလည်း ထိုးကြိတ်ရိုက်နှက် ခံထားရသလိုပင် ကိုက်ခဲနာကျင်နေ၏။ လေးဘက်နာ ပုံစံမျိုး ခံစားရကာ ထိုင်လည်းနာ၊ ထလည်း နာနေသည်။ ကျွန်မ အဝတ်လဲချင်သည်။ မစ်ဂရုပီဆိုသော သူနာပြုအုပ်ကြီး ရောက်လာတော့ ကျွန်မ ပြောပြ၏။ သူက အနက်ရောင် ဖျင်ကြမ်းအင်္ကျီတထည် ပေး၏။ ထို့ကြောင့် အဝတ်ဟောင်းကိုချွတ်ကာ သူပေးသော ဖျင်ကြမ်း အင်္ကျီကြီးကို ဝတ်လိုက်၏။ ခါးမှ ခါးစည်းကြိုးပါ၍ ခပ်တင်းတင်း စည်းလိုက်၏။ ခုမှ နေသာထိုင်သာ အနည်းငယ် ရှိသွား၏။ သို့သော် အင်္ကျီက တိုနေပြီး အောက်စကပ်က အပြင်ကို ရှည်ထွက်နေတာ တွေ့ရ၏။

မှန်မရှိသော်လည်း ကျွန်မပုံ ကျွန်မ စဉ်းစားမိကာ မရယ်ဘဲမနေနိုင်တော့။ ထိုအချိန်တွင် ကျွန်မ ကမ္ဘာပေါ်တွင် အလိုချင်ဆုံး ပစ္စည်းတခု ပြောပါဆိုလျှင် မှန်တချပ်ပဲ ပေးပါဟု တောင်းဆိုပါမည်။ ပုံပျက်ပန်းပျက် အချိုးမကျလှသော ကျွန်မပုံသဏ္ဍာန်ကို ကျွန်မ ကြည့်ချင်လွန်း၍ ဖြစ်၏။

အခြားလူနာတွေလည်း အိပ်ရာမှနိုးကာ ခန်းမသို့သွားရန် သုတ်သီးသုတ်ပျာ လုပ်နေကြ၏။ ကျွန်မနေသော အခန်းနံပါတ်ခြောက်တွင် လူနာ ၄၅ ဦး ရှိ၏။ ကျွန်မတို့အားလုံး တန်းစီကာ ရေချိုးခန်းသို့ သွားရ၏။ ရေချိုးခန်းထဲမှာ မျက်နှာသုတ်ပဝါကြမ်းကြီး နှစ်ထည်ရှိ၏။ ထိုမျက်နှာသုတ်ပဝါကြမ်းကြီးနှစ်ထည်ကိုပင် လူနာအားလုံးက မျက်နှာသုတ်ကြ၏။

ကျွန်မကတော့ ကြည့်ရတာနှင့်ပင် ပျို့ချင်သလို အန်ချင်သလို ဖြစ်နေ၍ ထိုမျက်နှာသုတ်ပဝါ အစား ဒူးဆစ်နားအထိ ရှည်ထွက်နေသော အောက်ခံလုံချည်ဖြင့်ပင် မျက်နှာသုတ်လိုက်၏။

ကျွန်မ မျက်နှာသစ်ပြီးခါစတွင် ရေချိုးခန်းထဲသို့ ခုံရှည်တလုံး ရောက်လာ၏။ မရှေးမနှောင်းမှာပင် မစ္စဂရု(မ်) နှင့် မစ္စမက်ကာတင်းတို့ ဘီးကိုယ်စီကိုင်ပြီး ပေါက်ချလာကြ၏။ ကျွန်မတို့အားလုံးကို ခုံရှည်ပေါ်တွင် ထိုင်ခိုင်း၏။ ထို့နောက် ကျွန်မတို့ အမျိုးသမီး ၄၅ ယောက်ကို သူနာပြုနှစ်ဦးက ဘီးခြောက်ခုဖြင့် တယောက်စီကို ခေါင်းဖြီးပေး၏။ ကျွန်မက လူတကာ ဖြီးပေးနေသော ဘီးများကို ကြည့်ပြီး အော်ဂလီဆန်လာ၏။ မစ္စတီလီမေယတ်မှာက ကိုယ်ပိုင်ဘီးရှိ၏၊ ထိုဘီးက သူ မစ္စဂရက်ဒီထံမှ တောင်းထားခြင်းဖြစ်၏။ ထိုဘီးကို တောင်းကြည့်သည်။ မရ။ ထို့ကြောင့် ဘုံသုံးသောဘီးနှင့်သာ ခေါင်းအဖြီးခံရ၏။ ကျွန်မဆံပင်တွေက ချွေးစေးတွေနှင့် စို့ရွှဲနေ၏။ ထို့ကြောင့် ခေါင်းကို ဘီးနှင့် ဖြီးချလိုက်တော့ ဆံပင်တွေ ကပ်နေ၍ အတော်အားသုံးရ၏။ ခေါင်းပေါ်မှ ဆံပင်များကို ဘီးတချက် ဆွဲချလိုက်တိုင်း နာလိုက်သည့်ဖြစ်ခြင်း။ ထို့ကြောင့် မနည်း အံကြိတ်ခံနေရ၏။ ခေါင်းဖြီးပြီးသော ကျွန်မက ဆံညှပ် တောင်း၏။ သူတို့က မပေးဘဲ ကျစ်ဆံမြီး တချောင်းလုပ်ကာ အရင်းတွင် ပိတ်စအနီတခုကို ဖဲကြိုးပုံစံမျိုး ချည်နှောင်၏။ စိတ်ကူးဖြင့် ကျွန်မကိုယ်ကျွန်မ ကြည့်မိ၏။ ကျစ်ဆံမြီးတချောင်းနှင့် အတော် အကျည်းတန်မည့် ရုပ်ပဲ။

ထို့နောက် ကျွန်မတို့ ညှော်ခန်းသို့ သွားရ၏။ ပြီးတော့ မိမိအဖော်မိမိ ရှာရ၏။ ကျွန်မက သူတို့ရုပ်တွေကို ကောင်းကောင်း မမှတ်မိ။ မှတ်မိသူဆို၍ ဆံပင်တိုတိုနှင့် မစ်မေယတ်သာ ရှိ၏။

"မနေ့က ရေအေးတွေနဲ့ချိုးပြီး အိပ်လို့ရရဲ့လား"

"ကျွန်မတော့ ချမ်းလွန်းလို့ အိပ်မရဘူး၊ ဒီကြားထဲ ဆူဆူညံညံ

အသံတွေကြောင့် ဘယ်အိပ်လို့ ရမလဲ၊ ခေါင်းရောကိုက်၊ တကိုယ်လုံးကိုက်နဲ့ ဒီလိုညမျိုးရောက်မှာကို ကြောက်နေတယ်”

သူက ဘာမှမပြန်ပြော။ ဖြစ်လေ့ဖြစ်ထရှိသည့် ခံစားမှုမျိုးဖြစ်၍ သူ့အတွက် ရိုးနေပြီ ထင်သည်။

ကျွန်မတို့ မနက်ငါးနာရီခွဲမှာ ထရ၏။ ခုနစ်နာရီ ဆယ့်ငါးတွင် ခန်းမထဲတွင် စုရုံးနေရ၏။ ထိုနေရာမှတဆင့် လူစုံလျှင် စားသောက်ခန်း သွားကြရသည်။ အေးစက်နေသော လက်ဖက်ရည် တခွက်၊ ပေါင်မုန့်တချပ်၊ မုယော စပါးပြုတ် တခွက်စီ စားသောက်ရ၏။ ကျွန်မဗိုက်က ဆာလွန်း၍ တဂွီဂွီ မြည်ကာ ဆန္ဒပြနေ၏။ သို့သော် ပေးထားသော အစားအစာတွေကို ဘယ်လိုမှ မျိုချ၍မရ။ ပေါင်မုန့်က ပေါင်မုန့်ရုပ်မပေါက်။ ဖုန်ထဲ သလဲထဲက ကောက်လာသကဲ့သို့ မည်းနက်ညစ်ပတ်နေ၏။ သွားနှင့် အားစိုက်ကိုက်မှ တဖဲ့စားရ၏။ မုန့်ကြွပ်စားသလို မာကြွပ်ပုံမျိုးမဟုတ်။ မာတင်းနေခြင်း ဖြစ်၏။ နီးနီးစပ်စပ် ပြောရလျှင် ကျောက်ခဲကိုက်နေရသလို။ တခြားလူနာတွေဘက် ကြည့်လိုက်တော့ ဘာမှမဖြစ်သလို မြိန်ရေရှက်ရေ စားနေကြသည်ကို တွေ့ရ၏။ မုယော စပါးပြုတ်ကလည်း ညှီစော်နံနေသည်။ အရသာက လုံးဝမရှိ။ သို့သော် ဒါမှ မစားရင် သေဖွယ်ရှိသဖြင့် နှာခေါင်းပိတ်ကာ အတင်းမျိုချလိုက်ရ၏။ လက်ဖက်ရည်ကတော့ အတော်ကျိန်တွယ်ပြောရမည့် လက်ဖက်ရည်ဖြစ်၏။ အရောင်က ဖြူရော်ရော်၊ လက်ဖက်ခြောက် အရည်ကျဲ။ နို့မပါ၊ သကြားမပါ လက်ဖက်ရည်ကြမ်းသာသာ။ နွားမတမ်းသေးရည်ဆိုတာ ယခင်က ကြားပင်ကြားဖူးသည်၊ ယခုတော့မှ ကိုယ်တွေ့ သောက်သုံးရသည်။

ကျွန်မတို့ ဧည့်ခန်းသို့ပြန်လာရ၏။ လူနာထဲမှ အချို့ကို အဆောင်ပြန်သွားကာ အိပ်ရာတွေ သိမ်းခိုင်း၏။ အချို့ကို တံမြက်စည်းများပေးကာ သန့်ရှင်းရေး လုပ်ခိုင်း၏။ အခန်းသန့်ရှင်းပြီးလျှင် ရေချိုးခန်း၊ အိမ်သာသန့်ရှင်းရေး လုပ်ရ၏။ ကျွန်မ စဉ်းစားကြည့်တော့ ဆေးရုံဝန်ထမ်းတွေက ဘာတာဝန်မှမယူဘဲ လက်ညှိုးထိုးခိုင်းနေတာသာ တွေ့ရ၏။ လုပ်ရင်းကိုင်ရင်းက အနည်းငယ် ချွတ်ချော်သွားလျှင် အဆဲခံရသေး၏။ အဆဲမျိုးစုံကိုတော့ မိနစ်မလပ် ကြားနေရ၏။ ကျွန်မ အပြင်လောကတွင် မကြားဖူးသော အယုတ္တ အနတ္တ ဆဲနည်းပေါင်းစုံ ဤဆေးရုံတွင် ကြားရ၏။ သို့သော် အဆဲခံရသူများက စိတ်မနှံ့သူများဖြစ်၍ ဘာမှမဖြစ်ကြ။ ပန်းနှင့်ပေါက်သည်ပင် ထင်နေကြပုံရ၏။ သူတို့ကို ဆဲလိုဆဲမှန်းပင် မသိရှာကြ။ အချို့ဆိုလျှင် သူ့ကို တခါဆဲလျှင် သူက တချက် ပြန်ပြုံးပြကာ ကျေးဇူးတင်ပါတယ် ဆရာမ ဟုပင် ပြန်ပြောသည်ကို တွေ့ရ၏။

နံနက်ကိုးနာရီခွဲတွင် လူနာသစ်များ ဆရာဝန်ထံသွားရ၏။ ကျွန်မလည်း လူသစ်ထဲတွင် တဦးအပါအဝင်ဖြစ်၍ ဆရာဝန်ထံ သွားသည့်အထဲတွင် ပါ၏။

ဆရာဝန်က ကျွန်မ ပထမဆုံးနေ့က တွေ့ခဲ့သော ဆရာဝန်ပင်ဖြစ်၏။ သူက ကျွန်မ၏ အဆုတ်နှင့် နှလုံးကို စစ်ဆေး၏။ ဆရာဝန်က ဤဆေးရုံ၏လက်ထောက် ဆေးရုံအုပ် အင်ဂရမ်ဖြစ်၏။ ကျွန်မကို မေးခွန်း အနည်းငယ် မေးပြီးနောက် ဧည့်ခန်းသို့ ပြန်ပို့၏။

ကျွန်မ ဧည့်ခန်းထဲရောက်တော့ မစ္စဂရက်ဒီကို တွေ့၏။ သူ့လက်ထဲမှာက ကျွန်မ၏ မှတ်စုစာအုပ်နှင့် ခဲတံအရှည်တခုကို တွေ့ရ၏။

"ကျွန်မကို စာအုပ်နဲ့ခဲတံ ပြန်ပေးပါ၊ ဒါမှ ကျွန်မ မှတ်မိစရာတွေရှိတာ ပြန်မှတ်မိဖို့ အထောက်အကူ ဖြစ်မှာ"

ကျွန်မအဖို့ ထိုမှတ်စုစာအုပ်နှင့် ခဲတံ သိပ်လို၏။ ထို့ကြောင့် ကျွန်မက တောင်းကြည့်ရာ ရလာသော အဖြေက မကျေနပ်စရာ။

"နင့်မှာ ခဲတံတို့ စာအုပ်တို့ ပိုင်ဆိုင်ခွင့်မရှိဘူး၊ ထပ်မပြောနဲ့၊ ပါးစပ်ပိတ်ထား"

ရက်အနည်းငယ်အကြာတွင် ဒေါက်တာအင်ဒရမ်ကို မေးကြည့်၏။

"ကျွန်မ စာအုပ်နဲ့ခဲတံ ပြန်ယူလို့ မရဘူးလား"

"အေး မင်းရဲ့ကျန်းမာရေး အခြေအနေပေါ် မူတည်တယ်၊ ကောင်းရင် ရမှာပေါ့၊ မစ္စဂရက်ဒီပြောတော့ မင်း ဒီကိုရောက်လာတုန်းက မှတ်စုစာအုပ်ပဲ ပါတယ်၊ ခဲတံမပါဘူးတဲ့"

ကျွန်မ ဘာမှ ပြန်ငြင်းချက်မထုတ်တော့။ လူနာတွေအခန်း သန့်ရှင်းရေး၊ ရေအိမ် သန့်ရှင်းရေးတွေ လုပ်ပြီးနောက် ကိုယ့်အခန်း ကိုယ်ပြန်ကာ ခြံစောင်နဲ့ ဦးထုပ်တွေ ယူစေ၏။ အားလုံး အပြင်ထွက် လမ်းလျှောက်ရမည်။

ဤအခွင့်အရေးကို လူနာအားလုံး အလွန်မျှော်လင့် တောင့်တနေကြ၏။ အလုံပိတ် အခန်းထဲမှာ မှောင်မှောင်မည်းမည်း ချမ်းချမ်းစီးစီး နေရတာ များတော့ အပြင်လောကနှင့် သိပ်ထိတွေ့ချင်ကြ၏။ ကောင်းကင်ကြီးကို ကြည့်ချင်သည်။ သဘာဝလေကို ရှူချင်သည်။ ဖြစ်နိုင်ရင်တော့ ငှက်ကလေးတွေလို အတောင်ပံတွေရရင် အဝေးကို ပျံပြေးချင်စမ်းပါဘိ။

ထောင်လို အုတ်နံရံလေးဘက်တွင် ကျဉ်းကျဉ်းကျပ်ကျပ် နေရတာကြာတော့ ပြင်ပလောကကို အလွန်ထိတွေ့ ခံစားချင်ကြ၏။ အမြန် အခန်းသို့ပြေးကာ ခြံစောင်တွေ၊ ဦးထုပ်တွေ ယူကြသည်ကို ကြည့်ပြီး ကျွန်မ သနားနေမိ၏။

အခန်း (၁၂)

အရှုးများနှင့် လမ်းလျှောက်ခြင်း

ထိုနေ့က လမ်းလျှောက်ရသည့် အတွေ့အကြုံကို ကျွန်မသည် မည်သည့်အခါမှ မေ့ဖျောက်ရမည်မဟုတ်။ လူနာအားလုံးသည် အဖြူရောင် ကောက်ရိုးဦးထုပ်ကိုယ်စီနှင့် ပင်လယ်ကမ်းခြေ အပန်းဖြေလာကြသူများ ဆောင်းလေ့ရှိကြသော ကောက်ရိုးဦးထုပ်တွေ ဦးထုပ်ကိုယ်စီနှင့်မို့ တဦးကို တဦး ခွဲလို့မရကြ။

ထို့ကြောင့် ကျွန်မက ဦးထုပ် ခဏချွတ်ပြီး မစ္စနီဗီးကိုရှာ၏။ သူ့ကို ရှာတွေ့တော့ ဦးထုပ်တွေ ပြန်ဆောင်းကာ တယောက်ကိုတယောက် ကြည့်ပြီး ရယ်မိကြ၏။ နှစ်ယောက်တတွဲ တန်းစီရ၏။ ရှေ့မှာရော၊ နောက်မှာ ရော၊ ဘေးမှာပါ အစောင့်အကြပ် ကိုယ်စီနှင့်။

အခြားအဆောင်များမှ လူနာများလည်း သူနာပြုများနှင့်အတူ ထွက်လာကြ၏။ တော်တော်များ၏။ ကောက်ရိုးဦးထုပ်ကိုယ်စီ၊ စောင်တဘက် ကိုယ်စီနှင့် ကျွန်မတို့ဘေးမှ ဖြတ်သွားသူများကို အကဲခတ်မိ၏။ မျက်လုံး အဓိပ္ပာယ် လုံးဝမရှိသော မျက်နှာသေတွေနဲ့။ ပါးစပ်ကလည်း ဘာမှမပြောကြ။ သူတို့၏နှာခေါင်းတွေ၊ မျက်လုံးတွေကို ကြည့်မိ၏။ အလွန်ညစ်ပတ် ပေရေနေတာ တွေ့ရသည်။

"သူတို့က ဘယ်သူတွေလဲ"

ကျွန်မဘေးမှ လူနာကို မေးမိ၏။

"သူတို့က ဒီကျွန်းမှာ အဆိုးဆုံးသူတွေပေါ့၊ လောကားအမြင့်ကြီးနဲ့ အဆောက်အအုံမှာ သူတို့ကို ထားတယ်"

သူတို့အထဲမှ တချို့က ငယ်သံပါအောင် အော်အော်နေ၏။ အချို့က ပါးစပ်မှ ဆဲနည်းမျိုးစုံ ဆဲနေ၏။ အချို့ သီချင်းဆို၊ အချို့က ဘုရားစာရွတ်။ စိတ်မှုမမှန်သူတွေချည်းပဲဆိုတော့ ပုံစံမျိုးစုံ တွေ့နေရ၏။

သူတို့အုပ်စု ဖြတ်သွားပြီးတော့ နောက်အုပ်စု ရောက်လာပြန်သည်။ အမျိုးသမီး ၅၂ ဦး။ သူတို့၏ခါးမှ ခါးပတ်များကို သားရေကြိုးဖြင့် တွဲချည်ထား၏။ ကြိုးအဆုံးတွင် သံလှည်းတစီးရှိ၏။ လှည်းပေါ်မှာက မိန်းမနှစ်ယောက်။

တယောက်၏ ခြေထောက်အနာကို သူနာပြုတဦးက ဆေးထည့်ပေးနေ၏။ တယောက်ကမူ သူနာပြုဆရာကို ပျစ်ပျစ်နှစ်နှစ် ဆဲရေးတိုင်းထွာနေ၏။

"နင်က ငါ့ကိုရိုက်တယ်ပေါ့ ဟုတ်လား၊ ငါ ဘယ်တော့မှ မမေ့ဘူး၊ ဘာလဲ နင်က ငါ့ကို သတ်ချင်နေတာလား"

ထိုသို့ပြောပြီး ရှိုက်ကြီးတငင် ငိုနေပြန်သည်။ ကြိုးတန်းလန်းနှင့် အမျိုးသမီးများမှာမူ အော်ဟစ်သူ အော်ဟစ်၊ သီချင်းဆိုသူဆို၊ ဗလွတ်ရွတ်တမျိုးစုံ ပြောသူကပြော။ တဦးက ကျွန်မကိုမြင်တော့ မျက်စောင်းထိုး၏။ ထို့နောက် ပြုံးပြ၏။ ထို့နောက် လက်သီးထိုး ဆဲ၏။ ထို့နောက် ပါးစပ်က သူ့ဘာသာသူ တတွတ်တွတ်ပြောကာ ကျွန်မကို ရယ်ပြပြန်သည်။

"ဘုရားသခင် စောင်မကြည့်ရှုတော်မူပါ"

မစ္စနဗီးက သူတို့ကိုကြည့်ပြီး ဆုတောင်းနေ၏။

"ငါဆို သူတို့ကို စေ့စေ့မကြည့်ရဲဘူး၊ သနားလွန်းလို့" ဟုလည်း ပြော၏။

သူတို့အုပ်စု ဖြတ်သွားပြီးနောက် အုပ်စုတစု ရောက်လာပြန်၏။ ဤဘာလက်ဝဲလ်ကျွန်းတွင် စိတ်မနှံ့သူပေါင်း ၁၆၀၀ ရှိသည်ဟု နောက်မှ ကျွန်မ သိရ၏။

စိတ်မနှံ့ကြသူတွေတဲ့။

ဘာတွေက သူတို့ကို ရူးသွပ်အောင် ပို့ဆောင်ပေးခဲ့ကြသလဲ။

ကျွန်မ ခေါင်းထဲတွင် အဖြေရှာမရသော ပုစ္ဆာတွေ တသီတတန်းကြီး ပေါ်လာ၏။

ဆံပင်ဖြူဖြူ အဘွားကြီးတဦးက ကောင်းကင်ကို လက်သီးထိုးပြီး အရည်မရ အဖတ်မရ ပြောနေ၏။ အနွေးထည် အထူကြီး ဝတ်ထားသော အမျိုးသမီးတဦးက မြေကြီးပေါ် လှဲချလိုက်၏။ သူ့ကို အခြားနှစ်ဦးက တရွတ်တိုက် ဆွဲနေကြ၏။

အချို့လူနာက ခြေထောက်ကျိုး။

အချို့က မျက်မမြင်။

အချို့က ငယ်ငယ်၊ အချို့က ကြီးကြီး။

အချို့က ရုပ်ရည်သနားကမား။

အချို့က ရုပ်ဆိုးကျည်းတန်။

လူထဲက လူတွေ။ လူဖြစ်သော်ငြားလည်း စိတ်ပိုင်းဆိုင်ရာက ချို့ယွင်းနေကြရှာသူတွေ။

မြက်ခင်းစိမ်းစိမ်းလေးက လှ၏။ ဤကျွန်းက အပန်းဖြေ ပင်လယ်ကမ်းခြေဖြစ်ပါက ဤနေရာတွင် အပန်းဖြေ အနားယူသူများဖြင့် စည်ကားနေလိမ့်မည်။ ယခုတော့ အပန်းဖြေသူတွေအစား ကျွန်မတို့ ရောက်နေကြပြီ။

ကျွန်မတို့ အဆောက်အအုံ ပုပုလေးတခုကို ဖြတ်လျှောက်လာကြ၏။ ထိုအဆောက်အအုံ ထဲမှာလည်း လူနာအချို့ရှိသည်ဆို၏။

"အသက်ရှင်နေသမျှ မျှော်လင့်ချက်ထားကြ" ဆိုသော ဆောင်ပုဒ်ကို အဆောက်အအုံရှေ့တွင် ရေးထားတာ တွေ့ရ၏။

ကျွန်မက စိတ်ကူးဖြင့် ထိုဆောင်ပုဒ်ကို ပြင်လိုက်၏။

"ဒီနေရာရောက်ပြီးလျှင် မျှော်လင့်ချက်ဆိုတာ ဘေးချိတ်ထားလိုက်"

လမ်းနည်းနည်းလျှောက်ရပြီးနောက် ကျွန်မတို့အားလုံးကို နောက်ကြောင်း ပြန်လှည့်ခိုင်း၏။

ညစာစားချိန် ရောက်ပြီ။ ကျွန်မ အလွန်ဆာလောင်နေ၏။ ဒီနေ့တော့ ဘာချပေးပေး အကုန်စားပစ်မည်ဟု သန္နိဋ္ဌာန်ချထား၏။ ခန်းမထဲတွင် နာရီဝက်ကျော် ထုံးစံအတိုင်း မတ်တတ်ရပ် စောင့်ပြီးမှ ညစာစားမည့်နေရာသို့ သွားရ၏။ မနက်က လက်ဖက်ရည် ထည့်ထားသော ခွက်နေရာတွင် စွပ်ပြုတ် ရောက်နေ၏။ ပန်းကန်ပြားပေါ်မှာတော့ အေးစက်နေသော အာလူးပြုတ် တလုံးနှင့် အမဲသားတတုံး။ အမဲသားကြည့်ရတာ တော်တော် မနူးမနပ် ရှိမည်ဖြစ်ကြောင်း အပေါ်ယံကြည့်ရုံနှင့် သိ၏။ ဓားတို့ ခက်ရင်းတို့ မရှိ။ အမဲသားတုံး မာမာတောင့်တောင့်ကြီးကို လက်ဖြင့်ကိုင်ကာ သွားဖြင့် မနည်း ဖြဲစားရ၏။ သွားမကောင်းသူအချို့က ကိုက်ဖြတ်၍မရ၊ မျိုပင်ချရမည့်အခြေ အနေ။ စွပ်ပြုတ်သောက်ရန် ဇွန်းတချောင်း ပေးထား၏။ ပေါင်မုန့်တချပ်လည်း အစာပိတ်စားရန် ရှိ၏။ ထောပတ်မရှိ၊ ညစာမှာ လက်ဖက်ရည်၊ ကော်ဖီ မတိုက်။ မစ်မေယတ်က မစားနိုင်တာ တွေ့ရ၏။ ကျွန်မကတော့ ဆာဆာနှင့် ကြိတ်မှိတ်စားပစ်လိုက်၏။

မကြာခင် ဆေးရုံအုပ်ကြီး မစ္စတာဒင် ပေါက်ချလာ၏။

"ဘယ်လိုလဲကွ၊ အခြေအနေကောင်းရဲ့လား"

သူ့လေသံက အခန်းထဲက လေလိုပင် အေးစက်နေ၏။ အသက် မပါ၊ ရင်ထဲက မပါသော ဗလာအသံ။

အခြေအနေ မကောင်းဘူးဟု မည်သူမျှ မပြောကြ။ ပြောလျှင် သူနာပြု ဆရာမများက ကောင်းကောင်း ပညာပေးမည်ဟု မှာထားကြောင်း လူနာတဦးက ပြော၏။

"အေးလွန်းလို့ အနွေးစက်တပ်ပေးပါ၊ အနွေးထည် မလုံလောက်ဘူး၊ စားရတာတွေက မကောင်းဘူး"

ပြောချင်စရာတွေက အများကြီး။ သူနာပြုတွေက အဓိပ္ပာယ်ပါသော မျက်လုံးတွေနှင့် ကျွန်မတို့ကို ကြည့်နေ၏။ လှုပ်လျှင် အသေပဲဆိုသော ပုံစံမျိုး။

ဆေးရုံအုပ်ကြီးလာရင် ဘာစကားမှ မပြောရဘူး၊ ခါးမတ်မတ်ထိုင်ပြီး ငြိမ်ကုပ် ပါးစပ်ပိတ်ထားဟု ဆရာမတွေက သင်ထား၏။

ချို့ယွင်းချက်၊ အားနည်းချက်တွေက အများကြီး။ ကျွမ်းကျင်သော စိတ်ပညာပါရဂူ မရှိ။ စိတ်ပညာနှင့် ပတ်သက်၍ အတွေ့အကြုံ ရင့်ကျက်သော ဆရာဝန် မရှိ။ လူနာတွေကို လေးဘက်လေးတန် နံရံတွေကြားမှာ ပိတ်လှောင်ကာ မဝရေစာကျွေး၊ ဒါတွေကလွဲလို့ လူနာများ၏ စိတ်အခြေအနေကို စစ်ဆေးခြင်း၊ ကုသခြင်း လုံးဝမရှိ။ တော်ရုံတန်ရုံ စိတ်မန့်သူက ဒီအထဲရောက်လျှင် ပိုရူးသွားမှာ သေချာ၏။ မည်မျှ စိတ်ပူပန်သူဖြစ်စေ ဤအရူးထောင်တွင် နှစ်လနေပါက သွက်သွက်ခါ ရူးသွားမှာ သေချာ၏။

ကျွန်မ တရက်နေရရုံနှင့် ဤဆေးရုံအကြောင်း ကောင်းကောင်း သိသွားပြီ။ ကျန်ကိုးရက်ကလည်း ဤနည်းနှင်နှင်မို့ ဘာမှပြောစရာမရှိ။ ကျွန်မ အပြင်ပြန်ရောက်လျှင် ဤဆေးရုံ၏ အခြေအနေ၊ ပြုပြင်စရာကိစ္စတို့ကို လူတိုင်း နားလည်လောက်သောပုံစံနှင့် ရေးပြမည်။ တင်ပြမည်။ တမင်ပုံကြီးချဲ့ပြီး ချဲ့ကားပြောခြင်း အလျှင်းမရှိဘဲ အရှိကို အရှိအတိုင်း တင်ပြပါမည်။

အသေးအဖွဲ ပြုပြင်စရာတွေပင် အများကြီး။

ဥပမာ အစားအစာများ ချက်ပြုတ်ရာတွင် ဆား လုံးဝ မသုံးခြင်း။ ဟင်းအားလုံး ဆားမပါ။ လုံးဝဥဿုံ စိတ်မန့်သူပင် စား၍မရ။ အမဲသားစွပ်ပြုတ်မှာတော့ မုန်ညင်းနှင့် ရှာလကာရည် ထည့်၏။ ဤသို့ထည့်မှ ပိုအရသာ ပျက်သွားသည်။ ငါးဆိုလျှင် ပြုတ်ရုံပြုတ်ပြီး ဒီအတိုင်း ချကျွေး၏။ ဆားမပါ၊ ငရုတ်ကောင်းမပါ အပြုတ်ချည်းသက်သက်။ အမဲသား၊ ဆိတ်သား အားလုံး

မလတ်ဆတ်။ ရာဘာတုံးကဲ့သို့ တော်ရုံတန်ရုံ ကိုက်ဖြတ်၍မရ။ အချို့အသားတွေက သိုးနံ့ပင် ထွက်နေ၏။ စိတ်မနှံ့သူအချို့က စားမရ၍ မစားချင်ဟု ပြောလျှင် ပြစ်ဒဏ်ပေး၏။ ကျွန်မတို့ လမ်းလျှောက်အသွား ထမင်းဟင်းချက်သော ဖိုကြီးကို ဖြတ်သွားရ၏။ အနံ့လေးရှူရတာပင် အရသာရှိနေပြီ။ ထမင်းချက်တွေက သေသေချာချာ ချက်ပြုတ်ကြော်လှော်နေကြ၊ ထောပတ်နံ့၊ ဆီနံ့တွေက အပြင်ကို သင်းပျံ့နေ၏။ သို့သော် ဤအစားအစာတွေက လူနာတွေအတွက် မဟုတ်။ ဆရာဝန်နှင့် သူနာပြု ဆရာမတွေအတွက် သီးသန့်။ အချိုတည်းရန် ဖရဲသီး၊ လိမ္မော်သီး၊ စပျစ်သီးအချို့ တွေ့ရ၏။ လူနာတွေအတွက် မဟုတ်။ နူးညံ့သောပေါင်မုန့်တွေ၊ ဒိန်ခဲတွေ၊ ဘီစီထောပတ်တွေ ဆေးရုံထဲ အလျှံပယ် တင်သွင်း၏။ လူနာများကို တခါဖူးမျှ မကျွေး။ ကျွန်မက ဆရာဝန်ကြီးအချို့ကို ဤအကြောင်း ပြောပြ၏။ သို့သော် သူတို့က မည်သို့သော တုံ့ပြန်မှုမျှ မလုပ်ကြ။ အရှုးပြော အရူးစကား ဆိုသောစကားကဲ့သို့ ကျွန်မကဲ့သို့ စိတ်မမှန်သူ၏စကားကို ဂရုစိုက်စရာ မလိုဟု ထင်ပုံရ၏။ ကျွန်မ ထိုသို့ တိုင်တန်းပြောဆိုပြီး ပြန်လာသည့်ညက ဟင်းမှာလည်း ဆီမပါ၊ ယခင်အတိုင်းသာ။

လူစီဆိုသော ဂျာမန်ကလေးမတဦးသည် ရက်ပေါင်းများစွာ ဘာမှမစားဘဲနေ၏။ နောက်ဆုံး တနံနက်တွင် သူ ပျောက်ဆုံးသွား၏။ သူနာပြု ဆရာမတဦးကို မေးကြည့်တော့ သူ အပြင်းဖျားနေသည်ဟု သိရ၏။ အပြင်းဖျားနေပြီး ဘာမှအစာမစားတော့သော သူ့ကို အတင်းစားခိုင်းသော အစာတွေက ကျွန်မတို့ကို ကျွေးနေကျအစာတွေ။ သူနာပြု မစ်မက်ကာတင်က သူ့အပူချိန်သွားတိုင်းတော့ မျက်လုံးပြူးသွား၏။ ၁၅၀ ဒီဂရီ။ သို့သော် အစီရင်ခံစာတွင် သူက ရေးတော့ အဖျားက ၉၉ ဒီဂရီ။

မစ္စတီလီမေးယတ်က အချမ်းဒဏ်ကို ဆက်ခံနိုင်ရည် မရှိတော့။ သူက ကျွန်မ အားပေးသည့် အတိုင်း စိတ်ကို တင်းခံကာ အချမ်းကိုခံနေ၏။ ဆေးရုံအုပ်ကြီး မစ္စတာဒင်က လူတယောက် ခေါ်လာကာ ကျွန်မကို စစ်၏။ သူက ကျွန်မ၏သွေးခုန်နှုန်း တိုင်း၏။ ခေါင်းကိုစစ်၏။ လျှာကိုစစ်၏။ ကျွန်မက ဘာရောဂါမှ မရှိပါဘူး။ အေးလွန်းတာပဲ မခံနိုင်တာပါ၊ ကျွန်မကို ဆေးကုစရာ မလိုဘဲ မစ္စမေယတ်ကိုပဲ အနွေးထည် ပို့ပေးဖို့ သူ့ကိုပြောလိုက်၏။ သူတို့က မတုန်မလှုပ်။ ဘာမှအဖြေမပေး။ ကျွန်မတို့ပြောနေတာကို ကြားတော့ မစ္စမေယတ် ရှေ့ထွက်လာ၏။ ဆရာဝန်များကို သူ နေမကောင်းကြောင်း ပြော၏။ သို့သော် သူတို့က ဂရုမစိုက်ဘဲ သူနာပြုများက သူ့ကို အတင်း ပြန်ဆွဲခေါ်၏။ ဆရာဝန်တွေ ထွက်သွားတော့ သူနာပြုတွေက သူ့ကို ကြိမ်းမောင်း၏။

“ဆရာဝန်တွေက သူ စစ်ချင်တဲ့သူပဲ စစ်မယ်၊ သူ ကုချင်တဲ့သူပဲ သူ ကုမယ်၊ ရှင် ခုလို အတင်းဆေးကုသခံချင်လို့ မရဘူး၊ နောက်တခါ ဒီလို

လုပ်ရင်တော့ မှတ်လောက်အောင် ဆုံးမမယ်”

ဆရာဝန်များ ပြန်အထွက်တွင် ဆေးရုံအုပ်ကြီးက ကျွန်မကိုပြော၏။

“နင့်သွေးခုန်နှုန်းနဲ့မျက်လုံးတွေ စစ်ကြည့်တော့ စိတ်မမှန်တဲ့လက္ခဏာ မရှိဘူးတဲ့၊ နင့်မျက်နှာက အရူးတွေထဲမှာတော့ မရူးဆုံး မျက်နှာပဲဟ၊ ဒါ ငါ့အတွေ့အကြုံအရပြောတာ”

“ကျွန်မ ရူးတာ မရူးတာ အပထားပါ၊ အရေးကြီးတာက ဆရာဝန်တွေ၊ သူနာပြုတွေကျတော့ အနွေးအကျီ အထပ်ထပ်၊ စောင်တွေ အပုံလိုက်၊ လူနာတွေကျတော့ ဘာဖြစ်လို့ အအေးထဲမှာ ပစ်ထားတာလဲ”

သူက ဘာမှပြန်မပြောဘဲ ခြေထောက်ဆောင့်ကာ ထွက်သွား၏။ တညလုံး အမျိုးသမီးတယောက် အော်သံကြောင့် အိပ်မရ။

“ထာဝရဘုရားရှင်၊ ကျွန်မကို မြန်မြန်လာခေါ်ပါတော့၊ အေးတာ ခံရတာထက် သေတာပိုခံချင်လို့ပါ”

အခြားတယောက်ကလည်း “ရဲတွေ ရဲတွေ” ဟု သံကုန် ဟစ်အော်နေ၏။ တဦးကမူ “ဒါ လူသတ်တာ လူသတ်တာ” ဟု အလန့်တကြားပင် ပြောနေ၏။

ဒုတိယနေ့နံနက်တွင် သူနာပြုနှစ်ယောက်လာကာ ဘုရားသခင် ခေါ်တော်မူသည်ကို တောင့်တနေသော အမျိုးသမီးကို လာခေါ်ကြ၏။ ထိုအမျိုးသမီးက အသက်ခုနစ်ဆယ်မျှ ရှိနေပြီ။ မျက်စိက မမြင်၊ သူ့ကို အနွေးထည် အလုံအလောက် ပေးမထား။ ညှော်ခန်းက ထိုင်ခုံပေါ်တွင် သူက ထိုင်ရင်း အော်ပြော၏။

“နင်တို့ ငါ့ကို ဘာလုပ်နေကြတာလဲ၊ ငါ ချမ်းလွန်းလို့ သေတော့မယ်၊ ခုထိ စောင်လေး တထည် ထပ်မပေးဘူးလား”

သူပြောတာကို နားစိုက်ထောင်ပေးသောသူဟူ၍ မရှိ။ ဘာမှမဖြစ်သလို သူတို့လုပ်လက်စ အလုပ်တွေ ဆက်လုပ်နေကြ၏။ အမျိုးသမီးက သူစီးလာသောဖိနပ်ပေါက်သဖြင့် ဖိနပ်ချွတ်ပါရစေဟု ပြောသည်။ သူနာပြုတွေက သူ့ကို ဖိနပ်ချွတ်ခွင့် မပြု။ ထို့နောက် သူနာပြု ခုနစ်ဦးလောက် ရောက်လာကာ သူ့ကို ဖိနပ် အတင်းပြန်စီးစေ၏။ ထို့နောက် သူ့ကို ခုံတန်းရှည်ပေါ် လှဲချလိုက်ကြ၏။

“ဒါဆိုလည်း ငါ အိပ်ပါရစေတော့၊ ခေါင်းအုံးလေးတလုံး ပေးပါ၊ အိပ်ရာခင်းပဲ ခြုံပေးပါ၊ ဒီမှာပဲ ငါ သေပါရစေတော့”

သူ့အသံကြားရတော့ ရင်နင့်သွား၍ မျက်ရည်များပင် အလိုလို ဝဲလာ၏။

မကြာခင် သူနာပြုဆရာမ မစ္စဂရု(မ်) ရောက်လာ၏။ အဘွားကြီး၏ပါးစပ်ကို သူ့လက်နှင့် အတင်းပိတ်၏။ အဘွားကြီးက အော်တော့ သူက ဟက်ဟက်ပက်ပက် ရယ်၏။ သူရယ်တာ တွေ့တော့ သူ့လက်အောက်က သူနာပြုတွေပါ လိုက်ရယ်ကြ၏။ ထို့နောက် သူက မကြားဝံ့မနာသာ ဆဲသည်။ ထိုနေ့တွင် အမျိုးသမီးကြီးကို အတင်းဖမ်းချုပ်ကာ အခြားအဆောင်သို့ပြောင်းလိုက်ကြ၏။

■

အခန်း (၁၃)

လူနာများကို နှိပ်စက်ကလူပြုခြင်း

မစ္စတီလီမေယတ်သည် အချမ်းဝေဒနာကို အကြီးအကျယ် ခံစားနေရရှာ၏။ တနံနက်တွင် သူက ခုံတန်းရှည်တွင် ကျွန်မဘေး၌ထိုင်ရင်း တကိုယ်လုံး တုန်ယင်ပြီး အပေါ်သွားနှင့် အောက်သွားပင် ကိုက်မိပြီး တဂတ်ဂတ် အသံထွက်နေ၏။ ခန္ဓာကိုယ်တခုလုံး နတ်ပူးသလို ဖြစ်နေသည်။ ကျွန်မက အခန်းအလုပ်စားပွဲတွင် ထိုင်နေသော သူနာပြုသုံးဦးကို သွားပြော၏။

"လူတွေကို ချမ်းချမ်းစီးစီးထဲ တာဝန်မဲ့ ပစ်ထားတာတော့ မကောင်းဘူးပေါ့နော်"

သူ့ကို ထိုက်သင့်သလောက် အနွေးထည် ပေးပြီးပြီဖြစ်လို့ ထပ်အပို လုပ်မပေးနိုင်တော့ဟု သူတို့က ပြန်ပြော၏။ မကြာမီ မစ်မေယတ်က သတိလစ်ပြီး တက်ချက်သွား၏။ အခြား လူနာများက တုန်လှုပ်သွားကြ၏။ မစ္စနီဗီးက သူ့ကို ပွေ့ပိုက်ထားလိုက်၏။

"ပစ်ထားလိုက်စမ်းပါရှင်၊ ဒါမှ ကြမ်းပြင်ပေါ် ပစ်လဲကျပြီး မှတ်သွားမယ်၊ အဲဒီလိုကျမှ သူက နောင်တရသွားမှာ၊ သူ့ကို ဒီလိုပဲ သင်ခန်းစာ ပေးမှရမယ်"

"ရှင်တို့ ဒီလိုတော့ လူချင်းမစာနာ မပြောကြပါနဲ့ရှင်၊ ဝေဒနာသည်တယောက်ကို သနားကြင်နာတဲ့ နှလုံးသားမရှိကြတာ အံ့ပါရဲ့"

မစ္စနီဗီးက မကျေမနပ် ပြန်ပြောလိုက်၏။ ကျွန်မကတော့ ဆက်ပြီး သည်းမခံနိုင်တော့။ ထို့ကြောင့် အဖြစ်အပျက်ကို တိုင်တန်းရန် ရုံးခန်းဘက် ထွက်လာခဲ့၏။ ကျွန်မ ရုံးခန်းထဲ အရောက်တွင် ဆေးရုံအုပ်ကြီး မစ္စတာဒင့် ရောက်လာတာနှင့်ကြုံ၍ ကျွန်မက အကျိုးအကြောင်း ပြောမိ၏။

"မစ္စမေယတ်က အအေးဒဏ်ကို လုံးဝ ခံနိုင်ရည်မရှိတော့ဘူး၊ သူနာပြုတွေ ပြောပြတော့လည်း ဘာမှလုပ်မပေးကြဘူး၊ ဆေးရုံအုပ်ကြီးအနေနဲ့ ဘယ်လို ဆက်လုပ်ပေးနိုင်မလဲ"

ကျွန်မက တဆက်တည်းမှာပင် အစားအသောက်တွေ ညံ့ဖျင်းပုံ၊ သူနာပြုများ၏ ဆက်ဆံရေး မာကျောပြတ်တောင်းပုံ၊ အနွေးထည်

လုံလုံလောက်လောက် မရပုံများကိုပါ ပြောပြလိုက်၏။

"ရှင်တို့ကပြောတော့ ဒီစိတ်ရောဂါကုဆေးရုံက အလှူရှင်တွေရဲ့ အလှူဒါနနဲ့ ရှင်သန်လည်ပတ် နေရတာမို့ ဘာမှအပိုတွေ တောင်းဆိုခွင့် မရှိဘူးတဲ့၊ ရှင်တို့ဆီက ဘာမှမရတဲ့အပြင် ကြင်နာ ထောက်ထားမှု၊ စာနာသနားမှုတွေတောင် မရတော့ ဘယ်လိုလုပ်ကြမလဲ၊ ဆေးကုသဖို့ မလိုပါဘူးဆိုတဲ့ ကျွန်မကိုတော့ ဆေးအတင်းကုနေကြပြီး မစ္စမေယတ်ကိုတော့ ရှင်တို့ကပစ်ထားကြတယ်၊ ကဲ အခု မစ္စမေယတ်ကို ကုသပေးကြပါရှင်"

ကျွန်မပြောတာတွေကို ပြူးကြောင်ကြောင် မျက်လုံးကြီးများဖြင့် နားထောင်နေသော ဆေးရုံအုပ်ကြီးကို မကြည့်နိုင်တော့၍ ကျွန်မ ပြန်ထွက်လာ၏။

မစ္စမေယတ်မှာ သတိပြန်မလည်သေး၊ လူနာတွေက သူ့ကို အတင်း လှုပ်နိုးကြ၏။ ကြာတော့မှ သက်ပြင်းတချက်ချကာ သတိပြန်လည်လာ၏။ သို့သော် တနေ့လုံး သူ အကြီးအကျယ် ခေါင်းကိုက်နေ၏။ ထိုနေ့မှစ၍ အခြေအနေက ပိုဆိုးလာသည်။

စိတ်မှုမမှန်သူတွေတဲ့လား၊ ရိုင်းရိုင်းပြောရလျှင် ရူးနေကြသူတွေတဲ့လား။

အရူးဆိုပြီး ပစ်တောင်းစကာ လုပ်၍ ရပါသလား၊ စိတ်ရောဂါဖြစ်သူကို ကုသပေးဖို့ မကြိုးစားကြတော့ဘူးလား။ ဒီအတိုင်း ပစ်ထားကြရအောင် သူတို့လည်း လူတွေပဲလေ။ လူသားအချင်းချင်း ကိုယ်ချင်းစာမှုဆိုတာ ဘာဖြစ်လို့ ဒီနေရာမှာ ပျောက်ကွယ်နေရတာလဲ။

ကျွန်မကတော့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဝန်ထမ်းတွေကိုသာ ကျိန်ဆဲနေမိ၏။ တော်ရုံတန်ရုံ စိတ်မနှံ့ကြသူတွေ ဒီကို မလာကြပါနဲ့။ ဒီရောက်ရင် အရူးရောဂါ မပျောက်တဲ့အပြင် ပိုရူးမှာ သေချာတယ်ဟုသာ ကျွန်မ အကျယ်ကြီး အော်ဟစ်လိုက်ချင်၏။ အစာအာဟာရ မလုံလောက်မှု၊ အနွေးထည် မရှိမှု၊ သူနာပြုများ၏ သဟောက်သဟန်း ပြုမူမှုများဖြင့် စိတ်ရောဂါ အခြေအနေ ပိုဆိုးလာပြီး အသက်ပင် သေနိုင်လောက်သည်။

ထိုနေ့နံနက်က ကျွန်မသည် လက်ထောက်ဆေးရုံအုပ် ဒေါက်တာ အင်ဂရမ်နှင့် အကြာကြီး စကားပြောမိ၏။ အခြားဝန်ထမ်းတွေနှင့်စာလျှင် သူက လူစိတ်နည်းနည်း ပိုရှိပုံရ၏။ ကျွန်မက အရေးအကြီးဆုံး ပြဿနာဖြစ်သော အအေးဒဏ်ကိစ္စကို သူ့ကို ဦးစားပေးပြောလိုက်၏။ သူက မစ်ဂရက်ဒီကို ချက်ချင်း ခေါ်ကာ လူနာများအတွက် အနွေးထည် ထပ်ပေးရန် အမိန့်ပေးလိုက်၏။ မစ္စဂရက်ဒီက မကျေနပ်။

"ရှင် ဒီလိုဆက်ပြီး အတိုင်အတန်း ထူနေရင်တော့ တနေ့ ဒုက္ခလှလှ တွေ့မယ်" ဟုပင် ခြိမ်းခြောက်၏။

ပျောက်ဆုံးနေသော မိန်းကလေးများကို ရှာဖွေရန် ဧည့်သည်တွေ ရောက်လာကြ၏။ မစ္စဂရက်ဒီကတော့ ခန်းမက တံခါးဝမှာ အော်ဟစ်နေ၏။

"နယ်လီဘာရောင်း ဒီကိုလာစမ်း"

ကျွန်မက ခန်းမအဆုံးရှိ ဧည့်ခန်းထဲသို့ သွား၏။ ဧည့်ခန်းတွင် ကျွန်မနှင့် နှစ်ပေါင်းများစွာ ရင်းနှီးခဲ့သောလူတဦး ထိုင်နေသည်။ သူက ကျွန်မကိုမြင်တော့ အလွန်အံ့အားသင့်သွားကာ အကြီးအကျယ် အံ့ဩသွားပုံရ၏။ ကျွန်မကလည်း သူ့ကို နယ်လီဘာလိုင်းဟု မသိစေချင်။ ကျွန်မက သူ့ကို တခါမှ မမြင်ဖူးသလို ပုံစံချိုးလိုက်၏။ သို့သော် ထိုသို့လုပ်၍မရပုံပေါ်၍ ကျွန်မ နည်းဗျူဟာ ပြောင်းလိုက်၏။ မလှမ်းမကမ်းမှ မစ်ဂရက်ဒီ အကဲခတ်နေသည်ကိုလည်း တွေ့ရ၏။

"ကျွန်မကို မသိဘူးလို့ပြော၊ အကြောင်းရှိလို့"

သူ့မျက်လုံးတွင် ကျွန်မ အခြေအနေကို နားလည်သည့် အရိပ်အယောင် တွေ့လိုက်ရ၏။ ထို့ကြောင့် ကျွန်မက မစ္စဂရက်ဒီကို လှမ်းပြောလိုက်သည်။

"ကျွန်မ ဒီလူကို မသိဘူး"

"ရှင် သူ့ကိုသိလား" မစ္စဂရက်ဒီက သူ့ကိုမေး၏။

"ဟင့်အင်း၊ သူက ကျုပ် ရှာဖွေနေတဲ့သူ မဟုတ်ဘူး"

သူကလည်း ခပ်တည်တည်ပင် ပြန်ဖြေ၏။

"ရှင် သူနဲ့ မသိဘူးဆိုရင် ဒီမှာ ဆက်မနေနဲ့တော့" ဟု ပြောကာ ထိုသူကို တံခါးဝဆီသို့ တွန်းပို့လိုက်၏။ ကျွန်မကတော့ ရင်တွေ တဒုန်းဒုန်း ခုန်နေဆဲ။ ထိုသူက ကျွန်မမိတ်ဆွေတွေကို အခြေအနေ ဖွင့်ပြောပြီး သူတို့က ကျွန်မကို ဆေးရုံမှ လွတ်ပေးရန် လာပြောလျှင် အခက်။ ကျွန်မ၏ရည်ရွယ်ချက်လုပ်ငန်းက အခုမှ အစပဲ ရှိသေးတာ။ အပြင်ကို ချက်ချင်း ပြန်ထွက်လို့ မဖြစ်သေး။

မစ္စဂရက်ဒီက ထိုသူကို တံခါးဝသို့တွန်းပို့ပြီး ပြန်ထွက်သွား၏။ ကျွန်မမှာ အခွင့်အရေးတခု ရသေးသည်။ ထို့ကြောင့် ကျွန်မ ထိုသူ့ထံ မြန်မြန်ပြေးသွား၏။

"ခဏလေး ဆရာ"

သူက ကျွန်မကိုလှည့်ကြည့်၏။

“ရှင် စပိန်ဘာသာနဲ့ ပြောတတ်တယ် မဟုတ်လား၊ဒါဆို ကျွန်မပြောမယ်၊ ကျွန်မက မရူးဘူး၊ အလုပ်ကိစ္စတခုနဲ့ ကျွန်မ ဒီရောက်နေတာ၊ အဲဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောပါနဲ့နော်”

“ကျုပ်သိပါတယ်၊ မပြောပါဘူး စိတ်ချ”

ခုမှ ကျွန်မရင်ထဲက အလုံးကြီးကျသွား၏။

အရူးထောင်များထဲမှ လူတွေအတွက် နေ့တာ၊ လတာ၊ နှစ်တာ ရှည်၏။ သူတို့အတွက် လွတ်လမ်းက ဝေးလှ၏။ သူတို့မှာ စကားပြောစရာ မရှိ။ ဖတ်စရာ မရှိ။ နှစ်သိမ့်စာနာပေးသူ မရှိ။ စိတ်မနှံ့သူအချင်းချင်း ပြောချင်တာပြော၊ လုပ်ချင်တာလုပ်နှင့်ပင် သူတို့ဘဝ နိဂုံးချုပ်ကြရ၏။

ခန်းမ ၆ သည် လူနာလက်ခံသော ခန်းမဖြစ်၏။ ထိုနေရာမှကြည့်လျှင် လူသစ်တွေကို ကျွန်မတို့ မြင်နေရ၏။

ကျွန်မမျက်စိအောက်တွင် ယူရီနာလစ်ထိပ်ပေ့ချ်ဆိုသော ကောင်မလေးကို ခေါ်လာသည်ကို တွေ့ရ၏။ သူက အသက်ဆယ့်ရှစ်နှစ်ရှိပြီ။ မွေးကတည်းကပင် စိတ်မူမမှန်ရှာသူဖြစ်၏။ သူ့ကို သူနာပြုတွေက စကြ နောက်ကြ၏။

“ယူရီနာ နင့်အသက် ဆယ့်ရှစ်နှစ်ဆို၊ ဒါပေမဲ့ ဆရာဝန်တွေက ပြောတာ အဲဒါ နင် လိမ်တာတဲ့၊ နင့်အသက်က သုံးဆယ့်သုံးနှစ် ရှိနေပြီတဲ့”

မစ္စဂရက်ဒီက သူ့ကိုပြောတော့ အခြားသူနာပြုတွေက ဝိုင်းရယ်ကြ၏။ ထိုသို့ပြောလျှင် သူက သိပ်စိတ်ဆိုး၏။ ပြန်အော်ဟစ်ကာ နောက်ဆုံးတွင် ကြူကြူပါအောင် ငိုချလိုက်၏။ ဒါကိုပင် သူနာပြုတွေက ဝိုင်းရယ်ကြပြန်၏။ သူတို့ပျော်ဖို့အတွက် ဤကလေးမလေးကိုသာ စနောက်နေကြ၏။

“ကျွန်မကို အိမ်ပြန်ပို့ကြပါ၊ ဒီကလူတွေက ကျွန်မကို နှိပ်စက်နေကြတယ်” ဟု သူက အော်ပြောတတ်၏။

သူ အော်ငိုတာ ကြာလာလျှင် သူနာပြုတွေက “ခုချက်ချင်း တိတ်မလား၊ မတိတ်ဘူးလား” ဆိုကာ ဟိန်းဟောက်ကြ၊ ရိုက်နှက်ကြပြန်၏။ ရိုက်တာမှ ပါးကိုရိုက်၏။ ခေါင်းကိုထု၏။ နာကျင်၍အော်လျှင် ထပ်နှိပ်စက်ကြပြန်၏။ သူ့ဘာသာသူ အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် နေလျှင် သွားစကြ၏။ သူ့ရောဂါထလာလျှင် ပြန်နှိပ်ကွပ်ကြ။

သူ့ခမျာ တခါတရံ မခံမရပ်နိုင်လွန်း၍ တက်၍ပင်သွား၏။ ထိုအခါ သူ့ကို တရွတ်တိုက် ဆွဲသွားကာ ဆေးခန်းပို့၏။ ဆေးခန်းမရောက်မီ သူ့အော်သံတွေ

ကြားရ၏။ လမ်းမှာ နိုပ်စက်သွားကြကာ -

"ဒါမှ သူက သတိပြန်လည်တာ၊ သူ့ကို နာအောင်ကျင်အောင် လုပ်မှ သတိပြန်ရတာ" ဟု သူနာပြုတွေက ပြောကြ၏။

သူ့ကို အခန်းသို့ပြန်လာပို့ကြ၏။ တနေ့လုံး သူ ဘာတခွန်းမှ စကားမပြောတော့။ သူ့လည်ပင်းမှာက လက်သည်းအစင်းရာတွေ သွေးသံရဲရဲ ကျွန်မ တွေ့ရ၏။

မစ္စစ်အိုကီဖီးဆိုသူ တခေါင်းလုံး ဆံပင်တွေ ဖြူဖွေးနေသူ တဦးလည်း ရှိသေး၏။ သူက သွက်သွက်ခါ ရူးနေသူဖြစ်၏။ သို့သော် စကားပြောလျှင် မည်သည့်အခါမှ အော်ကြီးဟစ်ကျယ် မပြောတတ်။ တိုးတိုးလေးနှင့် ညင်ညင်သာသာ ပြောတတ်၏။ သူက တနေကုန် တယောက်တည်း စကားပြောနေတတ်၏။ ဒါကိုပင် ဆရာမတွေက နားညည်းသည်ဟုဆိုကာ သူ့ကို အခန်းထဲမှ ဆွဲထုတ်သွားတတ်ကြ၏။

"ကျွန်မ စကားမပြောတော့ပါဘူး၊ ကြောက်ပါပြီ၊ မရိုက်ကြပါနဲ့"

"တိတ်စမ်း မအော်နဲ့၊ အရူးမကြီး"

မစ္စဂရက်ဒီက သူ့ဆံပင်ကို ဆောင့်ဆွဲကာ ဘေးခန်းဆီသို့ တရွတ်တိုက် ဆွဲခေါ်သွားတတ်၏။ သူ့ကို အမှောင်ခန်းတခုထဲတွင် ပိတ်လှောင်ထားတတ်၏။ အဘွားကြီး၏အသံက တိုးသည်ထက် တိုးလာကာ နောက်ဆုံး အသံပျောက်သွား၏။

အမှောင်ခန်းထဲတွင် တနေကုန်ထားပြီး အသံဗလံ လုံး၀ မထွက်မှ အဆောင်သို့ပြန်ပို့၏။

"ဒါမျိုးလူကျတော့ ဒီလိုပဲ လုပ်ရတယ်" ဟု မစ္စဂရက်ဒီက ပြောသည်။

အခန်း ၆ တွင် နေသူများထဲမှ ထူးခြားသူ နောက်တဦးက မစ္စကီလ်ဒါဆိုသူ ဂျာမန်အမျိုးသမီးဖြစ်၏။ ရှိစုမဲ့စု ငွေကြေးတွေ အလိမ်ခံရပြီးနောက် ရူးသွားသူဟု ကျွန်မသိရ၏။ ကိုယ်လုံးကိုယ်ပေါက်က သေးသေးလေး။ အသားကတော့ ပန်းရောင်သွေးနေ၏။ သူက တခါတရံမှအပ သိပ်ဒုက္ခမပေးတတ်။ တခါတခါ ဖောက်လာလျှင်ကား ကုလားထိုင်ပေါ် မတ်တတ်တက်ရပ်ကာ မိန့်ခွန်းခြွေတတ်၏။ ပြောချင်တာတွေ ဗလစ်ဗလစ် ပြော၏။ မောတော့မှ ခေတ္တရပ်ကာ ရေတောင်းသောက်၏။ ပြီးလျှင် ပြန်အားပြည့်သွားကာ စကားတွေ ဆက်ပြော၏။ ထမင်းစားချိန်တွင် ထမင်းစားဖို့ လာခေါ်တာပင် ပြောလို့ဆိုလို့ မပြီးသေးဆိုကာ ထမင်းမေ့ ဟင်းမေ့ ဆက်ပြောတတ်၏။ သူ အထူးတလည် မကျေနပ်ကြသူများမှာ ရှေ့နေများဖြစ်၏။ ရှေ့နေခတွေ အများကြီး ပေးရ၍ သူ မွဲသွားသည်ဟု ဆို၏။

"အဘွားပိုက်ဆံတွေ ပြန်ရပြီတဲ့၊ အဲဒီပိုက်ဆံတွေအကုန် ကျွန်မတို့ကို ပေးမလား" ဟု သူနာပြုတွေက လာစကြ၏။

"မပေးဘူး၊ မပေးဘူး၊ ငါ့ပိုက်ဆံတွေ ငါ သုံးရဦးမယ်၊ နင်တို့ကို မပေးနိုင်ဘူး" ဟု မစ္စကီလ်ဒါက တတွတ်တွတ် ပြောရင်း ရောဂါက ပြန်ဖောက်လာတတ်၏။

တခါတလေ ကျွန်မနား ကပ်လာကာ "သမီးကိုချစ်လို့ ပြောရဦးမယ်၊ အဘွားက ရူးချင်ယောင် ဆောင်နေတာ၊ ပိုက်ဆံတွေ ပြန်ရတဲ့နေ့ကျရင် အပြင်ပြန်ထွက်ပြီး စိတ်တိုင်းကျ သုံးပစ်ဦးမှာ၊ အဲဒီအခါ သမီးကိုလည်း မုန့်ဝယ်ကျွေးမယ်နော်၊ ဒီအကြောင်းတွေ ဘယ်သူ့မှ လျှောက်မပြောနဲ့၊ သူတို့က အဘွားကို မနာလိုဖြစ်နေကြတာ" ဟု လာပြော၏။

တခါက အဘွားကြီး စကား တတွတ်တွတ် ပြောနေတုန်း မစ္စဂရက်ဒီ ရောက်လာကာ အဘွားနားအနီးသို့ကပ်ပြီး နားထဲကို တံတွေးထွေးထည့်လိုက်တာ ကျွန်မ မြင်လိုက်ရ၏။ အဘွားကြီးက သူ့နားကို ချက်ချင်း လက်နှင့်အုပ်ပစ်ကာ ဘာတခွန်းမှ မပြောတော့။

■

အခန်း (၁၄)

ကံမကောင်း အကြောင်းမလှ ဇာတ်လမ်းများ

ယခုတော့ ကျွန်မသည် အခန်း ၆ ရှိ အမျိုးသမီး ၄၅ ဦးစလုံးနှင့် သိကျွမ်းသွားပြီ။ ထိုသူများထဲမှ အချို့နှင့် မိတ်ဆက်ပေးပါရစေ။

"လူစီ"

သူက ဂျာမန်လူမျိုး ခပ်ချောချောကောင်မလေး။

သူက တနေ့တွင် အပြင်းဖျားပြီး သတိလစ်သကဲ့သို့ ဖြစ်သွား၏။ ထိုအခါမှစ၍ ကွယ်လွန်သူ သူ့မိဘများနှင့် အဆက်အသွယ် ပြန်ရသည်ဟုဆိုကာ ပြင်ပတွင် မရှိသော မိဘများနှင့် တနေကုန် စကားပြောတော့၏။ သို့ဖြင့် နောက်ဆုံးတွင် ဤအရူးထောင်သို့ ရောက်လာရ၏။

"ကျွန်မကို အရူးဆိုပြီး မစ္စဂရက်ဒီနဲ့ သူ့တပည့်တွေက ခဏခဏ ရိုက်တယ်၊ ကျွန်မလည်း အရိုက်ခံရမှာ ကြောက်လို့ ရူးတောင် မရူးရဲတော့ဘူး" ဟု ကျွန်မကို လာပြော၏။

"ဒီကကျွေးတဲ့ အစားအစာတွေ ကျွန်မ မစားနိုင်ဘူး၊ အဝတ်တွေကလည်း စုတ်ပြတ် ညစ်ပတ်နေတာပဲ၊ ကျွန်မအဖေနဲ့ အမေနဲ့လည်း တွေ့ခွင့်မပေးဘူး၊ သူတို့က ခွဲထားကြတယ်၊ အဖေနဲ့ အမေကလည်း ကျွန်မကို လွမ်းလှပြီ၊ သူတို့နဲ့ တွေ့ချင်လှပြီ"

"တညမှာ ကျွန်မဆီ ဒေါက်တာဖီးလ် ရောက်လာတယ်၊ ကျွန်မက ခုတင်ပေါ်မှာ အိပ်နေတုန်း သူက မေးခွန်းတွေ လာမေးတာ၊ ကျွန်မက ပြောရတာ များလွန်းလို့ မဖြေပါရစေနဲ့လို့ ပြောလိုက်တယ်၊ သူက ဒေါသတကြီးနဲ့ နင်မဖြေရင် ဖြေအောင် လုပ်ပြမယ်ဆိုပြီး ကျွန်မကိုရိုက်တယ်၊ နံရိုးတွေ ကျိုးမတတ်ပဲ၊ ကျွန်မက နာလွန်းလို့ ငိုတော့ သူက ငါ နင့်ကို သတ်ပစ်လို့ရတယ်၊ နင်သေမှ နင့်အဖေနဲ့ တွေ့ရမှာလို့ပြောတယ်၊ ကျွန်မ ဝမ်းသာသွားတယ်၊ ကျွန်မ မြန်မြန်သေမှ မြန်မြန် မိဘတွေနဲ့ တွေ့ရမှာ"

ကျွန်မ ဤအရူးထောင်မှ ထွက်အလာတွင် သူ အကြီးအကျယ် ဖျားနေသည်ကို တွေ့ရ၏။ အဖျားကြီးလွန်းသဖြင့် သတိပင် လစ်နေ၏။ ဒီတခါတော့

သူ့အလိုဆန္ဒ ပြည့်ဝတော့မည်ထင်သည်။

အခန်း ၆ ၏ အခန်းဖော်များထဲတွင် ပြင်သစ်အမျိုးသမီးတဦးကိုလည်း တွေ့ရ၏။ ကျွန်မ ခန့်မှန်းသလောက်ကား သူသည် လုံးဝဥဿုံ လူကောင်း။ သူ မရူး။ သူ့ကို ကျွန်မ နေ့တိုင်း စောင့်ကြည့်၏။ နေ့တိုင်း စကားပြော၏။ သူ့ဆီမှာ ရူးသွပ်သော သရုပ်လက္ခဏာ ဘာမှမတွေ့ရ။

သူ့နာမည်က "ဂျိုဇက်ဖင်း ဒက်စ်ပရူး"

သူ့ခင်ပွန်း၊ သူ့ဆွေမျိုးတွေအားလုံး ပြင်သစ်မှာ နေကြ၏။

"ရှင် ဒီကို ဘယ်လိုရောက်လာသလဲ" ကျွန်မက သူ့ကို မေးကြည့်၏။

"တမနက်မှာပေါ့၊ ကျွန်မ မနက်စာ စားဖို့ လုပ်နေတုန်း အပြင်းဖျားတယ်၊ အဲဒီအချိန်မှာ အိမ်ရှင်မိန်းမနဲ့အတူ ရဲအရာရှိနှစ်ယောက် ပေါက်ချလာကြတယ်၊ သူတို့က ကျွန်မကို ရဲစခန်း ခေါ်သွားတယ်၊ ကျွန်မက ဘာဖြစ်လို့ ဘာဖြစ်မှန်း မသိဘူး၊ ကျွန်မရှင်းပြတာတွေကိုလည်း သူတို့က နားမထောင်ကြဘူး၊ ဒီနိုင်ငံကလူတွေ တွေးတာခေါ်တာနဲ့ ကျွန်မတို့နဲ့က မတူဘူး၊ သူတို့က ကျွန်မကို စိတ်မနှံ့ဘူးဆိုပြီး ဒီအရူးထောင်ကို ပို့လိုက်ကြတယ်၊ ကျွန်မက ကျွန်မကို လွှတ်ပေးပါ၊ ကျွန်မ မရူးဘူးလို့ ပြောလေ သူတို့က ကျွန်မကို ရူးတယ် ထင်ကြလေပဲ၊ မစ္စဂရက်ဒီနဲ့ သူ့လူတွေက ကျွန်မကို အရူးမဆိုပြီး ရိုက်တယ်၊ အမျိုးမျိုး နှိပ်စက်တယ်၊ ကြာတော့ ကျွန်မလည်း မရူးပါဘူးဆိုတာ မပြောရဲတော့ဘူး၊ အခုလိုငြိမ်နေမှ သက်သာရာရတာ"

ဟီးဘရူးလူမျိုး အမျိုးသမီးတယောက်လည်း ရှိ၏။ ငယ်ငယ်ချောချောလေး။ သူက အင်္ဂလိပ်လို သိပ်မပြောတတ်။ ထို့ကြောင့် သူ၏ဇာတ်လမ်းကို မသိရ။ သူ့အကြောင်းကို သူနာပြုဆရာမများမှ တဆင့်သာ သိရ၏။

သူ့နာမည်က ဆာရာဖစ်ရှ်ဘောင်း။

သူ့ကို သူ့ခင်ပွန်းကိုယ်တိုင်က ဤအရူးထောင်သို့ ပို့လိုက်တာ။ သူက သူ့ခင်ပွန်းထက် အခြားယောကျ်ားတွေကို ပိုတပ်မက်နေလို့ဆိုပြီး စွပ်စွဲကာ ပို့လိုက်ခြင်းဖြစ်၏။ သူ့ကို လင်တရူး၊ တဏှာရူးဟု သူ့ခင်ပွန်းက စွပ်စွဲသည်ဟု ဆို၏။ ဤအရူးထောင်မှ သူနာပြုများက သူ့ကို မည်သို့ ကုသပေးခဲ့ကြသလဲ၊ ကျွန်မ နည်းနည်းပြောပါရစေ။

"ဆာရာ နင် ယောကျ်ားလေး ငယ်ငယ်ချောချောဆို ကြိုက်တယ် မဟုတ်လား"

“ငယ်ငယ်ချောချောဆို ကြိုက်တာပေါ့ရှင်”

“ဒါဆို ငါတို့ဆေးရုံမှာ ဆရာဝန် ငယ်ငယ်ချောချောလေးတွေ ရှိတယ်၊ သူတို့ကို နင် ပြောပါလား၊ ရှင်တို့ကို ကျွန်မ သိပ်ကြိုက်တယ်လို့”

အင်္ဂလိပ်စကား သိပ်မတတ်သော ဆာရာကို သူနာပြုတွေက အယုတ္တ အနတ္တစကားတွေ အတင်းသင်ပေး၏။

သူက အကောင်းမှတ်ကာ ဆရာဝန်တွေ ရောက်လာတော့ ချစ်ကြောင်း ကြိုက်ကြောင်း စကားတွေ သူနာပြုတွေ သင်ပေးထားတာပြော၏။

ဆရာဝန်တွေက မှတ်ချက်ချသွားသည်။

“ဒီကောင်မလေးက တဏှာရူး အစစ်ပဲ”

အသား ခပ်ဖြူဖြူ၊ ကိုယ်လုံးကိုယ်ပေါက် ခပ်တောင့်တောင့် အမျိုးသမီးတဦးကို ကျွန်မ သတိထားမိ၏။ သူ့ကိုကြည့်ရတာလည်း စိတ်မနှံ့ပုံမပေါ်။ ထို့ကြောင့် တနေ့တွင် သူ့ကို ချဉ်းကပ်ပြီး မိတ်ဖွဲ့ကာ စကားပြောကြည့်၏။

“ရှင် ဘယ်နှယ့်လုပ် ဒီရောက်လာတာလဲ”

“နေမကောင်းလို့ပါ”

“ရှင် နေမကောင်းတာလား၊ စိတ်နေမကောင်းတာလား”

“ရှင် ဘာတွေလာမေးနေတာလဲ၊ ကျွန်မကို ရူးတယ် ထင်လို့လား၊ ကျွန်မ အလုပ်တွေ သိပ်လုပ်ရင်း အလုပ်ပိပြီး ကယောင်ချောက်ချား ဖြစ်မိတာ မှန်ပါရဲ့၊ မိသားစုပြဿနာတွေလည်း ရှိတာပေါ့၊ ပိုက်ဆံကလည်း မရှိတော့ ဘယ်မှလည်း မသွားနိုင်ဘူး၊ ဒါနဲ့ သက်ဆိုင်ရာကို လျှောက်လွှာတင်တယ်၊ ကျွန်မကို အမျိုးသမီးဂေဟာပို့ဖို့၊ ပြီးရင် အလုပ်တခုခု ရှာပေးဖို့”

“ဒါနဲ့ ရှင့်ကို ဘာဖြစ်လို့ ဒီကို ပို့လိုက်တာလဲ၊ ဒါက အရူးထောင်လေ”

“ကျွန်မလည်း ဒီရောက်တော့မှ အမျိုးသမီးအများစုက အရူးတွေဆိုတာ သိတာ၊ ဒါပေမဲ့ ကျွန်မလည်း ပြန်ထွက်လို့ မရတော့ဘူး၊ အပြင်ပြန်ရောက်လည်း နေစရာမရှိ၊ လုပ်စရာမရှိ၊ ငတ်သေရမှာမို့ ဒီမှာပဲ ရူးချင်ယောင် ဆက်ဆောင်ပြီး နေလိုက်ရတော့တာပဲ”

“ရှင့်ကို သူတို့က ဘယ်လိုဆက်ဆံကြသလဲ”

“ကျွန်မကို ရေချိုးခိုင်းတော့ ကျွန်မက ရေ ဘယ်တော့မှ မချိုးဘူးဆိုပြီး

အတင်းငြင်း၊ သူတို့က အတင်းရေချိုးပေး၊ ကျွန်မက ရုန်းကန်တော့ ရိုက်နှက်ကြ၊ ကျွန်မက ကြောက်ချင်ယောင် ဆောင်ပြီး ရေချိုး၊ နောက်ပိုင်းကျတော့ ကျွန်မကို အရူးပဲဆိုပြီး မနှိပ်စက်ကြတော့ဘူး၊ ကျွန်မလည်း သူတို့နဲ့ အလိုက်အထိုက် နေလိုက်တော့တယ်”

မစ္စစ်မက်ကပ်တနီးဆိုလျှင် သူ့ခင်ပွန်းက စက်ချုပ်သမား။ သူ့ကြည့်ရတာ ရူးပုံမပေါ်။ သူ့အကြောင်းနှင့်သူ ဒီကိုရောက်လာခြင်းပင် ဖြစ်မည်။ မေရီဟူးနှင့် မစ္စစ်လူစီရှန့်မ်တို့ကို ကြည့်ရတာလည်း ပုံမှန်ပင်။ သူတို့ကို စိတ်မူမမှန်သူဟု ပြော၍မရ။

တနေ့တွင် ကျွန်မတို့အဆောင်သို့ လူသစ်နှစ်ဦး ရောက်လာ၏။ တဦးက ကယ်ရီဂလပ်စ်၊ နောက်တဦးက ဂျာမန်မ ချောချောလေး။ သူ့နာမည်က မာဂရက်။

မာဂရက်က ထမင်းချက်ဖြစ်၏။ တနေ့တွင် သူ ချက်ပြုတ်ရာနေရာသို့ အခြားအမျိုးသမီးတွေ ဝင်လာကာ သူ့အလုပ်ကို ဝင်စွက်၏။ သူက မခံနိုင်ဖြစ်ကာ စကားများ ရန်ဖြစ်ကြ၏။ ထိုစဉ် ရဲတွေ ရောက်လာကာ သူ့ကိုဖမ်းပြီး အရူးထောင် ပို့လိုက်သည် ဆို၏။

“ကျွန်မကို သူတို့က ရူးတယ်လို့ ပြောကြတယ်၊ ကျွန်မအလုပ်ကို ဝင်စွက်တာ ဒေါသထွက်လွန်းလို့ ရန်ပြန်ဖြစ်တာနဲ့ပဲ ရူးတယ် ခေါ်ကြတာပေါ့၊ စကားများ ရန်ဖြစ်တာ လုပ်တိုင်း ရူးတယ်ခေါ်သလား၊ ဒေါသထွက်ပြီး စိတ်ပေါက်ပေါက်နဲ့ လုပ်ချင်တာ လုပ်လိုက်တာ တခုတည်းနဲ့ သူတို့က ကျွန်မကို ဒီနေရာကို ပို့လိုက်ကြတယ်၊ ကျွန်မ မရူးပါဘူးလို့ အမျိုးစုံ ပြောပြပေမဲ့ သူတို့က မယုံကြဘူး”

တနေ့တွင် စိတ်မနှံ့သူတဦး ရောက်လာပြန်၏။ သူက ဆူညံပူညံ လုပ်လွန်းသဖြင့် မစ္စဂရက်ဒီနှင့် တွေ့သွား၏။ မစ္စဂရက်ဒီ၏လက်ချက်က နည်းနည်းလွန်သွားတော့ သူ့မျက်နှာမှာ အညိုအမည်း စွဲကုန်၏။ ဆရာဝန်တွေရောက်လာပြီး စစ်ကြဆေးကြတော့ သူနာပြုအားလုံးက ဤဒဏ်ရာက ဆေးရုံ မရောက်ခင်ကတည်းက ဖြစ်လာတာဟု တညီတညွတ် ထွက်ဆိုကြ၏။

တညနေတွင် ထမင်းချက်ချုပ်ဟု ထင်ရသူတဦး ရောက်လာကာ စပျစ်သီးတွေ၊ ပန်းသီးတွေ၊ ကိတ်မုန့်တွေကို သူနာပြုများအား ပေးနေသည်ကို ကျွန်မ တွေ့ရ၏။ သူနာပြုတွေက စားကောင်းသောက်ဖွယ်များကို မြိန်ရေရှက်ရေ စားကြ၏။ သံတိုင်နောက်မှ ကျွန်မတို့တွေက သူတို့ အားရပါးရ စားကြသောက်ကြတာတွေကို ကြည့်ပြီး သွားရည်ကျနေကြရုံ။

တနေ့လယ်ခင်းတွင် ဒေါက်တာဒင်က မစ္စစ်တာနေးဆိုသော လူနာတဦးကို

လာကြိမ်းမောင်းနေသည်။

“မင်းတို့ကို ပြုစုစောင့်ရှောက်နေတဲ့ သူနာပြုတွေကို မင်းတို့ စော်ကား မော်ကား မလေးမစား လုပ်တာ ငါ မကြိုက်ဘူး၊ ဒါမျိုးကို မင်းတို့ ရူးနေတယ်ဆိုပြီး ငါက ခွင့်လွှတ်ရမှာလား”

သူနာပြုတဦးက သူ့ကို အကြောင်းမဲ့ ရိုက်နှက်နှိပ်စက်နေတာကို သူက သိသိကြီးနှင့် နေသည့်အပြင် ယခု သူ့အပေါ် အပြစ်ပင်လာဖို့နေကြ၏။ ထမင်းစားချိန်ရောက်တော့ မစ္စစ်တာနေးက သူ့အတွက် ဝေစုရသော ဟင်းချိုပူပူတပန်းကန်ကို အပူလောင်ခံပြီးသယ်ကာ သူ့ကို ရိုက်နှက်သူ သူနာပြုမျက်နှာကို သွားပက်လိုက်၏။ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။ မကြာခင် မစ္စစ်တာနေးကို လာဖမ်းကြ၏။ ထို့နောက် သူ့ကို အပြစ်ပေးသည့်အနေနှင့် အမှောင်တိုက်သို့ ပို့လိုက်သည်ဆို၏။ ထို့နောက်တွင်ကား လူသတ်မှု ကျူးလွန်ခဲ့သော တကယ့်အရူးစစ်စစ်တွေ နေသော အဆောင်သို့ ရွှေ့ပြောင်းလိုက်သည်ဟု သိရ၏။

ကျွန်မ ဤဇာတ်လမ်းများကို ကြားနေ မြင်နေရတော့ ဤနေရာတွင် ဆက်မနေချင်တော့။ မတရားတာတွေကို တွေ့နေရပါလျက် ကိုယ်တိုင်လည်း ဘာမှမလုပ်နိုင်။ စိတ်ဖိစီးမှုတွေ များလာကာ ည ည အိပ်မပျော်တော့။ ဒါကိုကြည့်ပြီး သူနာပြုတွေက ကျွန်မကို အိပ်ဆေးတွေပေး၏။ အိပ်ဆေး သောက်တာတောင် မျက်လုံးတွေက ကြောင်ပြီး အိပ်မရ။ နောက်နေ့များတွင် ကျွန်မကို အိပ်ဆေး လာပေးတာ မသောက်တော့။ ထို့ကြောင့် သူတို့က ဆရာဝန်ခေါ်၏။ ဆရာဝန်က ကျွန်မကို အိပ်ဆေး အတင်းတိုက်၏။ ကျွန်မလည်း အသည်းအသန် ငြင်းဆန်၏။ နောက်ဆုံးတွင် ကျွန်မကို အိပ်ဆေး ထိုးသွင်းရန် အပ်ကိုပြင်၏။ ဒါဆိုလျှင် ကျွန်မ အိပ်ပျော်သွားတော့မှာ သေချာ၏။ ထို့ကြောင့် ကျွန်မက အိပ်ဆေးပဲ သောက်ပါမယ်၊ ဆေးမထိုးပါရစေနဲ့ဟု တောင်းပန်၏။ သူတို့ အိပ်ဆေး ပေးတော့ သောက်ချင်ဟန်ဆောင်ကာ ခံတွင်းမှာ အသာငုံထားလိုက်၏။ သူတို့ပြန်သွားတော့မှ ထွေးအန်ထုတ်လိုက်၏။

ဤအရူးထောင်တွင် လူတိုင်း မကောင်းဟုကား မဆိုသာ။ ညဘက် တာဝန်ကျသော ဘန်းစ်ဆိုသည့် သူနာပြုကား စိတ်ရှည်၏။ သဘောကောင်း၏။ လူနာများကို ညှာညှာတာတာ ဆက်ဆံတတ်သည်။ သူ့ကို လူနာတိုင်းက ချစ်ကြ၏။

ကျန်သည့် သူနာပြုများကတော့ အားလျှင် ရည်းစားအကြောင်းတွေ ပြောတာများ၏။ ကျွန်မကိုလည်း ရည်းစားအကြောင်း အတင်းအစ်အောက် မေးကြ၏။ ကျွန်မက ရည်းစား တခါမှ မထားဖူးဟု ဇွတ်ငြင်းရ၏။

လူနာများကို တပတ်တခါ ရေချိုးခွင့်ပြု၏။ ဤတချိန်သာလျှင် ကျွန်မတို့

ဆပ်ပြာဆိုတာ မြင်ဖူးသည်။ လူနာတဦးက တနေ့တွင် လက်သန်းမျှပမာဏရှိသော ဆပ်ပြာတတုံး ကမ်းပေး၏။ ကျွန်မ သူ့ကို ကျေးဇူး သိပ်တင်သွားသည်။ ဤဆပ်ပြာတုံးက အရှူးထောင်ထဲတွင်ကား အလွန်တန်ဖိုး ရှိသော ရတနာတပါး ဖြစ်၏။ သို့သော် သိပ်ရှားပါသည့်ပစ္စည်း၊ ကျွန်မ မယူရက်ပါ။ သူ့ကို သိပ်ကျေးဇူးတင်ပါတယ်၊ ကျွန်မ လက်မခံပါရစေနဲ့ဆိုကာ အတင်းပြန်ပေးလိုက်၏။

ရေချိုးမည့်နေ့တွင် လူနာတွေ တန်းစီရ၏။ ရေချိုးကန်တွင် ရေအပြည့် ဖြည့်ထားကာ တယောက်စီ ရေချိုးရ၏။ ထိုရေကို မည်သည့်အခါမှ မလဲ။ သူများချိုးပြီးသားလည်း ချိုးရ၏။ အချို့ စိတ်နည်းနည်း ပုံမှန်ရှိသူများက ရေလဲပေးရန် တောင်းဆိုကြ၏။ သို့သော် အားလုံးက မသိကျိုးကျွန် ပြုကြ၏။

“နောက်တခါ ရေလဲခိုင်းဖို့ လာပြောတဲ့သူတွေ မင်းတို့ကို ရေချိုးခွင့်ပါ ကပ်ပစ်မယ်၊ ပါးစပ်တွေ ပိတ်ထားကြ”

သူနာပြုတွေ၏အမိန့်ကြောင့် မည်သူမျှ ထပ်မပြောဝံ့တော့။ အဝတ်အစားတွေတော့ တလမှ တခါ လဲပေး၏။ ညှော်သည် လာတွေ့သည်ဆိုလျှင်ကား သူနာပြုတွေ ပျာယာခတ်ကုန်၏။ အဝတ်သစ်သစ် တထည် ချက်ချင်းလဲပေး၏။ ညှော်သည် ပြန်သွားတာနှင့် ပြန်ချွတ်။ ယခင် အဝတ်ဟောင်းပဲ ပြန်ဝတ်ပေး။

ငါးရက်လုံးလုံး ကျွန်မတို့ အပြင်ထွက်ခွင့်မပြုဘဲ အဆောင်ထဲမှာသာ ပိတ်လှောင်ထား၏။ ကျွန်မ ဤမျှကြာကြာ အပိတ်အလှောင် မခံဖူး။ လူနာတိုင်းပင် ညောင်းညာကြ၊ ပျင်းရိကြ။ ထိုင်ခုံရှည်များပေါ်တွင်သာ ထိုင်လိုက်ကြ။ ထိုင်တာ ကြာလာလျှင် မတ်တတ်ထရပ် ဒါပဲ။ အစားအစာပင် ထမင်းစားခန်း မသွားရဘဲ အခန်းထဲမှာပင် စားရ၏။

မစ္စကီလီမေယတ်၏ အခြေအနေကား တနေ့တခြား ပိုဆိုးလာ၏။ အစားလည်း မဝင်တော့။ သူက သူ့ဘာသာသူ စိတ်ကို တင်းထား၏။ ကျွန်မက သူ့ကို နေ့စဉ်ပင် အားပေးစကား သွားပြောပေး၏။

မစ္စစ်ကော်တာဆိုသော နူးညံ့သိမ်မွေ့သည့် အမျိုးသမီးတဦးသည် တနေ့တွင် ထမင်းစားရင်းက အခန်းပေါက်ဝသို့ ထပြေး၏။

“မောင်ရေ၊ အခုလို ကျွန်မကို လာခေါ်တာ ဝမ်းသာလိုက်တာရှင်၊ မောင်လာအခေါ်ကို စောင့်နေရတာ ကြာပါပေါ့လား”

သူက သူ့ခင်ပွန်း လာခေါ်သည်ဟုထင်ကာ အခန်းဝသို့ ထပြေး၏။ ဆေးခန်းသို့ ပို့လိုက်၏။ တကယ်တော့ ဆေးခန်းမဟုတ်။ စိတ်ဖောက်ပြန်သူများကို

ထိန်းသိမ်းရာ အမှောင်ခန်း။ သူ ပြန်ရောက်လာတော့ သူ့အတွေ့အကြုံကို ပြန်ပြောပြ၏။

“ကျွန်မကို သူနာပြုတွေက တံမြက်စည်းရိုးနဲ့ ရိုက်ကြတယ်၊ ဝိုင်းပြီး ထိုးကြကြိတ်ကြတယ်၊ ဆံပင်ကို ဆောင့်ဆွဲကြတယ်၊ ခေါင်းပေါ်ကို အဝတ်အုပ်ပြီး လည်ပင်းညှစ်တယ်၊ ပါးစပ်ကိုလည်း မအော်နိုင်အောင် အဝတ်နဲ့ ဆို့ထားကြတယ်၊ နားရွက်ဆွဲပြီး ခေါင်းနဲ့ နံရံနဲ့ တိုက်တယ်၊ ပြီးတော့ ဆံပင်မွေးတွေ တချောင်းချင်း ဆောင့်ပြီး ဆွဲကြတာ ကျွန်မ သတိလစ်သွားတဲ့အထိပဲ”

အခန်းဝက သူနာပြုများက သူ့ကိုဖမ်းချုပ်ကာ မစ္စစ်ကော်တာက သူ့တကိုယ်လုံးမှ အညိုအမည်း ဒဏ်ရာဒဏ်ချက်တွေကို ပြ၏။ ခေါင်းမှ ဆံပင်တွေ အုံလိုက်ကျွတ်နေကာ အကွက်လိုက် အကွက်လိုက်။

ဘရစ်ဂျက်မက်ဂင်းနက်စ် ဆိုသူကတော့ ပထမအဆောင် ၄ က။ ထို့နောက် သူ့ကို ဆိုးသည်ဟုဆိုကာ ကြိုးတိုက်ဟုခေါ်သော စိတ္တဇ လူသတ်သမားတွေရှိရာ အဆောင်သို့ ပို့လိုက်၏။

“အဲဒီမှာ နှိပ်စက်တာတော့ ကမ်းကုန်ပဲ။ ဆံပင်ဆွဲပြီး ရေထဲနှစ်တယ်၊ ရေမွန်းနေတုန်း အပြင်ကနေ ကန်ကျောက်ကြတယ်၊ သတိမေ့သွားမှပဲ နှိပ်စက်တာ ရပ်လိုက်ကြတယ်” ဟု ပြန်ပြော၏။

“အစားအစာက ဒီအဆောင်မှာစားရတာ နတ်သုဓာပဲ၊ ဟိုမှာက အပုပ်အသိုးတွေပဲ ကျွေးတယ်၊ တချို့အမဲသားတွေဆို လောက်တောင် တက်နေလေရဲ့၊ သိပ်အေးလည်း ညကြီးသန်းခေါင်မှာ အဝတ်အားလုံးချွတ်ပြီး ရေခဲရေနဲ့ စိမ်တယ်၊ ကျွန်မရှေ့တင် မိန်းကလေးတယောက် အဲဒီလို အလုပ်ခံရင်း သေသွားတယ်၊ ဆရာဝန်တွေက ဆေးစာရေးတော့ ရုတ်တရက် နှလုံးအခုန် ရပ်သွားတယ်တဲ့”

“တချို့လူနာတွေဆိုရင် မော်ဖင်းတွေ၊ ကလိုရယ်ဆေးတွေ ထိုးပေးလို့ လူနာကို ပိုပြီးရူးသွားစေတယ်၊ အဲဒီဆေးအထိုးခံရတဲ့ လူနာက ရေသိပ်ငတ်တယ်၊ သူနာပြုတွေက ရေမတိုက်ဘူး၊ လူနာတယောက်ဆို ရေလေးတပေါက်လောက် တိုက်ပါဆိုပြီး တညလုံးပဲ၊ သူ့ကို ရေတပေါက်တောင် မတိုက်ကြဘူး၊ ကျွန်မကိုယ်တိုင်လည်း ရေတောင်းဖူးတယ်၊ နောက်ဆုံး အသံဝင်သွားတဲ့အထိပဲ”

ကြားရတာ နားဝ မသက်သာတွေချည်းပဲ၊ ကျွန်မကိုယ်တိုင် အဆောင် ၇

တွင် ထိုအဖြစ်မျိုး ကြုံဖူး၏။ လူနာတွေက ရေငတ်လွန်းလို့ ရေတောင်း၏။ မစ္စဟတ်နှင့် အပေါင်းအပါ သူနာပြုများက ရေချိုးခန်းကို သော့ခတ်ထား၏။ လူနာတွေကို ရေငတ်ထား၏။ တော်ရုံတန်ရုံ စိတ်မနှံ့သူကို ဤအရူးထောင်သို့ ပို့လိုက်။ သွက်သွက်ခါအောင် ရူးသွားစေရမည်ဟု လုံးဝ အာမခံ၏။

■

အခန်း (၁၅)

အရှုးထောင်ဘဝ အတွေ့အကြုံ

အရူးထောင်ထဲတွင် ဝတ်ရသော အဝတ်အထည်များအားလုံးကို လူနာတွေကပင် ချုပ်လုပ်ရ၏။ သိပ်ပြီး စိတ်မဖောက်သောသူများကို ပြန်ခိုင်း၏။ တနေကုန် ချုပ်ရလုပ်ရ၏။ လုပ်အားခ တပြားမှမရ။ ဤအရူးထောင် ရောက်ပြီးမှ ပြန်ကောင်းလာ၍ အပြင်ရောက်သွားသော သူဟူ၍ အတော်ရှား၏။ မရှိသလောက်ဟုပင် ဆိုရမည်။

မိန်းကလေးတဦးကဆိုလျှင် ကျွန်မကို နံနက်တိုင်း ပြော၏။

“မနေ့ညက အမေ့ကို အိပ်မက်မက်တယ်၊ သူ ဒီနေ့ ကျွန်မကို လာခေါ်ပြီး အိမ်ပြန်ရမယ် ထင်တယ်နော်”

သူ ဤကဲ့သို့ပြောတာပင် လေးနှစ်ရှိပြီဟု ဆို၏။ နေ့စဉ်ပင် သူက လွတ်ရက် မျှော်နေဆဲ။

အရူးထောင်တွင် ထည့်ထားသော အရူးတွေ တကယ်တော့ သူတို့ကို ဘာမှမပြောခွင့်မရဘဲ နှုတ်ကို သော့ခတ်ပိတ်ဆို့ထား၏။ သူတို့ အသက်ရှင်နေကြ၏။ သို့သော် သူတို့ဘဝတွင် တစုံတခု ပျောက်နေကြ၏။ သော့ခတ် ဆို့ပိတ်ထားခြင်း ခံရသောသူတို့၏ နှုတ်ခမ်းများနောက်ကွယ်တွင် အိပ်မက်ကိုယ်စီ ရှိကြ၏။ ထိုအိပ်မက်သာမရှိလျှင် သူတို့ဘဝက ဗလာသက်သက်။

ဤဆေးရုံတွင် တက်နေသူ အများစုမှာ တကိုယ်တော် စကားပြောသူများဖြစ်၏။ သူတို့က ကိုယ်ပျောက်ပုဂ္ဂိုလ်များနှင့် စကားပြောနေသည်ဟု သာမန်လူများက ထင်ကြမည်။ တကယ်တော့ သူတို့စိတ်ထဲတွင် သူတို့ပတ်ဝန်းကျင်၌ လူတွေရှိကြသည်။ ထိုသူတို့နှင့် သူတို့ အပြန်အလှန် ပြောနေကြ၏။

ကျွန်မကို မည်သည့်အကြောင်းပြချက်မှ မပေးဘဲ အဆောင် ၇ ပြောင်းပေးကြ၏။ ထိုအဆောင်တွင် တကယ်ရူးသွပ်သူ (၆) ဦးနှင့်အတူ ကျွန်မ သော့ခတ်တံခါးပိတ်အခန်း၌ နေရ၏။ ၆ ဦးထဲမှ ၂ ဦးက တညလုံး မအိပ်ကြ။ တညလုံး စကားပြော၊ လမ်းလျှောက် ယောက်ယက်ခတ် နေကြ၏။ တခါကဆိုလျှင် ညဘက်တွင် ဟိုချောင်းဒီချောင်းလုပ်ကာ သူသတ်ချင်သည့်သူကို ရှာနေတတ်၏။ ကျွန်မလည်း သူက ရောယောင်သတ်သည့်အထဲ ပါမည်စိုး၍ အိပ်၍မရ။

လူလတ်ပိုင်းအရွယ်ရှိသည့် အမျိုးသမီးတဦးကတော့ ခုတင်ပေါ်မှာ မနေ။ အခန်းတခု၏ ထောင့်တွင် ငုတ်တုတ်ထိုင်ရင်း သတင်းစာဖတ်၏။ သူ့လက်ထဲမှာမူ သတင်းစာဖြတ်ပိုင်း တခုရှိ၏။ ထိုဖြတ်ပိုင်းကိုပင် မပြီးနိုင် မစီးနိုင် ထပ်တလဲလဲ ဖတ်၏။ အကြောင်းအရာကတော့ သူ့ပါးစပ်ထဲ ရှိသလို ကြုံရာ။ ကျွန်မက သူ သတင်းစာဖတ်တာ ငုတ်တုတ်ထိုင် နားထောင်ကြည့်၏။ တခါတလေ အလေးအနက်သမိုင်းတွေ သိရ၏။ တခါတရံကျတော့လည်း အချစ်ဇာတ်လမ်းတွေ။ ဘာပဲပြောပြော သူဖတ်တာက နားထောင်လို့ ကောင်း၏။

ကျွန်မ အထဲမှာရှိနေစဉ် လူနာတဦးထံ စာတစောင်လာသည်ကို ထူးထူးဆန်းဆန်း ကြုံရ၏။ အတော် စိတ်ဝင်စားစရာ ကောင်း၏။ လူနာတိုင်းသည် ပြင်ပကမ္ဘာမှ သတင်းအစအနကို မျှော်လင့်ကြသည်ချည်း။ ထိုစာကို ဝိုင်းဖတ်ကြ၏။ စာလက်ခံရသူမှာ အလွန်ပင် ကံကောင်းသူ ဖြစ်မည်။ သူ့ကို မေးခွန်းတွေ ရာနှင့်ချီပြီး ဝိုင်းမေးကြ၏။

ဧည့်သည်လာလျှင် ပျော်ကြ၏။ အဆောင် ၇ မှ မစ္စမက်တီမော်ဂန်သည် ဧည့်သည်တွေကို ကောင်းစွာ ဧည့်ခံတတ်၏။ သူက မည်သည့်ဧည့်သည် လာသည်ဖြစ်စေ သီချင်းဆိုပြ၏။ ကပြတတ်၏။ သူ့အသံက အတော်ကောင်း၏။ မူရင်း အဆိုကျော်တွေနှင့် အတော်တူအောင် ဆိုတတ်၏။ အကတွင်လည်း စည်းချက်ဝါးချက်ညီ၏။ သူ အကကောင်း၍ ဆရာဝန်များပင် သူနှင့်အတူ တွဲကသည်အထိ။

တနေ့ ကျွန်မတို့ ညစာစားဖို့ အောက်ထပ်အဆင်းတွင် မြေတိုက်နားမှ ခပ်မျှဉ်းမျှဉ်း ညည်းသံတခု ကြားရ၏။ လူတိုင်း သတိထားမိကြ၏။ မြေတိုက်ခန်းတွင် ကလေးတဦးရှိနေ၏။ ဤအရူးထောင်ရောက်မှ မွေးသောကလေး။ ထိုကလေးကိုပင် လူနာတွေက ဝိုင်းချစ်ကြ၏။ ထိုကလေး၏အနာဂတ်ကို ကျွန်မ မမှန်းဆ၊ မမျှော်လင့်ရဲ။

တနေ့တွင် ဧည့်သည်တဦးက ကလေးငယ်တဦးကို ခေါ်လာ၏။ ကလေးငါးဦး မွေးဖူးသူ မိခင်တဦးက သူ ဤကလေးကို ခဏလောက် ပွေ့ဖက်ချီပိုးလိုကြောင်း ပြော၏။ ဧည့်သည်က အရူးမတယောက်လက်ထဲ သူ့ကလေးကို မထည့်ဝံ့။ ထို့ကြောင့် လှည့်ပြန်သွား၏။ သားသည်မိခင်ခမျာ ပဋ္ဌာမြေလူး ငိုကြွေးရှာတော့၏။ နောက်ပိုင်းတွင် သူက စောင်ကို ကလေးလုပ်ပြီး တပွေ့ပွေ့ တပိုက်ပိုက် လုပ်နေ၏။ နို့တိုက်ချိန်တွင် ကလေးကို နို့တိုက်၏။ ရာသီဥတုကောင်းလျှင် လူနာတွေ တပတ်တခါ အပြင်ထွက်ရ၏။ ဆေးရုံဝင်းအတွင်း ပန်းခြံကြီးထဲတွင် လွှတ်ထား၏။ ပျော်လိုက်ကြတဲ့ဖြစ်ခြင်း၊ လွတ်လပ်မှု အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားကြရ၏။

“မဆိုးကြနဲ့နော်၊ ဆရာမတွေစကားကို နားထောင်၊ နားမထောင်ရင် တပတ်တခါ အပြင်ထွက်ခွင့် ပိတ်မယ်” ဟု ဆရာတွေပြောတော့ အားလုံး နားထောင်ကြ၏။

စိတ်နည်းနည်းပုံမှန်ရှိသူများကို ဖျာရက်ခိုင်း၏။ တနေကုန် ဖျာရက်ကြ၏။ လုပ်အားခတော့ တပြားမျှ မရကြ။

■

အခန်း (၁၆)

နောက်ဆုံး နှုတ်ဆက်ခြင်း

ပေါ်လင်မိုဆာကို အရှုးထောင်သို့ ခေါ်လာသောနေ့တွင် ကျွန်မတို့ ကြောက်စရာ အကောင်းဆုံးသော ငယ်သံပါသည့်အသံကြီးကို ကြားလိုက်ကြရ၏။ ပေါ်လင်က အိုင်းရစ်ချ်လူမျိုး ဖြစ်၏။ သူ့ခန္ဓာကိုယ်တွင် အဝတ်အစားက သိပ်မကပ်။ သူက အရက်မူးသမားတဦးပမာ ယိုင်ထိုးပြီး ခန်းမထဲရောက်လာ၏။

“ဟေး အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီကွ၊ ငါ လူယုတ်မာ လူစီဖာ၊ လူစီဖာ၊ လူစီဖာကို သတ်လိုက်ရပြီဟေ့”

ထိုဟစ်ကြွေးသံကို တကြိမ်ပြီး တကြိမ် အော်နေ၏။ ထို့နောက် သူ့လက်ထဲမှာ ဆုပ်လာသော ဆံပင်မွေးအချို့ကို ပြရင်း “ငါ လူယုတ်မာကို နှိမ်နင်းပြီးပြီ၊ သူ နောက်ဆုံးကျ ဘာမှမတတ်နိုင်တော့ဘူး” ဟုလည်း ထပ်အော်ပြန်၏။ အိုင်းရစ်ချ်ကောင်မလေး တနာရီလောက် သောင်းကျန်းချင်တိုင်း သောင်းကျန်းပြီးမှ ဒေါက်တာဒင် ရောက်ချလာ၏။ ထိုအခါ မစ်ဂရုပ်က ကောင်မလေးနား ကပ်ပြီး “ဟဲ့ တော်တော့၊ တကယ်သူရဲက ခုမှလာနေတာ” ဟု ပြောလိုက်၏။ အရူးက အရူးကို သတိပေးတာ ဒီတခါပဲ တွေ့ဖူးသေးသည်။ သို့သော် ဒေါက်တာဒင်ကို တကယ်သရဲအစစ်ဟု ခေါ်တာတော့ ကျွန်မ အတော်သဘောကျမိ၏။ ကောင်မလေးက “သြော်.... လူစီဖာလား” ဟု တချက်အော်ပြီး ငြိမ်သွားသည်။ ဆရာဝန်ထွက်သွားတော့ မစ်ဂရုပ်က နံရံပေါ်မှ အရိပ်တွေကို ပြပြီး သရဲတွေလာနေပြီဟု ခြောက်ပြန်၏။

“ဒါလား သရဲ၊ သေပေတော့” ဟု ကောင်မလေးက ထပ်ကြမ်းတော့မှ သူနာပြုနှစ်ယောက်က ဝိုင်းချုပ်ကြ၏။ ဆေးရုံကလူတွေကတော့ ကြမ်းချင်တိုင်းကြမ်းနေသော အရူးမလေးကိုပင် မျောက်ပွဲကြည့်သလို ကြည့်ပြီး ပွဲကျနေကြ၏။

ကျွန်မကတော့ ဆရာဝန်များနှင့်တွေ့တိုင်း ကျွန်မ မရူးဘူး၊ အိမ်ပြန်ပို့ပေးပါဟု တောင်းပန်မြဲ။ ဆရာဝန်တွေကလည်း ထိုသို့ ကျွန်မပြောလေ ကျွန်မကို အရူးတယောက် ထင်နေကြလေ။

“ရှင်တို့ဆရာဝန်တွေက အရူးနဲ့ အကောင်း မခွဲတတ်ဘဲ ဘာဖြစ်လို့ ဒီမှာ အလုပ် လာလုပ်နေကြတာလဲ”

ကျွန်မက နာမည်မမှတ်မိသော ဆရာဝန်တဦးကို မေးမိ၏။

"လူနာတွေကို ပြုစုစောင့်ရှောက်ဖို့ သူတို့ တကယ်ရူးသလား၊ မရူး သလား စစ်ဆေးဖို့ပေါ့" ဟု ဆရာဝန်က ပြန်ပြော၏။

"ဒါဆို ကောင်းပြီလေ၊ ဒီကျွန်းမှာ ဆရာဝန် ၁၆ ယောက်ရှိတယ်သာ ပြောတယ်၊ ကျွန်မ မြင်ဖူးတာဆို နှစ်ယောက်ပဲရှိတယ်၊ သူတို့ကလည်း လူနာတွေကို ဖေးဖေးမမ ကူညီ စောင့်ရှောက်တာ တခါမှမရှိဘူး၊ ဒီမှာ မနေပါရစေနဲ့၊ မရူးပါဘူးလို့ပြောတဲ့ လူတိုင်းကို ရှင်တို့က ရူးတယ်ထင်နေကြတော့ ကဲ... ဘယ်မှာလဲ ရှင်တို့ ပညာတွေ၊ ရှင်တို့ကမှ တကယ့်အရူးတွေ၊ အရူးမှန်း အကောင်းမှန်းတောင် မခွဲတတ်ဘဲ ဆရာဝန် လာလုပ်နေတာ အံ့ပါရဲ့၊ ကဲ ကျွန်မကို အကြိမ်ကြိမ် စစ်ပြီးပြီ၊ ရူးသလား၊ ကောင်းသလား ခုထိ မသိသေးဘူးလား၊ ကျွန်မရဲ့သွေးခုန်နှုန်းကို စမ်းလိုက်၊ နှလုံးခုန်တာကို စမ်းလိုက်၊ မျက်လုံးဖွဲ့ကြည့်၊ လက်ဆန့်တန်းခိုင်း၊ လက်ချောင်းလေးတွေ လှုပ်ခိုင်း၊ ဒါလောက်နဲ့ ရူးမှန်း မရူးမှန်း ဘယ်လို ဆုံးဖြတ်နေကြတာလဲ၊ တော်တော် စိတ်ကုန်စရာ ကောင်းပါလားနော်"

နောက်ဆရာဝန်တဦးကိုလည်း ကျွန်မ ပြောချလိုက်သည်။

"ရှင်တို့ ဒီအရူးထောင်မှာ လူကောင်းတွေကို မထားသင့်ဘူး၊ ကျွန်မက တကယ့်လူကောင်း၊ ကြိုက်သလို စစ်ကြည့်၊ မရူးရင် ပြန်လွှတ်တော့လေ၊ ဒီမှာရှိတဲ့ အမျိုးသမီး တော်တော်များများက လူကောင်းတွေရှင့်၊ သူတို့ကို ဘာဖြစ်လို့ လွတ်ငြိမ်းချမ်းသာခွင့် မပေးသေးတာလဲ"

"သူတို့က ရူးနေလို့ပေါ့ဟ၊ အရူးက သူ့ကိုယ်သူ ရူးတယ် ဘယ်ပြောမလဲ"

ဆရာဝန်က ပြန်ပြော၏။

ကျွန်မ ဒေါက်တာဒင်ဂရမ်နှင့် အကြာကြီး စကားပြော၏။

"ငါ မင်းကို ပိုမိုဆိတ်ငြိမ်တဲ့နေရာ ပို့ပေးပါ့မယ်" ဟု ပြော၏။ တနာရီလောက်ကြာတော့ မစ်ဂရက်ဒီက ခန်းမထဲသို့လာရန် ကျွန်မကို ခေါ်၏။

"ရှင့်ကို အဆောင်ပြောင်းပေးမယ်၊ ဒါပေမဲ့ အံ့သြစရာကောင်းတာက ရှင်က ရှင့်အကြောင်းသာ အကုန်မေ့ပြီဆိုပြီး ဘာမှပြန်မပြောတာ၊ ဒါပေမဲ့ ဆရာဝန်ကိုတော့ ရှင်က အများကြီး တောင်းဆိုတတ်တယ်နော်"

ထိုသို့ မစ်ဂရက်ဒီက ပြောပြီး ကျွန်မတို့ကို အဆောင် ၇ သို့ ပြောင်းပေးလိုက်သည်။

အဆောင် ၇ တွင် မစ္စစ်ခရိုနာ၊ မစ္စဖစ်ပက်ထရစ်၊ မစ်ဖင်နီ၊ မစ္စဟာတ်တို့ရှိ၏။ ဤအဆောင်တွင် အောက်ထပ်ခန်းလောက်တော့ ရက်စက်ကြမ်းကြုတ်သော ဆက်ဆံမှုများကို မကြုံရ။ သို့သော် ဆဲရေးတိုင်းထွာမှု၊ ခြိမ်းခြောက်မှုတွေကိုတော့ ကြုံရဆဲ။ ခပ်ကြမ်းကြမ်း လူနာတွေကို လက်လှန်ချိုးတာတို့၊ ပါးရိုက်တာတို့တော့ လုပ်ကြစမြဲ။ ညဘက် တာဝန်ကျသော မစ္စခရေ့စ်ဆိုသူ သူနာပြုကား တော်တော်စိတ်တိုတတ်သည်။ သူ့ပြောစကား နားမထောင်လျှင် ထိုလူနာကို အဝတ်အစားတွေ ချွတ်ပြီး ဒဏ်ပေးတတ်၏။ ကျွန်မကတော့ စည်းကမ်းလည်း မဖောက်၊ ခပ်ငြိမ်ငြိမ်လည်း နေသဖြင့် သူနှင့် ပြဿနာမဖြစ်ခဲ့။

ထိုအဆောင်တွင် ပထမဆုံး ကျွန်မနှင့်ဆုံရသော ဆရာဝန်က ဒေါက်တာကောလ်ဒဝယ်လ် ဖြစ်၏။ သူက ကျွန်မနေရပ်ကို မေးရာ မပြောသဖြင့် ကျွန်မ၏မေးစေ့ကို သူက ဖျစ်ညှစ်ပြီး အားမလို အားမရ အမူအရာပြ၏။ ကျွန်မက သူ အင်္ဂလိပ်လိုမေးတာကို စပိန်ဘာသာဖြင့်သာ ပြန်ပြော၏။

အဆောင် ၇ က သိပ်တော့ မဆိုးလှ၊ အဆောင်ထဲတွင် ဈေးခပ်ပေါပေါ ပန်းချီကားတချို့ ချိတ်ထား၏။ စန္ဒရားတလုံးလည်း ရှိသည်။ ထိုစန္ဒရားကို ဒိုင်ခံတီးသူက မစ္စမက်တီမော်ဂန်။ သူက မြို့ထဲမှ ဂီတဆိုင်တခုတွင် အလုပ်လုပ်ဖူးသည် ဆို၏။ သူက လူနာတော်တော်များများကို သီချင်းဆို လေ့ကျင့်ပေး၏။ တချို့လူနာတွေဆိုလျှင် သူသင်ပေး၍ တော်တော် အဆိုနပ်နေကြပြီ။ နောက် စန္ဒရားဆရာမတဦးက ပိုလန်လူမျိုးကောင်မလေး အန်ဒါဖြစ်၏။ သူ့အမည်ကို ဝမ်ဒါဟု အသံထွက် ခေါ်ကြ၏။ သူကလည်း ပါရမီ စန္ဒရားဆရာမတဦး ဖြစ်၏။ တော်တော် ခက်ခက်ခဲခဲ ဂန္ထဝင် သီချင်းကြီး သီချင်းခန့်များကိုပင် သူက ပိုင်ပိုင်နိုင်နိုင် တီးတတ်၏။

တနင်္ဂနွေနေ့တွင် စိတ်သိပ်မဖောက်သော လူနာများကို ဘုရားရှိခိုးကျောင်း သွားခွင့်ပြု၏။ ကျွန်းပေါ်တွင် ကက်သလစ်ဘုရားရှိခိုးကျောင်း ရှိ၏။ တပတ်အတွင်း အပြစ်မလုပ်သူများစာရင်းကို ကျောက်သင်ပုန်းပေါ်တွင် ရေးထား၏။ ထိုသူများ ဘုရားကျောင်း တက်ခွင့်ရ၏။ ကျွန်မတို့က စာမေးပွဲ အောင်စာရင်းကြည့်သလို ထိုကျောက်သင်ပုန်းပေါ်တွင် မိမိနာမည် ပါ မပါ ကြည့်ကြရ၏။

တနေ့တွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ရောက်လာကာ မစ္စတာဒင်နှင့် အတူ ဆေးရုံကို လှည့်ပတ်ကြည့်၏။ မြေတိုက်ခန်းတွင် သူနာပြုဆရာမတဝက် ညစာစားတုန်း၊ တဝက်က လူနာတွေကို ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်ပုံကို ပြ၏။ လူနာတွေကို ကျွေးသောအစားအစာက ထိုနေ့တွင် သိပ်မဆိုးလှ။

“နေ့တိုင်း ဒီလို ကျွေးသလား” ဟု အုပ်ချုပ်ရေးမှူးက မေးရာ “တခါတလေ ဒီထက်တောင် စားကောင်းသောက်ဖွယ်တွေ ကျွေးပါတယ်” ဟု တာဝန်ရှိသူများက

ဖြေကြ၏။ လူနာအချို့ကတော့ ဟင်းမှာ ဆားမပါကြောင်း ပြောဆိုကြ၏။ သို့သော် သူနာပြုဆရာမများက မျက်စောင်းခဲ ကြည့်နေကြသဖြင့် မပြောရဲကြ။

ဘလက်ဝဲလ်ကျွန်းမှ အရူးထောင်ကား လူသား ကြွက်ထောင်ချောက် ဖြစ်၏။ အဝင်ရ လွယ်သည်၊ သို့သော် အထွက်ကား အလွန်ခက်၏။ ကျွန်မလည်း ခုတော့ စိုးရိမ်လာ၏။ အထဲရောက်ပြီးသော ကျွန်မ ယခု အထွက်ခက်နေပါမည်လား။ ကျွန်မက မရူးပါဟု ပြောလေလေ သူတို့က ကျွန်မကို ရူးတယ် ထင်လေလေဆိုတော့ ဤနည်းကိုကား ဆက်မသုံးချင်တော့။ အခြားနည်းတမျိုး လှည့်သုံးကာ လွတ်လမ်း ရှာတော့မည်။

ထိုအချိန်တွင် သတင်းတခု ကြားရ၏။ ရှေ့နေဖြစ်သူ ပီတာ အေဟင်ဒရစ်က ဆေးရုံ ရောက်လာကာ ကျွန်မမိတ်ဆွေများက ကျွန်မကို လာတွေ့ကာ လွတ်မြောက်ဖို့ လုပ်ပေးမည်ဆိုသော သတင်း။ ကျွန်မက ရောက်လျှင်ရောက်ချင်း အစားအသောက်အချို့ ယူခဲ့ရန် မှာကြားလိုက်၏။ ထို့နောက် ကျွန်မ လွတ်ရက်ကို စောင့်မျှော်နေလိုက်၏။

တနေ့ ကျွန်မတို့ လမ်းလျှောက်နေစဉ် လူနာတဦး မတ်တတ်မှ ရုပ်သေးကြိုးပြတ် ပုံလဲကျသွားသည်ကို တွေ့ရ၏။ ကျွန်မက သူ့ကို ဆွဲထူလည်း သူက သတိမရတော့။ ဆရာမတွေ အကူအညီ တောင်းကာ အတော်နှာနှပ်ယူမှ သတိလည်လာ၏။ လူနာအမည်က ပေါ်လင်မိုဆာ။ သူက အတော် အားပြတ်နေပြီ။ ကျွန်မကို သူက အကူအညီတောင်း၏။ သူ့ကို ကယ်ပါတဲ့။ ကျွန်မ ဘာမှပြန်မပြောနိုင်။ ကျွန်မက မကြာခင် အပြင်ထွက်ရတော့မည့်အကြောင်း သူ့ကို မပြောရက်။ စိတ်ထဲကသာ သူ့ကို နှုတ်ဆက်လိုက်၏။ ထို့နောက် သူ့လက်ချောင်းလေးများကို အသာအယာယူကာ ဖွဖွလေး နမ်းလိုက်၏။

ကျွန်မက ဆေးရုံကြီး၏ မင်္ဂလာကင်းမဲ့သောပတ်ဝန်းကျင်ကို တချက် ဝေ့ဝိုက်ကြည့်လိုက်၏။ ကျွန်မကတော့ မကြာခင် လွတ်မြောက်တော့မည်။ ကံဆိုးသူအများစုကား ကျန်ရစ်ကြဦးမှာ။ သူတို့၏ အနာဂတ်ကို မည်သို့မျှ ကြိုပြော၍မရ။

တကယ်ခွဲရမှာကျတော့ ကျွန်မ ရင်နင့်နေ၏။ သူတို့ကို ထားရစ်ကာ တကိုယ်ကောင်းဆန်စွာ ကျွန်မသွားရတာ တရားမျှတပါသလား။ သို့သော် ကျွန်မက စိတ်မနှံ့သူမဟုတ်။ ကျွန်မက တာဝန်နှင့်လာသူ။

ကျွန်မရှေ့နေနှင့် ကျွန်မမိတ်ဆွေများကျေးဇူးဖြင့် ကျွန်မ ထွက်လာခဲ့ရပြီ။

ယခုပင် သင်္ဘောက မြစ်ကို ဖြတ်ကူးပြီး မကြာခင် နယူးယောက်ကို ရောက်တော့မည်။ ဘလက်ဝဲလ်ကျွန်း အရူးထောင်တွင် ဆယ်ရက်ကြာ နေခဲ့ရာမှ

ကျွန်မ ယခု လွတ်လပ်သည့် မိန်းကလေး ပြန်ဖြစ်တော့မည်။

■

အခန်း (၁၇)

ဂျူရီလူကြီး၏ စုံစမ်းစစ်ဆေးမှု

ကျွန်မ ဘလက်ဝဲလ်ကျွန်း အရှုးထောင်ကို နှုတ်ဆက်ထွက်ခွာလာခဲ့ရပြီ။ သို့သော် မရှုးပါဘဲလျက် အရှုးထောင်သို့ လိမ်ညာလှည့်ဖြားကာ သွားနေခဲ့ခြင်းကား အပြစ်တစုံတရာရှိ၏။ ထို့ကြောင့် ကျွန်မ တရားရုံးတွင် ရင်ဆိုင်ရ၏။ ကျွန်မက ကျွန်မ၏ရည်ရွယ်ချက်ကို တင်ပြရ၏။ အရှုးထောင်ထဲတွင် ပြုမူဆက်ဆံ ကျွေးမွေးကုသပုံများကို ကျွန်မ အရင်းအတိုင်း သိခဲ့ပြီ။ သက်ဆိုင်ရာသို့ ကျွန်မ အထောက်အထားတွေနှင့် တင်ပြမည်။ ပြုပြင်စရာရှိ ပြုပြင်နိုင်လျှင် ပိုမိုကောင်းမွန်သော စိတ်ရောဂါကုဆေးရုံ ဖြစ်လာမည်။

ကျွန်မ၏ မူလရည်မှန်းချက်ကို အမှန်အတိုင်း ထွက်ဆို အစစ်ခံ၏။ ကျွန်မကို စစ်ဆေးရာ အခန်းတွင် ပထမ ထား၏။ ခရိုင်တရားသူကြီး ပါဒွန် ဘမ်ဒေးဗီးနစ်က စတင်စစ်ဆေး၏။ ကျွန်မကို ထိုအရှုးထောင်သို့ သူတို့နှင့်အတူ လိုက်ပါပြသရန် ပြော၏။ ကျွန်မက လိုက်ပြမည်ဟု သဘောတူလိုက်သည်။

ထိုဆေးရုံသို့ အလှူငွေ ထည့်ဝင် လှူဒါန်းသူအချို့၊ အုပ်ချုပ်ရေးမှူးအဖွဲ့မှ တာဝန်ရှိသူ၊ ကျန်းမာရေးဌာနမှ ဆရာဝန်ကြီး ဒေါက်တာမက်ဒေါ်နယ် အပါအဝင် ကျွန်မတို့အုပ်စု ကျွန်းသို့ သွားကြ၏။ ထိုကျွန်းသို့ ကျွန်မတို့လာမည့်အကြောင်း တနာရီမျှသာ ကြိုတင်အသိပေးခဲ့၏။

ယခုတခေါက် ကျွန်းသို့သွားသောခရီးမှာ ယခင် ပထမအခေါက်နှင့် လုံးဝခြားနား၏။ ယခု ကျွန်မတို့စီးရသော သင်္ဘောက သန့်ရှင်းသပ်ရပ်သော သင်္ဘောအသစ်၊ ကျွန်မကို အရှုးတယောက် အဖြစ် ကျွဲတွေ နွားတွေ တင်သလို ခေါ်သွားသော သင်္ဘောနှင့်ကား ဆီနှင့်ရေလို ကွာခြား၏။

ဆေးရုံရောက်တော့ သူနာပြုဆရာမအချို့ကို စစ်ဆေး၏။ အချို့က အမှန်အတိုင်း အစစ်ခံ၏။ အချို့ကား ဝေ့လည်ကြောင်ပတ် ဖြေကြ၏။ ဒေါက်တာဒင်ကတော့ သတ္တိရှိသည်ဟုပင် ဆိုရမည်။ လူနာတွေကို ရေအေးဖြင့် ချိုးခိုင်းသည်မှာ မှန်ကြောင်း၊ အနွေးဓာတ် မပေးကြောင်း၊ အစားအစာ ညံ့ဖျင်းကြောင်း၊ ဒါတွေက ရန်ပုံငွေ မလုံလောက်၍ ဖြစ်ကြောင်း၊ ရန်ပုံငွေနှင့် အလှူများများရပါက ဒါမျိုးမဖြစ်စေရပါဟု သူက အဖြောင့်အတိုင်း ထွက်ဆို၏။

သူနာပြုအချို့၏ ရက်စက်ကြမ်းကြုတ်မှုများကိုတော့ သူသာသိလျှင်

အရေးယူမည် ဖြစ်ကြောင်း၊ ယခုလည်း သိရှိပြီဖြစ်၍ ထိုက်သင့်သော အရေးယူမှုများ လုပ်ဆောင်မည်ဟု သူက ကတိပေး၏။

"ဒီကျွန်းမှာလာပြီး တာဝန်ထမ်းဆောင်ချင်တဲ့သူ ရှားတယ်လေ၊ ဒါ့ကြောင့် လူရွေးခန့်ဖို့ မရဘူး၊ လစာနဲ့ အခွင့်အရေး ကောင်းကောင်းပေးရင် လူကောင်းတွေ၊ ဆရာဝန်ကောင်း၊ သူနာပြုကောင်းတွေ ရမှာပေါ့၊ ခုတော့ ကြုံရာလူပဲ ခန့်ရလို့ အဆင်မပြေတာတွေ ရှိနေတာပါ" ဟုလည်း ပြော၏။

"ခုလို ကျွန်တော်တို့ ဆေးရုံကြီးအကြောင်း အမှန်အတိုင်း သိသွားကြတော့ ကျွန်တော် ကျေးဇူးတင်ပါတယ်၊ နောက်ဆိုရင် အမှားအယွင်း နည်းနိုင်သမျှနည်းအောင် ကြိုးစားပါ့မယ်၊ မကြာသေးခင်ကပဲ လူနာတွေအပေါ် ကြမ်းကြုတ်ရက်စက်စွာ ဆက်ဆံတဲ့ သူနာပြုတယောက်ကို ကျွန်တော် အလုပ်ထုတ်ပြီးပါပြီ" ဟု သူက ရှင်းပြ၏။

မစ္စဘင်နမီးကို ခေါ်တွေ့၏။ သူ့ကို ဆေးဝါးကုသမှု မပြုခဲ့ကြသဖြင့် ယခု သေလုမျောပါး ဖြစ်နေရှာ၏။ ယခုတော့ သူ့ကို ဆေးရုံပို့ကာ ကောင်းစွာ ကုသပေးဖို့ တာဝန်ယူကြ၏။ သူက တကယ်တော့ စိတ်မူမမှန်သူ မဟုတ်တာကို တွေ့သွားကြ၍ နေထိုင်ကောင်းလျှင် သူ့အတွက် တခုခု စီစဉ်ပေးကြမည် ဆို၏။

သူကလည်း သူ သိသမျှ ပြောပြ၏။

"ကျွန်မနဲ့ မစ္စဘရောင်း ဒီကိုရောက်နေတဲ့အချိန်မှာ သူနာပြုတွေက ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံပါတယ်၊ အစားအစာကလည်း စားလို့ မရနိုင်လောက်အောင် ဆိုးပါတယ်၊ အနွေးထည်လည်း မလုံလောက်ပါဘူး၊ အဝတ်တွေဆို တလမှ တခါ လဲပေးပါတယ်၊ ရေအေးနဲ့ ချိုးရတယ်၊ စောင်လည်း မလုံလောက်ဘူး၊ မစ္စဘရောင်းက အကုန်တင်ပြ တောင်းဆိုပါတယ်၊ တခုမှ မရခဲ့ပါဘူး၊ ဒါပေမဲ့ မစ္စဘရောင်းလည်း ဒီကလွတ်သွားရော အစစ အရာရာ ဆက်ဆံရေး ကောင်းလာတယ်၊ အဝတ်အထည်ရော၊ စောင်တွေရော လုံလုံလောက်လောက် ပေးတယ်၊ ဆရာဝန်တွေလည်း မကြာမကြာ လာကြည့်ပါတယ်၊ အစားအစာလည်း တော်တော် ကောင်းလာပါတယ်"

စစ်ဆေးသူများက မီးဖိုချောင် ဝင်ကြည့်၏။ သန့်လို့ပြန်လို့။ ဆား အပြည့်ထည့်ထားသော အိုးကြီးနှစ်လုံးကို တံခါးဝအနီးတွင် တွေ့ရ၏။ ကျွေးသောပေါင်မုန့်တွေက ဖြူဖြူဖွေးဖွေး၊ လတ်လတ်ဆတ်ဆတ်။

အဆောင်တွေကို လှည့်ပတ်ကြည့်ရှုကြ၏။ သန့်ရှင်းသပ်ရပ်လို့၊ ခုတင်တွေပေါ်မှာ မွေ့ရာတွေ ဘာတွေနှင့် ရေချိုးခန်းမှ ရေစည်များလည်း သန့်ရှင်းနေ၏။

ကျွန်မ ယခင်ကတွေ့ခဲ့သော အရှုံးထောင် မဟုတ်တော့။ ခုမှ စိတ်ရောဂါကုဆေးရုံ ပီသလာ၏။

ကျွန်မနှင့် ယခင်က ဆုံဖူးသော လူနာအချို့ကား မရှိတော့။

စိတ်မှုမမှန် မဟုတ်ကြောင်း ကျွန်မနှင့် စကားပြောရင်း သိလာရသော မေရီဟူး(စ်)ကို မတွေ့ရ။ သူ့ကို ဆွေမျိုးတွေက လာခေါ်သွားကြပြီတဲ့။ ဘယ်ကိုခေါ်သွားသလဲတော့ မေးမရ။ မက်ဆီကို အမျိုးသမီးလည်း ရှာမတွေ့၊ မစ္စစ်ဘော်တာက ဆေးရုံမှ ဆင်းသွားပြီဟု ပြော၏။ ဘရစ်ဂျက် မက်ဂင်းနက်စ်နှင့် ရီဘက်ကာဖာရွန်တို့ကာ အခြားဆေးရုံ ပြောင်းသွားကြ။ ဂျာမန်ကောင်မလေး မာဂရက်သတင်း မေးမရ။ လူစီလည်း အဆောင် ၆ မှာ မရှိတော့။ လေဖြတ်ထားသော ပြင်သစ်မ ဂျိုမက်ဖင်လည်း အဆောင် ၆ မှာ မတွေ့ရ။ သနားစရာ တီလီမေယတ်ကား ယခု သွက်သွက်ခါအောင် ရူးနေရှာပြီ။

သူတို့အတွက် ကျွန်မ စိတ်မကောင်း။ သို့သော် ကျွန်မ၏လုပ်ဆောင်ချက် အရာထင်သည်ကား ဤဆေးရုံသို့ ထောက်ပံ့ကြေး ဒေါ်လာတသိန်း ပိုပေးမည်ဟူသော သတင်းကို ကျွန်မ သိခဲ့ရခြင်းပင် ဖြစ်၏။

■

စာရေးသူ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ဦးမောင်မောင်ဦးဖြစ်ပြီး ၂၁-၁၁-၁၉၄၈ ခုနှစ်တွင် အဘ ဦးမောင်မောင်၊ အမိ ဒေါ်မြင့်မြင့်တို့မှ ရန်ကုန်မြို့တွင် မွေးဖွားခဲ့ပါသည်။ လေဒီပေါ်ဖွန်းကျောင်းတွင် သူငယ်တန်း၊ ဘောင်ဒရီ အလွတ်ပညာသင်ကျောင်းတွင် အလယ်တန်း၊ ၈ တန်း၊ ၉ တန်းကို ခရစ်ယာန် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းကို ဗဟို (စံပြ) အထက်တန်းတွင် တက်ရောက် အောင်မြင်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်မှ B.Sc., Dip.Lib, D.w.S ဘွဲ့များကို ရရှိခဲ့သည်။ စိုက်ပျိုးရေးတက္ကသိုလ်တွင် စာကြည့်တိုက်မှူး၊ နိုင်ငံပညာရေး သုတေသနအဖွဲ့တွင် သုတေသန အရာရှိ တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်မှစ၍ ပေါ်ပြူလာဂျာနယ် အယ်ဒီတာချုပ်နှင့် Asia Fame Media Company ၏ ဒုတိယဥက္ကဋ္ဌ တာဝန်များကို ၁၆ နှစ် ထမ်းဆောင်ခဲ့သည်။

၁၉၆၅ ခုနှစ်စ၍ စာပေများ ရေးသားခဲ့ရာ ယခုအချိန်ထိ ဆောင်းပါးပေါင်း ၄၀၀၀ ကျော်နှင့် လုံးချင်းစာအုပ် ၁၇၁ အုပ် ရေးသားထုတ်ဝေပြီးဖြစ်သည်။ ထိုစာအုပ်များအနက်မှ တတိယကမ္ဘာမှ ပထမကမ္ဘာသို့ (အမျိုးသားစာပေဆု - ၂၀၀၃)၊ အရှေ့လေ လွှမ်းသောအခါ (သုတစွယ်စုံ စာပေဆု - ၂၀၁၄)၊ တရုတ်-အိန္ဒိယဆုံမှတ် (ဘုန်းမော်စာပေဆု၊ နိုင်ငံရေး ၂၀၁၅) (ထွန်းဖောင်ဒေးရှင်း သုတပဒေသာဆု -၂၀၁၅)၊ ကျမ မာလာလာ (အမျိုးသားစာပေဆု - ၂၀၁၅)၊ ရေထဲမှာလူ လူထဲမှာရေ (သုတစွယ်စုံစာပေ ဆု -၂၀၁၈) တို့ကို ရရှိခဲ့သည်။

စာနယ်ဇင်းသင်တန်းများကို နိုင်ငံခြားသတင်းစာဆရာအသင်း UNICEF (ရန်ကုန်)၊ IMCC တက္ကသိုလ်(အိန္ဒိယ)၊ Amsar တက္ကသိုလ်(ထိုင်း)၊ ဂိုလ်ဒါမေယာ တက္ကသိုလ် (အစ္စရေး) တို့တွင် တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၉ ကြိမ်၊ အိန္ဒိယနိုင်ငံ ၃ ကြိမ်နှင့် ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ နီပေါ၊ သြစတေးလျနိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည်။

လူမှုရေးအသင်းအဖွဲ့များနေနှင့် မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်း (ဗဟိုကော်မတီဝင်)၊ မြန်မာနိုင်ငံ ကင်းထောက်အသင်း (ဗဟိုကော်မတီဝင်)၊ ပြေတီဦးပညာရေးဖောင်ဒေးရှင်း (ဗဟိုကော်မတီဝင်)၊ မြန်မာစာရေးဆရာကလပ် (ဗဟိုကော်မတီဝင်)၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ (ဗဟိုကော်မတီဝင်)၊ စာပေဗိမာန်ဆု ရွေးချယ်ရေးအဖွဲ့ (ဗဟိုကော်မတီဝင်)၊ မြန်မာဘာသာပြန်ကွန်ရက်

(ဒု-ဥက္ကဋ္ဌ)၊ မြန်မာဝီကီပီးဒီးယားအဖွဲ့ (ဥက္ကဋ္ဌ) တာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

လက်ရှိတွင် ရွှေသံလွင်မီဒီယာကုမ္ပဏီ၊ Sky Net ရုပ်သံ၏ One News Channel တွင် အထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR